www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃
ပညာဒီပ
သွေးတာရာနှင့် မရဏကြေမှာ / ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ



ထုတ်ဝေခွင့်ပြုချက်အမှတ် ၅၀၀၇၇၆၀၅၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၆၄၀၉၁၁။
ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉၅၀ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (ဖေဖော်ဝါရီလ)၊

## (စာရေးသူဝန်ခံချက်)

ကျမ်းဝတ္ထုတွင် ပါဝင်သော သင်္ကေတ အမှတ်အသားများမှာ ဆရာစံဇာဂနီဘိုတို၏ "လောကီအမှတ်သင်္ကေတများ" စာအုပ်မှ အချက် အလက်အချို့ဖြစ်ပါတယ်။

(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

❀ နေ့စဉ်နှင့်အမျှ ကောင်းမှုဖြစ်စေသော
အရာအချို့သည်...သင့်အနားသို့
ရောက်လာသော်လည်း သတိမပြုမိပေ။
မကောင်းမှု ဖြစ်စေနိုင်သော
အရာအချို့ရောက်လာသောအခါ
လက်ခံချင်သည့်စိတ်က
ချက်ချင်းရောက်လာတတ်သည်။

❀ အကြံဉာဏ်ကောင်းတစ်ခုကို
လွယ်လွယ်ရသည့်အခါ မလိုချင်သူသည်
ကြီးမားစွာ ပေးဆပ်ရသော
နောင်တတရားကို မလိုချင်ဘဲ ရပေလိမ့်မည်။

❀ လျှာဖျားပေါ်မှ
ဖြတ်သန်းသွားသော ချိုမြသည့် ပျားရည်သည်
ဝမ်းထဲမှာ ရှိသော
ခါးသီးလှသည့် သည်းခြေကို အားဖြစ်စေသည်။

BURMESE CLASSIC

# ( ဒဿနလက်ဆောင် )

❀ အကယ်၍ သင်သည်
လူကောင်းတစ်ယောက်နှင့်
ရန်သူဖြစ်သွားသော်လည်း စိုးရိမ်စရာ မရှိပါ။
ရန်သူတစ်ယောက်နှင့်
မိတ်ဆွေဖြစ်ခဲ့လျှင်တော့
တစ်သက်လုံး စိုးရိမ်ပူပန်မှုများဖြင့်
နေရပေလိမ့်မည်။

❀ အလှအပဆိုတာ
ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အရာပင်ဖြစ်၏။
မစ္ဆရိယ မျက်လုံးဖြင့် ကြည့်လျှင်
မည်သည့်အရာမှ လှပမည် မဟုတ်ပေ။

❀ ပြုံးနေသူအတွက်
နောက်ထပ်ရယ်မောဖို့အတွက် မခက်ခဲပေ။
အစွမ်းကုန် ရယ်မောပြီးလျှင်တော့
နောက်ထပ်ရယ်မောနိုင်တော့မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿယနလက်ဆောင် )

❋ ချစ်ခြင်းမေတ္တာကို
အနီးဆုံး ကပ်ကြည့်လျှင်
သေသေချာချာ မမြင်နိုင်သလို
အဝေးဆုံးမှာ ထားပြန်တော့လည်း
သဲသဲကွဲကွဲ မြင်နိုင်တော့မည် မဟုတ်ပေ၊

❋ မိမိနံဘေးမှာ ရှိနေသော
ဘဝခရီးဖော်၏အရည်အချင်းများကို
အတူရှိနေစဉ်က မသိသာသော်လည်း
သူ မရှိတော့မှ
တဖြည်းဖြည်းနှင့် သိလာရပေသည်၊

❋ လမ်းခရီးမှာ အဖော်မရှိလျှင်
သီချင်းဆိုသွားနိုင်ပါသည်၊
ဘဝခရီးလမ်းမှာ အဖော်ကောင်း မပါလျှင်တော့
အမှားအယွင်း များနိုင်ပါသည်၊



## အခန်း (၁)

## မရဏာတားများ လေလံပွဲမှ ရရှိခြင်း

မေရုသကမြို့သည် ဈေးဟောင်းမြို့တော် မဟုတ်စေကာမူ ဈေးဟောင်းပစ္စည်းများ ပေါများသည့် နေရာတစ်နေရာဖြစ်သည်။

နီပေါနိုင်ငံ နယ်နိမိတ်အတွင်း၌ ပါဝင်ပြီး တောတောင်သဘာဝ ရေမြေကောင်းသော နေရာလည်း ဖြစ်သည်။

အများအားဖြင့်တော့ တောင်စဉ်တောင်တန်းကြီးများက ဝန်းရံထားလေသည်။

နီပေါနိုင်ငံသည် တရုတ်၊ တိဘက်၊ အိန္ဒိယ၊ ဘူတန်၊ မြန်မာ နိုင်ငံတို့ ဝန်းရံနေသောအလယ်တွင် ရှိနေသောကြောင့် ဈေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှု ထွန်းကားသောနေရာဆိုလည်း မမှားပေ။

မေရှသကမြို့သည် နီပေါနိုင်ငံ နယ်နိမိတ်အတွင်း၌ ပါဝင်ပြီး အနောက်မြောက်ယွန်းယွန်းနေရာလောက်တွင် တည်ရှိလေသည်။

ရှေးနှစ်ပေါင်းများစွာက မြတ်စွာဘုရား အလောင်းတော် ဖွားမြင်ရာဒေသဖြစ်သော လုမ္ဗနီမှာ အိန္ဒိယပိုင် နယ်နိမိတ်အတွင်းမှာ ပါဝင်ခဲ့သော်လည်း အိန္ဒိယကို နယ်ချဲ့မျက်နှာဖြူများသိမ်းပိုက်ခဲ့ပြီးနောက်ပိုင်းတွင် လုမ္ဗနီဒေသကို နီပေါအစိုးရပိုင် နယ်မြေအဖြစ် လက်အောက်ထည့်သွင်းပေးခဲ့လေသည်။

လုမ္ဗနီ နယ်နိမိတ်ပါ ပါဝင်လာသောကြောင့် နီပေါနိုင်ငံမှာ ရှေးဟောင်းဒေသတစ်ခုအဖြစ် ပိုမိုထင်ရှားလာခဲ့လေသည်။

ထို့ပြင် နီပေါနိုင်ငံ၏မြို့တော်ဖြစ်သည့် ခတ္တမန္ဒူမြို့တော်မှာပင် ရှေးဟောင်းအဆောက်အဦးများစွာ ရှိကြပေသည်။

နီပေါနိုင်ငံအတွင်း၌ ရှိကြသော မြို့တော် အတော်များများမှာ ရှေးဟောင်းမြို့တော်များကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

နီပေါနိုင်ငံ၏မြို့တော် ခတ္တမန္ဒူ(ကတ္တမန္ဒူဟုလည်း ခေါ်ဝေါ်ကြသည်)တွင် အခြားဘာသာရေးနှင့် သက်ဆိုင်သော ဘုရားပုထိုးအဆောက်အဦးများ ရှိသလို ကောဏ္ဍည နက္ခတ်တာရာ ခန်းမဆောင်ကြီးတစ်ခုလည်း ရှိလေသည်။

ကောဏ္ဍည နက္ခတ်တာရာ ခန်းမဆောင်မှာ ပညာရပ်များနှင့် သက်ဆိုင်ရာ ဂုဏ်သတင်း ကျော်ကြားလှသော နေရာတစ်နေရာလည်း ဖြစ်သည်။

၎င်းနက္ခတ်တာရာပြခန်းတွင် နက္ခတ်ပညာရှင်များ အလှည့်ကျတာဝန်ယူကြရပြီး ထိုနေရာမှ ထုတ်ပြန်ပေးသော အနာဂတ် ဟောကိန်း





များကို တစ်ကမ္ဘာလုံးမှ စိတ်ဝင်စားကြလေသည်။

တစ်ကမ္ဘာလုံး နေရာအနှံ့အပြားတွင် ကြုံတွေ့ရမည့်အပြောင်းအလဲများ၊ ဘေးအန္တရာယ်ဆိုးများ၊ မိုးသက်မုန်တိုင်းနှင့် ဆူနာမီလှိုင်းကြီးများ၊ ကြောက်မက်ဖွယ်ကောင်းသော မြေငလျင်ကြီးများ၊ မီးတောင်ပေါက်ကွဲမှု တောမီးများ၊ လောင်ကျွမ်းမှုများအပြင် သဘာဝ ဘေးအန္တရာယ်ဆိုးများအကြောင်းကို နက္ခတ်ပညာရှင်တို့က ကောင်းကင်ပေါ်မှ နက္ခတ်တာရာများ အပြောင်းအလဲများကို ကြည့်ပြီး အခြေအနေများကို ထုတ်ပြန်ပေးလေ့ရှိသည်။

အချို့နိုင်ငံကြီးများအတွက် စစ်ရေးစစ်ရာနှင့် ပတ်သက်သည့် ကြိုတင်ဟောကိန်းများမှာ များစွာတန်ဖိုးရှိလေသည်။

တစ်ချိန်က ထိုနက္ခတ်တာရာပြခန်းတွင် နက္ခတ်ပညာရှင် ဆရာကြီး ရောဟဏီ ရှိခဲ့ပြီး များစွာနာမည်ဂုဏ်သတင်း ကျော်ကြားမှု ရှိလေသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်အချိန်က ခတ္တမန္ဒူမြို့တွင် ထူးခြားသော အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့လေသည်။

ထိုအချိန်က ကောင်းကင်ပြင်တွင် ထူးခြားသော နက္ခတ်တာရာ အပြောင်းအလဲအချို့ ဖြစ်ပေါ်ခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ရောဟနီနက္ခတ်က လအပေါ်သို့ ရောက်သွားပြီး မရဏာဝိညာဉ်တာရာက ၎င်းတို့အတွင်းသို့ ရောက်သွားကာ သုံးပွင့်ဆိုင် တြိဂံအနေအထားမျိုး ဖြစ်ခဲ့ဖူးသည်။

ထိုအချိန်တွင် ခတ္တမန္ဒူမြို့စားတွင် သားတစ်ယောက် မွေးဖွားခဲ့သည်။

၎င်းမှာ မရဏာဝိညာဉ်တာရာရှင်ဟု အများက ယူဆထားသော



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါလပင်ဖြစ်သည်။

သိင်္ဂါလ မွေးဖွားခဲ့ပြီးသည့်နောက်ပိုင်းမှာ ၎င်းနှင့် ပတ်သက်သော လူများစွာတို့ ဘေးအန္တရာယ်ဆိုးများနှင့် တွေ့ကာ သေဆုံးကြရလေသည်။

နောက်ဆုံး ဖခင်မြို့စားနှင့် နက္ခတ်ပညာရှင်ကြီး ရောဟကီပါ သေဆုံးခဲ့ကြရသည်။

ထို့နှင့် တစ်ပြိုင်နက်မှာပင် မရဏဝိညာဉ်တာရာရှင်ဟု ခေါ်ကြသည့် သိင်္ဂါလလည်း သေဆုံးသွားခဲ့လေသည်။

ထိုသေဆုံးစဉ်အချိန်က သိင်္ဂါလမှာ (၁၀)နှစ်သားအရွယ်ပင်ရှိ ပေသေးသည်။

သိင်္ဂါလ သေဆုံးသွားသော အခါမှပင် တစ်မြို့လုံး ထိတ်လန့်ကြောက်ရွံ့နေသောကိစ္စများလည်း အေးချမ်းသွားလေတော့သည်။

ကျန်ရစ်သူများက သိင်္ဂါလ၏အလောင်းကို တောင်တန်းတစ်ခုပေါ်မှာ အုတ်ဂူသွင်းပြီး ကောင်းမွန်စွာ သင်္ဂြိုဟ်ထားခဲ့ကြသည်။

ထိုအကြောင်းများကို (၂၀၀၇)ခုနှစ်တွင် မရဏဝိညာဉ်တာရာရှင် ဟူသောအမည်ဖြင့် လုံးချင်းတစ်အုပ် ရေးသားထုတ်ဝေပြီးခဲ့ပြီဖြစ်၏။

ထိုဝတ္ထုတွင် သီးခြားဇာတ်ကောင်များကို အသုံးပြုလျက် ရေးသားခဲ့ခြင်းလည်း ဖြစ်ပေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နောက်ထပ်(၁၅)နှစ်ခန့်ကြာသောအခါ လူတစ်စုက ရတနာပစ္စည်းများ ခိုးယူရန်အတွက် သိင်္ဂါလ အုတ်ဂူကို ဖျက်ပြီး ခေါင်းတလားကို ထုတ်ယူကာ အဖုံးဖွင့်ကြည့်ကြသည်။





ထိုအခါ အရိုးတွေနေပြီ ဖြစ်လောက်သည့် (၁၀)နှစ်သားအရွယ်ကလေးတစ်ယောက်၏အလောင်းကို မတွေ့ကြရဘဲ သာမန်လူတစ်ယောက် အိပ်နေသကဲ့သို့ ရှိနေသော အသက်(၂၅)နှစ်ခန့်အရွယ် ရှိသော လူရွယ်တစ်ယောက်ကိုသာ တွေ့ရသည်။

ခေါင်းဖွင့်လိုက်သည်နှင့် ထိုလူရွယ်က ထလာလေတော့သည်။

နောက်ပိုင်းမှာတော့ ထိုလူရွယ်က သူ့ကိုယ်သူ 'ဆာတ' ဟု အမည်ပေးပြီး မေရှသကမြို့စား ချန္ဒရာတို့နှင့် သွားရောက်နေထိုင်လေသည်။

မရဏဝိညာဉ်တာရာရှင် တဖြစ်လဲ မရဏလူသား တစ်ဖန်ပြန်လည်၍ အသက်ဝင်လာသည်ကို မေရှသကမြို့မှာ ရှိသော နက္ခတ်တာရာပြခန်းမှ နက္ခတ်ပညာရှင်များက ရိပ်မိကြသည်။

၎င်းပြန်လည်အသက်ရှင်လာသောအချိန်တွင် အာကာသတွင်းနက်ကြီး၏အလယ်ဗဟိုချက်မနေရာတွင် 'ဆာတဟု ခေါ်သော မြွေလူသား' ရုပ်ပုံပေါ်နေခဲ့ပြီး မရဏလူသားကိုယ်ပေါ်မှာလည်း မြွေလူသားရုပ်ပုံ ပါလေသည်။

၎င်းပြန်လည်အသက်ဝင်လာသည့်အကြောင်းကို အာကာသနက္ခတ်တာရာခန်းမမှ ပညာရှင်များက သိသောကြောင့် လိုက်လံစုံစမ်းရှာဖွေကြသည်။

သို့သော်လည်း မရဏလူသားနောက်သို့ ခြေရာခံကောက် လိုက်ရှာသူတိုင်း အန္တရာယ်ဆိုးများနှင့် တွေ့ကြရပြီး တစ်ယောက်ပြီးတစ်ယောက် သေကြရပြန်သည်။

၎င်းနောက်သို့ ခြေရာခံလျက် လိုက်ကြသူများထဲမှာ ဒေါက်တာမင်းထင်ကျော်တို့လည်း ပါဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့မှာလည်း အန္တရာယ်များနှင့် တစ်ခုပြီးတစ်ခု တစ်မျိုးပြီး တစ်မျိုး တွေ့ခဲ့ကြရသော်လည်း ကံကောင်းထောက်မစွာဖြင့် အန္တရာယ်များမှ လွတ်မြောက်ခဲ့ရလေသည်။

သူတို့သည် မရဏလူသားကို သုတ်သင်နိုင်မည့် မရဏ လက်နက်ဟု ခေါ်သည့် ဓား(၆)လက်ကို လိုက်လံရှာဖွေကြရာ နောက်ဆုံး ဓားတစ်လက်ကိုသာ ရခဲ့ကြသေးသည်။

သို့ကြောင့် ကျန်ဓား(၅)လက်ကို ရရန် ကြိုးစားကြရပြန်တော့သည်။

အထက်ပါအကြောင်းများကို 'သွေးတာရာစကိဝန်း' ဟူသော အမည်ဖြင့် မကြာသေးခင်အချိန်က လုံးချင်းတစ်အုပ် ရေးသားခဲ့ပြီးဖြစ်သည်။

ယခု ဆက်လက်ရေးသားမည့် အကြောင်းများမှာ 'မရဏ ဉာဉ်တာရာရှင်' ဝတ္ထုနှင့် 'သွေးတာရာစကိဝန်း' ဝတ္ထုရှည်နှစ်ပုဒ်တို့၏ နောက်ဆုံးဇာတ်သိမ်းပိုင်းအဖြစ် ရေးသားမည်ဖြစ်ပါကြောင်း ကြိုတင် န်ကြားအပ်ပါသည်။

မေရှုသကမြို့တွင် မြို့စားချန္ဒရာတို့လင်မယားနှစ်ယောက်စလုံး သေဆုံးသွားရုံမက အိမ်ကြီးပါ မီးလောင်ပျက်စီးသွားပြီးနောက်ပိုင်းတွင် ဆာတသည် မေရှုသက မြို့စားတစ်ယောက် ဖြစ်လာခဲ့လေသည်။

ထိုအချိန်က နီပေါနိုင်ငံ အပါအဝင် နိုင်ငံအတော်များများမှာ ယ်ချဲ့မျက်နှာဖြူများ သိမ်းပိုက်အုပ်ချုပ်လျက် ရှိနေကြရာ နေရာတကာတွင် ၎င်းတို့၏သဘောကျအတိုင်းသာ စီမံဆောင်ရွက်ကြလေသည်။

ဆာတ ရောက်မလာခင်က မေရှုသကမြို့တွင် ကြောက်မက်ဖွယ်ကောင်းသည့် တဘောင်စကားတစ်ခု ပေါ်ပေါက်ခဲ့လေသည်။





"ခြေထောက်နှစ်ချောင်းနဲ့မြွေ
ကောင်းကင်မှာနေ၊
မြေသို့ဆင်းသက်. . . သွေးစက်စက်"

ဟူသော တဘောင်စကားပင်ဖြစ်သည်။

ထိုတဘောင်စကား ပေါ်လာပြီး မကြာခင် ဆာတ ရောက်လာသည်။

သူရောက်လာပြီးနောက်ပိုင်းတွင် လူအများအပြား သေဆုံးသွားရုံမက ချန္ဒရာတို့ မိသားစုများအားလုံး သေဆုံးသွားကြရသည်။

နောက်ပိုင်းမှာတော့ ဆာတက မျက်နှာဖြူအစိုးရကို ချွေးငွေများစွာ အမြောက်အများ လာဘ်ထိုးပြီး မြို့စားအရိုက်အရာကို လွှဲပြောင်းဆက်ခံခဲ့လေသည်။

သူသည် မြို့စားချန္ဒရာ ရှိစဉ်က သားတစ်ယောက်အဖြစ် နေထိုင်ခဲ့သူဖြစ်သောကြောင့် ဖခင်အရိုက်အရာကို သားဖြစ်သူက ဆက်ခံခဲ့သည်ဟု ဆိုသော်လည်း မြို့သူမြို့သားများကတော့ နှစ်သက်သဘောကျခြင်း မရှိကြပေ။

မကြာခင်မှာ အန္တရာယ်ဆိုးများနှင့် တွေ့ပြီး လူများ သေကြေပျက်စီးကြဦးမည်ဟုသာ ထင်နေကြသည်။ စိုးရိမ်ထိတ်လန့်နေကြသည်။

သို့သော် အင်္ဂလိပ်အစိုးရက ဆာတကို သဘောအကျကြီးကျလျက် မြို့စားရာထူး ပေးလိုက်သည်ကိုတော့ မည်သူကမှ ကန့်ကွက်ပြောဆိုနိုင်ခြင်း မရှိကြပေ။

ဆာတ မြို့စားဘဝ ရောက်လာသောအခါ ၎င်းနေထိုင်မည့် အိမ်ကြီးကို မေရှုသကမြို့ တစ်နေရာတွင် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်နေထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက်သို့ ခြေရာကောက်ကာ လိုက်နေသည့် မရဏ စေတမန် သုတ်သင်ရေးဂိုဏ်းသားများမှာလည်း မြွေလူသား ဆာ ရှိရာသို့ ခြေရာခံမိပြီ ဖြစ်သောကြောင့် သုတ်သင်နိုင်မည့် အခါအခွင့် အရေးကိုသာ စောင့်နေကြသည်။

တစ်နေ့သ၌ မေရှုသက်မြို့မှာ အရောင်းအဝယ်ကိစ္စများဖြင့် လှည့်လည်ခရီးသွားနေသည့် ကုန်သည်တစ်ယောက်သည် ဘုတန်မြို့သို့ ရောက်ရှိနေခိုက် ထူးခြားသော လေလံပွဲတစ်ခုကို တွေ့သဖြင့် ဝင် ရောက် ကြည့်ရှုလေသည်။

လေလံပစ်သူများက ၎င်းတို့ထံမှာ ရှိသော ရှေးဟောင်းပစ္စည်း များကို လေလံတင် ရောင်းချကြခြင်းဖြစ်သည်။

အခြားပစ္စည်း အတော်များများကို လေလံတင် ရောင်းချပြီး သောအခါ လေလံပစ်သူများက အဝတ်အနက်ရောင်ဖြင့် ထုပ်ထား သောအထုပ်တစ်ခုကို အများမြင်သာအောင် စားပွဲပေါ်သို့ တင်ပြလေ သည်။

"ဒီအထဲမှာ ရှိတဲ့ပစ္စည်းတွေကတော့ ရတနာပစ္စည်းတွေ မဟုတ်ပါဘူးခင်ဗျာ၊ ဒါပေမယ့် ရတနာပစ္စည်းတွေထက် ပိုပြီးတန်ဖိုးရှိ တဲ့ ရှေးဟောင်းပစ္စည်းတွေပဲ ဖြစ်ပါတယ်၊ အားလုံးကြည့်တော်မူကြပါ ခင်ဗျာ"

ဟု ပြောပြီး အဝတ်ဖြင့် ပတ်ထားသောအထုပ်ကြီးကို ဖြေပြ လေသည်။

အတွင်းမှာ ရှိသောပစ္စည်းများမှာ အခြားမဟုတ်ပါချေ။ မရဏ ဓားများပင် ဖြစ်သည်။

စုစုပေါင်း ဓား(၅)လက်ဖြစ်သည်။





"ဒီဓားတွေကတော့ တခြားမဟုတ်ပါဘူး၊ မရဏဓားတွေပဲ ဖြစ် တယ်၊ ရှေးနှစ်ပေါင်းများစွာက ပညာရှိကြီးတွေက မိစ္ဆာတွေကို နှိမ် နင်းဖို့အတွက် အစီအရင်တွေနဲ့ ပြုလုပ်ထားတဲ့ ဓားတွေ ဖြစ်တယ်လို့ ကြားသိရပါတယ်၊

ဒီဓားတွေကို ဆောင်ထားမယ်ဆိုရင်တော့ ပယောဂ အနှောင့် အယှက်တွေ မကပ်ရောက်နိုင်ဘူးလို့လည်း သိရပါတယ်၊

အခုလေလံပွဲမှာ ဒီဓားငါးလက်ကို နောက်ဆုံးလေလံပစ်မှာ ဖြစ်ပါတယ်"

ဟု ပြောပြီး လေလံပစ်မည့်သူက ဓား(၅)လက်ကို နောက်ဆုံး သတ်မှတ်ထားသော လေလံဈေးကို ကြေငြာလေသည်။

လေလံပွဲသို့ လာရောက်သူများကတော့ ထိုဓားများကို စိတ်ဝင် စားသောကြောင့် အအနီးကပ် လာရောက်ကြည့်ကြသော်လည်း လေလံ ဆွဲဝံ့သူတော့ မပေါ်ပေ။

အဘယ်ကြောင့်ဆိုသော်. . .

မရဏဓား ဟူသောအမည်ကို ကြားရုံနှင့်ပင် ထိတ်လန့် ကြောက်ရွံ့နေကြသောကြောင့် ဖြစ်သည်။

အချို့ကလည်း ထိုဓားများအကြောင်းကို အနည်းငယ် ကြားဖူး ထားကြရာ ထိုဓားများမှာ အန္တရာယ် အနှောင့်အယှက်များ ရှိသည် ဆိုခြင်းကြောင့် စိတ်ဝင်စားသော်လည်း လေလံဆွဲယူဝံ့ခြင်းမျိုးတော့ မရှိကြပေ။

ထိုမရဏဓား(၅)လက်ကို စိတ်ဝင်စားနေသူတစ်ဦးကတော့ ရှိနေသည်။

အခြားမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မေရှသကမြို့မှ လာသော ကုန်သည်သက္ကဆိုသူပင်ဖြစ်၏။ သူသည် မေရှသကမြို့မှာ နေထိုင်သူတစ်ဦးဖြစ်သောကြောင့် မရဏာဝိညာဉ်တာရာရှင်အကြောင်းကိုသော်လည်းကောင်း၊ မြွေလူသားနှင့် ပတ်သက်သည့်သတင်းများအပြင် မိစ္ဆာများကို ရှင်းလင်းသုတ်သင်ပစ်စေနိုင်သော မရဏာဓားများအကြောင်းကိုပါ ကြားဖူးသူဖြစ်သည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လေလံပွဲမှ နောက်ဆုံးလေလံပစ်သော မရဏာဓား(၅)လက်ကို ယှဉ်ပြိုင်မည့်သူ မရှိပါဘဲ လေလံဆွဲ ဝယ်ယူလိုက်လေသည်။





# အခန်း (၂)

# မရဏာစေတမန် သုတ်သင်ရေး ဂိုဏ်းသားများ

သက္ကသည် မရဏာဓားများကို လေလံဆွဲယူပြီးနောက် လျှို့ဝှက်စွာ သိမ်းဆည်းပြီး ဘူတန်မှ မေရှသကသို့ ပြန်သွားလေသည်။

ထိုသို့ပြန်သွားရာမှာတော့ သူ့အတွက် အန္တရာယ် အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရပေ။

မေရှသကမြို့သို့ ပြန်လည်ရောက်ရှိသောအခါ ၎င်း၏ဆရာဖြစ်သူ ဒေါက်တာချန်ဒီထံ သွားရောက်တွေ့ဆုံလေသည်။

ဒေါက်တာချန်ဒီမှာ မရဏာစေတမန် သုတ်သင်ရေး ဂိုဏ်းသားတစ်ဦးလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး. . . ဆရာကြီးတို့ လိုက်ပြီးစုံစမ်းနေတာ ဒီဓားတွေများ ဖြစ်မလား မသိဘူး၊ ကျွန်တော် ဘူတန်ရောက်နေတုန်း လေလံပွဲတစ်ခုက တွေ့လို့ ဝယ်လာခဲ့တယ်"

သက္ကက သူ ယူလာသော ဓား(၅)ချောင်းကို ပြသောအခါ ဒေါက်တာချန်ဒီမှာ များစွာအံ့ဩသွားလေသည်။

ထို့အတူ စိတ်ထဲမှာလည်း ဝမ်းသာသွားလေသည်။

"မင်း ဒီဓားတွေကို တကယ်ပဲ ရလာခဲ့တာပါလား၊ ဒါတွေကို ယူလာတော့ ဘယ်လိုအန္တရာယ်မျိုးမှ မတွေ့ခဲ့ရဘူးလား"

"မတွေ့ခဲ့ရပါဘူး ဆရာကြီး"

"အတော်ကံကောင်းတာပဲ. . . မင်း ဒီဓားတွေကို ယူလာခဲ့ပေးတဲ့အတွက် လေလံဆွဲခဲ့ရတဲ့ငွေကြေးအပြင် အပိုငွေပါ ငါတို့အဖွဲ့သားတွေက ပေးပါ့မယ်"

ဟု ပြောရာ သက္ကမှာ များစွာဝမ်းသာသွားလေသည်။

ဒေါက်တာချန်ဒီလည်း ၎င်းရထားသော ဓား(၅)လက်ကို ယူ၍ အဖွဲ့သားများ ရှိရာသို့ ချက်ချင်းသွားလေသည်။

အာကာသ နက္ခတ်တာရာခန်းမဆောင်သို့ ရောက်သော် ၎င်းတို့အဖွဲ့သားများကို အကြောင်းကြားပြီးနောက် လျှို့ဝှက်စွာ ထားသော မြေအောက်အခန်းရှိရာသို့ သွားကြလေသည်။

မရဏစေတမန် သုတ်သင်ရေး ဂိုဏ်းသားများမှာ နက္ခတ်ပညာရှင်ကြီး စိတြ၊ တိဘက်မှ နက္ခတ်ပညာရှင် လာဗာမင်ဂျာ၊ ဘူတန်မှ နက္ခတ်ပညာရှင် ဒိုဂျီ၊ နီပေါမှ နက္ခတ်ပညာရှင် ဒေါက်တာချန်ဒီ၊ အိန္ဒိယမှ နက္ခတ်ပညာရှင် မဟာရှီရှီ၊ တရုတ်မှ နက္ခတ်ပညာရှင် ချန်စောလင်၊ မြန်မာနိုင်ငံမှ နက္ခတ်ပညာရှင် ဒေါက်တာမင်းထင်ကျော် အပါအဝင်





ဗုဒ္ဓပေါင်း ခုနစ်ဦးဖြစ်သည်။

နောက်ပိုင်းတွင် အိန္ဒိယမှ မဟူရာဆိုသော အမျိုးသမီးတစ်ယောက် ပါဝင်လာပြီး ရှစ်ဦးဖြစ်လာခဲ့လေသည်။

နောက်ပိုင်းမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် မဟူရာတို့မှာ ချစ်သူဘဝသို့ ရောက်ခဲ့ကြလေသည်။

မြေအောက်ခန်းသို့ ရောက်သောအခါ စားပွဲရှည်ကြီး အလယ်မှာ ချထားကာ ဘေးတစ်ဖက်တစ်ချက်၌ ချထားသော ထိုင်ခုံများ၌ အသီးသီး ဝင်ထိုင်လိုက်ကြလေသည်။

မြေအောက်ခန်းထဲတွင် မီးအိမ်နှင့်ဆီမီးတိုင်များ ထွန်းထားသောကြောင့် အလင်းရောင်များ ကောင်းစွာရနေလေသည်။

အဖွဲ့သားများသည် ဒေါက်တာချန်ဒီ ယူလာသောဓားများကို တစ်ယောက်တစ်ချောင်းစီ ယူ၍ အသေအချာ ကြည့်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ၎င်းထံမှာ ရှိနေသည့် ဓားတစ်လက်နှင့် ဒေါက်တာချန်ဒီ ယူလာသောဓားများကို တိုက်ကြည့်နေသည်။

ဓား(၆)လက်စလုံးကတော့ တစ်ပုံစံတည်းပင် ဖြစ်ကြလေသည်။

သုံးမြောင့်ပုံသဏ္ဍာန် အဖျားသွယ်၍ ချွန်ကာ အလယ်တွင် မျှောချောင်းဟု ခေါ်သည့် မြောင်းကလေးများ ပါသည်။

အရိုးမှာ အရင်းနှင့်အဖျားပိုင်း ကားလျက် အလယ်နေရာတွင် သိမ်ထားလေသည်။

အရိုးတစ်ခုလုံးကို မြွေတစ်ကောင်က ပတ်ထားပြီး အပေါ်ပိုင်းမှ သိမ်းငှက်တစ်ကောင်က ထိုးသုတ်နေသော ပုံသဏ္ဍာန် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရောင်ကတော့ အားလုံး အနက်ရောင်နှင့်နီညိုရောင်များ ပင်ဖြစ်၏။

ဆရာကြီးစိတြကတော့ ဓား(၆)လက်စလုံးကို အသေအချာ ကြည့်ရှုပြီးနောက် ဂူငီးဗွေမှာ စီချထားလေသည်။

"ဒီဓား(၆)လက်စလုံး မရဏဓားတွေချည်းပါပဲ၊ ဘယ်ဓားနဲ့မဆို မိစ္ဆာတွေကို သုတ်သင်နိုင်တဲ့ စွမ်းအားမျိုးတွေ ပါပါတယ်၊

မရဏဝိဉာဉ်တာရာရှင်ရဲ့နောက်ဆုံးအချိန် ရောက်တော့မှာမို့ ဒီဓားတွေကို နတ်ဒေဝတာတွေက ကျုပ်တို့လက်ထဲ ရောက်အောင် ပို့ပေးလိုက်တာပဲ ဖြစ်မှာ သေချာပါတယ်"

"မှန်ပါတယ် ဆရာကြီး၊ ဒါပေမယ့် သူ့ကို သုတ်သင်နိုင်ဖို့ အတော်ကလေး ကြိုးစားကြရပါမယ်၊ ဘာကြောင့်လဲဆိုတော့ သူ့မှာ ပင်ကိုယ်ရှိနေတဲ့ မရဏစွမ်းအားတွေအပြင် ယခု မြို့စားတစ်ယောက် ဖြစ်နေပြီဆိုတော့ အချိန်မရွေး ကျုပ်တို့တတွေကို ဒုက္ခပေးနိုင်တယ်"

"မှန်ပါတယ် ဆရာကြီး၊ ယခုဆိုရင် သူဟာ မျက်နှာဖြူတွေရဲ့ လူတစ်ယောက် ဖြစ်နေပါပြီ၊ သူက ချောက်တွန်းလိုက်တာနဲ့ မျက်နှာဖြူ တွေက ကျွန်တော်တို့ကို အချိန်မရွေး ဒုက္ခပေးလာနိုင်ပါတယ်"

"ဒီတော့ အခုလို အဖွဲ့လိုက် ဆောင်ရွက်နေတဲ့ကိစ္စတွေကို သူတို့ မရိပ်မိတာ အကောင်းဆုံး ဖြစ်မှာပါ"

ထိုသို့ပြောကြသောအခါ ဆရာကြီး စိတြက ပြောသည်။

"ခင်ဗျားတို့ကို ပြောချင်တဲ့ကိစ္စက ဒီကိစ္စပါပဲ၊ ကျုပ်တို့အဖွဲ့သား တွေ အကြောင်းကိစ္စ အရေးကြီးတဲ့အခါ ဒီလိုနေရာမှာ မဆောင်ရွက် ဘဲ မြို့ပြင်တောင်ထိပ်ပေါ်မှာ ရှိတဲ့ ရဲတိုက်ဟောင်းကြီးထဲမှာ ရှေ့ပြီး လုပ်ကြရင် ပိုပြီးလုံခြုံမှု ရနိုင်တယ်၊ ရဲတိုက်ဟောင်းကြီးက အရင်





တတည်းက ကျုပ်တို့ အသုံးပြုခဲ့တဲ့ နေရာဟောင်းတစ်ခုပဲ"

"ကောင်းပါတယ် ဆရာကြီး"

"ကျုပ်ရဲ့အကြံအစည်က မြွေလူသားကို တစ်နည်းနည်းနဲ့ အဲဒ် နေရာရောက်အောင် ခေါ်လာပြီး သတ်ဖြတ်ရင် ပိုပြီးလွယ်ကူမယ်လို့ ယူဆတယ်"

"မှန်ပါတယ် ဆရာကြီး၊ ဒီကြားထဲမှာလည်း ကျွန်တော်တို့ တတွေက ကိုယ့်နည်းကိုယ့်ဟန်နဲ့ တစ်ယောက်ချင်း တာဝန်ယူပြီး သူ့ကို သုတ်သင်ဖို့ ကြိုးစားနေမှာပါပဲ"

"ဘာပဲဖြစ်ဖြစ် သတိတော့ ထားကြပါ၊ မြွေလူသားမှာ ပင်ကိုယ် သဘာဝ စွမ်းအားရှိတဲ့အပြင် ကောင်းကင်မှာ ရှိတဲ့ နက္ခတ်တာရာတွေ ရဲ့စောင့်ရှောက်ပေးနေမှုကလည်း ကျန်သေးတယ်၊ ဒါကြောင့်အန္တရာယ် အလွန်များတဲ့ကိစ္စတစ်ခုပဲ"

"မှန်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ သတိထားပြီး ဆောင် ရွက်ပါ့မယ်"

"ကောင်းပြီလေ. . . ကျုပ်တို့အနေနဲ့ အများအကျိုးအတွက် ဆောင်ရွက်ရင်းနဲ့ တကယ်လို့ အသက်စွန့်လိုက်ရမယ်ဆိုရင်တောင် ဝမ်းနည်းစရာတော့ မဟုတ်ပါဘူး၊ ကိုင်း. . . ကျုပ်တို့အားလုံး သစ္စာဒေ သောက်လိုက်ကြရအောင်"

ဟု ပြောပြီး ဆရာကြီးစိတြက ဂူငီးစီစဉ်ထားသော သစ္စာရေက် ရွှေဖလားဖြင့် ထည့်ပြီး တစ်ယောက်ချင်း လိုက်တိုက်လေရာ 'အောင် မြင်သည်အထိ ဆောင်ရွက်ကြပါမည်' ဟု သစ္စာဆို၍ သောက်ကြ လေသည်။

မဟူရာလည်း ထိုအဖွဲ့တွင် ပါဝင်နေပြီမို့ တစ်ခွက်သောက်ဒ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သစ္စာရေ သောက်ပြီးသောအခါ ဆရာကြီးစိတြက စားပွဲပေါ်မှာ တင်ထားသော စား(၆)လက်ကို တစ်ချောင်းစီ ယူပြီး တစ်ယောက်စီအား ပေးလေသည်။

ဒေါက်တာမင်းထင်ကျော်၊ လာဟာမင်ဂျာ၊ ဒိုဂျီ၊ ဒေါက်တာချန်ဒီ၊ မဟာရှိရီနှင့် ချန်စောလင်တို့ တစ်ယောက်စီ တစ်လက်စီ ရကြသည်။

ဒေါက်တာမင်းထင်ကျော်အတွက် ရသောဓားမှာ အကြောင်းကိစ္စရှိသောအခါ မဟူရာနှင့် အတူတကွ သုံးစွဲကြရမည် ဖြစ်ပေသည်။

ဓားတစ်လက်စီ အသီးသီး ရလေသောအခါ မိမိတို့ ယုံကြည်ကိုးကွယ်သော ဘာသာများအလိုက် ဆုတောင်းမှုများ ပြုကြရလေသည်။

ထို့နောက်မှာတော့ လူစုခွဲကာ မိမိတို့ နေသောနေရာများသို့ ထွက်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မဟူရာတို့က အတူတကွ ထွက်လာကြသည်။

"မောင်တို့အတွက် အရေးအကြီးဆုံးအချိန်တွေ ရောက်လာတော့မယ်၊ မောင်က မဟူရာ တစ်ခုခုဖြစ်မှာကို စိုးရိမ်နေမိတယ်"

"ကျွန်မအတွက်တော့ ဒီလောက် စိတ်ပူမနေပါနဲ့ မောင်ရယ်၊ ဆရာကြီး ပြောသလိုပါပဲ၊ အများအကျိုးအတွက် ဆောင်ရွက်တဲ့နေရာမှာ တကယ်လို့ အသက်သေသွားခဲ့ရင်တောင်မှ ဝမ်းနည်းစရာ မဟုတ်ပါဘူး၊ ကျွန်မ စိုးရိမ်မိတာ တစ်ခုပဲ ရှိပါတယ်"

"ဘာများပါလိမ့်"





"မောင်နဲ့ မဆုံစည်းလိုက်ရမှာကိုပဲ စိုးရိမ်နေမိတာပါ"

ဒေါက်တာမင်းထင်ကျော်က ချစ်သူလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားရင်း နှစ်သိမ့်မှု ပေးလိုက်လေသည်။

"ဒီလောက်လည်း စိုးရိမ်စရာ မရှိပါဘူး မဟူရာရယ်၊ တကယ်မေတ္တာစစ်နဲ့ ချစ်ကြသူတွေအတွက် အတားအဆီးဆိုတာ မရှိနိုင်ပါဘူး၊

လစ်ဒီယာအမ်ချိုင်းလ်(Lydia M Child)ရဲ့အဆိုအမိန့်တစ်ခုတောင် ရှိခဲ့ဖူးပါတယ်"

"ဘယ်လိုစကားမျိုးလဲ မောင်ရဲ့"

"ဘေးအန္တရာယ်တွေ အများအယွင်းတွေ စိုးရိမ်သောကတွေ ဝမ်းနည်းပူဆွေးမှုတွေနဲ့ ရာဇဝတ်ပြစ်မှုတွေကို သက်သာပျောက်ကင်းအောင် ကုစားမယ်ဆိုရင် ချစ်ခြင်းမေတ္တာဆိုတဲ့ စကားတစ်ခွန်းပေါ်မှာပဲ မူတည်ပါထယ်"

မဟူရာက စိတ်ဝင်စားစွာ နားထောင်နေသည်။

"ချစ်ခြင်းမေတ္တာဟာ မွန်မြတ်တဲ့ ခွန်အားစွမ်းဖြစ်ပြီး ဘဝကိုမွေးဖွားခြင်းနဲ့ မွမ်းမံပြင်ဆင်မှုတွေကိုလည်း ပေးတယ်၊ လူတစ်ဦးချင်းတစ်ယောက်ချင်းအနေနဲ့ ကိုယ့်ဘာသာ လုပ်ချင်ကိုင်ချင်စိတ် ရှိမယ်ဆိုရင် အံ့သြလောက်အောင် ပြုလုပ်နိုင်အောင် စွမ်းအားတွေကိုလည်း ပေးနိုင်ပါတယ်လို့ ရေးသားခဲ့တယ်"

"သိပ်ကောင်းတာပဲနော်"

"မောင်တို့နှစ်ယောက်အတွက်လည်း ဘေးအန္တရာယ်တွေ အနှောင့်အယှက် အခက်အခဲတွေနဲ့ ကြုံတွေ့ရပေမယ့် ချစ်ခြင်းမေတ္တာရဲ့ အားတစ်ခုတည်းနဲ့ ရင်ဆိုင်ကာကွယ်လို့ ရနိုင်ပါတယ်၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု နှစ်သိမ့်မှု ပေးလိုက်သောအခါ မဟူရာလည်း ကျေနပ်သွားသော အမူအယာဖြင့် သက်ပြင်းချကာ အပြုံးကလေးဖြင့် ဒေါက်တာမင်းထင်ကျော်ကို မော့ကြည့်လိုက်လေသည်။

ထို့နောက် ထိုနေရာမှ ထွက်သွားကြလေသည်။

နောက်တစ်နေ့ နေ့လည်ပိုင်းအချိန်တွင် အာကာသ နက္ခတ်တာရာ ခန်းမဆောင် ရှိရာသို့ မျက်နှာဖြူအရာရှိအချို့နှင့် စစ်သားများ ရောက်လာကြသည်။

"ဘာကိစ္စရှိပါသလဲ"

ဆရာကြီးစိတြကမေးလိုက်သည်။

"ခင်ဗျားတို့ဆီမှာ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ဖို့ လူတွေ စုနေတယ်၊ လက်နက်တွေ စုဆောင်းနေတယ်လို့ သတင်းကြားလို့ လာရှာတာပါ"

မျက်နှာဖြူအရာရှိက ပြောသည်။

"ကျုပ်တို့ဆီမှာ နက္ခတ်ပညာရှင်တွေကလွဲပြီး တခြားလူတွေ မရှိဘူး၊ နက္ခတ်တာရာကြည့်တဲ့ ပစ္စည်းကိရိယာတွေနဲ့ ကျမ်းစာအုပ်တွေ ကလွဲပြီး တခြား ဘာလက်နက်မှ မရှိဘူး"

"သတင်းပေးထားတဲ့လူက သေသေချာချာ ပေးထားတော့ ဒီလိုပြောရုံနဲ့ မပြီးဘူး. . . ရှာကြည့်ရမယ်"

"မင်းတို့ သဘောကျသလို ရှာနိုင်ပါတယ်"

ဟု ခွင့်ပေးလိုက်ရာ မျက်နှာဖြူ အရာရှိနှင့် စစ်သားများက နက္ခတ်တာရာ ခန်းမဆောင်တစ်ခုလုံး ပိုက်စိပ်တိုက်ပြီး လိုက်လံရှာဖွေကြလေသည်။

၎င်းတို့သည် နက္ခတ်တာရာပညာရှင်များ နေထိုင်သောအခန်းများကို အဓိက ထားပြီး ရှာဖွေနေကြသည်။

သူတို့၏အမူအယာမှာ လက်နက်ပစ္စည်းများ ရှာဖွေနေခြင်းမျိုး မဟုတ်ဘဲ ပစ္စည်းတစ်ခုခုကို သဲကြီးမဲကြီး ရှာဖွေနေကြဟန် ရှိလေသည်။

၎င်းတို့ထဲမှာ စာရွက်တစ်ရွက်ဖြင့် ရေးဆွဲလာသောပုံတစ်ခု ပါလာပြီး ထိုပုံသဏ္ဌာန်နှင့် တူသောပစ္စည်းကို လိုက်လံရှာဖွေနေကြဟန် ရှိသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က မျက်နှာဖြူအရာရှိကို အင်္ဂလိပ်ဘာသာစကားဖြင့် မေးလိုက်သည်။

"ခင်ဗျားတို့ ဘာပစ္စည်း လိုချင်လို့ ရှာနေတာလဲ"

"လက်နက်ပစ္စည်းတစ်ခု ရှာနေတာပါ"

"ဘယ်လို လက်နက်ပစ္စည်းမျိုးလဲ၊ ပုံသဏ္ဌာန် ပြပါ"

ဟု ပြောတော့မှ မျက်နှာဖြူအရာရှိက ၎င်းလက်ထဲမှာ ကိုင်ထားသောစာရွက်ကို ပြသည်။

စာရွက်ပေါ်မှာ ကလောင်တံဖြင့် ရေးထားသော ပုံသဏ္ဌာန်မှာ အခြားမဟုတ်ပေ။

၎င်းတို့ထံမှာ လျှို့ဝှက်စွာ သိမ်းဆည်းထားသော မရဏဓားနှင့် တစ်ပုံစံတည်း တူနေသော လက်နက်ပင် ဖြစ်တော့သည်။

ထိုလက်နက်ကို မြင်တော့မှ ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သွားပြီး ထိုစာရွက်ကို မျက်နှာဖြူအရာရှိလက်သို့ ပြန်ပေးလိုက်သည်။

"ခင်ဗျားတို့ ရှာဖွေနေတဲ့ ဒီလက်နက်မျိုး ကျွန်တော်တို့ဆီမှာ မရှိပါဘူး"





www.burmeseclassic.com

www.burmeseclassic.com



“သတင်းပေးလိုက်တဲ့သူက ဒီလက်နက်မျိုး ခင်ဗျားတို့ဆီမှာ ရောက်နေတယ်လို့ ပြောတယ်”

“မဟုတ်ပါဘူး. . . သတင်းမှားပေးတာပဲ ဖြစ်မှာပါ။ ကျွန်တော်တို့ နက္ခတ်ပညာရှင်တွေဆိုတာ လူတွေကို အန္တရာယ်တွေက ကင်းဝေးအောင် ဆောင်ရွက်ပေးနေကြတာပါ၊ လူတွေ ဒုက္ခရောက်အောင် မလုပ်ကြပါဘူး၊ ကျွန်တော်တို့ဆီမှာ မိစ္ဆာတွေကို ပျက်စီးစေတဲ့ အရာဝတ္ထုတွေတော့ ရှိချင်ရှိမယ်၊ လူကောင်းတွေကို ပျက်စီးစေမယ့် လက်နက်မျိုးတွေတော့ မရှိပါဘူး”

ဟု ပြောလိုက်လေသည်။

သို့သော်လည်း မျက်နှာဖြူအရာရှိနှင့် စစ်သားများက မကျေနပ်နိုင်ကြသေးဘဲ ခန်းမဆောင်တစ်ခုလုံးနှင့် နက္ခတ်ပညာရှင်များ နေသောအခန်းများပါမကျန် ပိုက်စိပ်တိုက်ပြီး ရှာဖွေကြလေသည်။

နောက်ဆုံး သူတို့ အလိုရှိသော မရဏဓားကို ရှာမတွေ့တော့မှ လက်လျှော့ပြီး ပြန်သွားကြလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့သားများမှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သဘောပေါက်သောအပြုံးများဖြင့် ပြုံးလိုက်ကြလေသည်။





# အခန်း (၃)

# မရဏစက်ကွင်းများ၏နိဒါန်း

မေရုသကမြို့စား ချန္ဒရာတို့ မိသားစုများအားလုံး သေဆုံးသွားသောအခါ ၎င်းတို့မိသားစုဝင်တစ်ဦးဖြစ်သူ ‘ဆာတ’ တစ်ဦးသာ ကျန်ခဲ့လေသည်။

၎င်းမှာ ချန္ဒရာတို့၏သားအရင်း မဟုတ်စေကာမူ မိသားစုဝင်တစ်ဦးဖြစ်သည်ကိုတော့ အားလုံးက သိထားကြလေသည်။ ဆာတ,ကလည်း လာဘ်မြင်သူတစ်ဦးဖြစ်သည်။

သူသည် ချန္ဒရာ မရှိတော့သည့်နောက်ပိုင်းတွင် မေရုသက ရာထူးဆက်ခံနိုင်ရန်အတွက် မျက်နှာဖြူများနှင့် ဝင်ဆံ့အောင်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



သင်းဆက်ဆံသည်။

ရွှေငွေရတနာများ လာဘ်ထိုးပြီး သဘောကျအောင် လုပ်လေသည်။

နောက်ဆုံး မျက်နှာဖြူအရာရှိများက သူ့ဘက်သို့ ပါလာပြီး နောက်တွင် မြို့စားရာထူး ရရှိအောင် ကြိုးစားလေသည်။

ထိုသို့ ကြိုးစားရာမှာလည်း သူ့အနေနှင့် လွယ်လွယ်ကူကူနှင့် ရရှိခဲ့ခြင်းတော့ မဟုတ်ပေ။

မြို့ခံနယ်ခံများထဲမှ ငွေကြေးချမ်းသာသူများ၊ ဂုဏ်သရေ ရှိသူများက မြို့စားရာထူး ရရှိစေရန် ဝင်ရောက်ကြိုးစားကြလေသည်။

ထိုအထဲမှာ လူ(၃)ဦးလောက်မှာ ဆာတနှင့် အပြိုင်အဆိုင် ကြိုးစားနိုင်သော အခြေအနေမျိုးမှာ ရှိကြလေသည်။

သို့သော်လည်း ထိုသုံးယောက်စလုံးမှာ မမျှော်လင့်သော အန္တရာယ်ဆိုးများနှင့် တွေ့ကြရပြီး တစ်ယောက်ပြီးတစ်ယောက် သေဆုံး သွားကြလေသည်။

တစ်ယောက်က ကားမှောက်၍သေသည်။

နောက်တစ်ဦးက မြွေဆိပ်သင့်၍သေရပြီး ကျန်တစ်ယောက်တတော့ တစ်ကိုယ်လုံး မီးတောက်များ စွဲလောင်ပြီး ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြခြင်းပင်ဖြစ်သည်။

နောက်ဆုံး မီးလောင်ခံရသဖြင့် သေရသူမှာ မသေခင် ကယောင်ကတမ်းနှင့် အော်ဟစ်သွားသေးသည်။

"ဟိုမှာ နဂါးကြီးတစ်ကောင် ဝင်လာပြီး မီးတောက်တွေနဲ့ မှုတ်နေပြီဗျ၊ လုပ်ကြပါဦး. . . ကယ်ကြပါဦး. . . သေရပါတော့မယ်"

ဟု အော်ဟစ်ရင်းနှင့် သေဆုံးသွားခြင်းပင်ဖြစ်၏။





ထိုသုံးယောက် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားသောအခါ နောက်ပိုင်း မြို့စားရာထူးအတွက် မည်သူမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုဝံ့တော့ပေ။

သို့သော်လည်း မျက်နှာအရာရှိတစ်ဦးက သဘောမတူသောကြောင့် ကန့်ကွက်မှုများ ပြုနေသေးသည်။

၎င်းမှာ အရေးပိုင် ဘောလ်တန်ဆိုသူဖြစ်သည်။

ဘော်လ်တန်က ဆာတကို အစဉ်အလာမရှိဘဲ စီမံအုပ်ချုပ်ရေးပိုင်းမှာ အားနည်းချက်များ ရှိမည်ကို ကြိုတင်ရိပ်မိသောကြောင့် မြို့စားရာထူး မပေးချင်ပေ။

အစဉ်အလာရှိပြီး အုပ်ချုပ်ရေး ကျွမ်းကျင်သူတစ်ဦးကိုသာ ထိုရာထူးကို ပေးရန် ဆန္ဒရှိနေသည်။

ထိုအခြေအနေကို ရိပ်မိသဖြင့် ဆာတက ဘော်လ်တန်ကို အမျိုးမျိုး ချဉ်းကပ်ကာ လက်ဆောင်အမျိုးမျိုးနှင့် လာဘ်ထိုးသော်လည်း လက်မခံပေ။

ကျန်အရာရှိများကလည်း ဆာတထံမှ လက်ဆောင်ပစ္စည်းများ လက်ခံထားကြသဖြင့် ထိုရာထူးကို ဆာတအား ပေးချင်သော်လည်း အရေးပိုင်က လက်မခံချင်သောကြောင့် အခက်တွေ့နေကြလေသည်။

တစ်နေ့သ၌ အရေးပိုင် ဘော်လ်တန်တစ်ယောက် ၎င်းအခန်းထဲမှာ တစ်ယောက်တည်း အရက်သောက်နေစဉ် တံခါးခေါက်သံ ပေါ်ထွက်လာသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

"ဘယ်သူလဲ"

ထိုသို့မေးသော်လည်း အပြင်ဘက်မှ ပြန်ဖြေသံ မကြားရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထသွားပြီး တံခါးဖွင့်ကြည့်လိုက်သည်။

အပြင်ဘက်မှာ အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

"မင်းဘယ်သူလဲ"

"သခင့်အတွက် အသုံးတော်ခံပေးမလို့ လာတာပါ"

ကြည့်လိုက်တော့ ထိုအမျိုးသမီးက ငြင်းရက်စရာ မရှိအောင် ချောမောလှပသူတစ်ဦး ဖြစ်လေသည်။

သို့ကြောင့် ဘာမှ ထပ်မပြောတော့ဘဲ တံခါးချပ်ကို ဟပေးလိုက်ရာ အမျိုးသမီးက အတွင်းသို့ ဝင်လာသည်။

သူမ ဝင်လာသည်နှင့် သင်းပျံ့သောရနံ့များက အခန်းတွင်းမှာ ပြန့်နှံ့သွားလေသည်။

ဘောလ်တန်က တံခါးကို ပြန်ပိတ်လိုက်ပြီး အသေအချာ ကြည့်လိုက်သည်။

ထိုအမျိုးသမီးက ပါးလွှာသော အစိမ်းရောင်ဝတ်ရုံကိုသာ တစ်ကိုယ်လုံး ပတ်ထားသောကြောင့် သူမ၏အလှများကို တစ်စွန်းတစ်စ မြင်နေရသည်။

ထိုမျှ လှပသော အမျိုးသမီးတစ်ယောက်က ထိုကဲ့သို့မျိုး ရဲရဲတင်းတင်းနှင့် အခန်းတွင်း ဝင်လာဝံ့သောကြောင့် ဘောလ်တန် စိတ်ထဲမှာ နည်းနည်းတော့ သံသယစိတ် ဝင်သွားလေသည်။

"ဒါထက် မင်းနာမည်က ဘယ်သူလဲ"

"မြစိမ်းလို့ ခေါ်ပါတယ်"

"ငါ့အခန်းထဲကို လာဖို့ ဘယ်သူက လွှတ်လိုက်တာလဲ"

"ဆာတာက လွှတ်လိုက်တာပါ"





"ဆာတာဆိုတာ မြို့စား အရွေးခံချင်တဲ့သူ မဟုတ်လား"

"ဟုတ်ပါတယ်"

ထိုအခါမှ ဘော်လ်တန်မှာ အခြေအနေကို သဘောပေါက်သွားလေတော့သည်။

သို့ကြောင့် တစ်ချက်ပြုံးလိုက်လေသည်။

"ဆာတ,ကတော့ သူ မြို့စားရာထူး ရဖို့အတွက် ငါ့ကို နည်းအမျိုးမျိုးနဲ့ ကြိုးစားနေတော့တာပဲ၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီဘက်မှာ အတွေ့အကြုံ မရှိသေးတဲ့ သူ့ကို မြို့စားရာထူးပေးဖို့ လုံးဝမဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်ပါတယ်. . . သခင် သဘောတူရင် အားလုံးကလည်း သဘောတူမှာပါ"

"ကျန်တဲ့သူတွေ လက်ခံချင်ပေမယ့် ငါကတော့ လက်မခံနိုင်ပါဘူး"

"ဒီလိုဆိုရင်တော့ လက်ခံလာအောင် လုပ်ရတော့မှာပေ့ါ"

ဟု ပြောကာ ထိုအမျိုးသမီးက ၎င်းကိုယ်ပေါ်မှာ ပတ်ထားသော ပုဝါများကို အောက်သို့ ခွာချလိုက်ရာ သူမ၏အလှများအား အထင်းသား ပေါ်လာလေတော့သည်။

"ဒီမှာ ကြည့်ပါဦး"

ဟု ပြောသဖြင့် ရီဝေနေသောမျက်လုံးဖြင့် ကြည့်လိုက်ရာ သူမ၏ကိုယ်ခန္ဓာမှာ တဖြည်းဖြည်းနှင့် အသွင်ပြောင်းလာသည်ကို တွေ့ရလေသည်။

"ဟင်. . . မင်း. . . မင်း"

ကြည့်နေရင်းမှပင် ထိုအမျိုးသမီးမှာ အစိမ်းရောင် အောက်ပ



www.burmeseclassic.com

www.burmeseclassic.com



နေသော မြွေကြီးတစ်ကောင်အသွင် ပြောင်းလဲနေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရပေသည်။

အတန်ကြာတော့ တစ်ကိုယ်လုံး လူအသွင်ပျောက်သွားပြီး မြွေတစ်ကောင်အသွင် ပြောင်းသွားလေတော့သည်။

ပထမတော့ မိမိအရက်မူးပြီး မြင်မိမြင်ရာ မြင်နေသလားဟု ထင်မိလိုက်သေးသည်။

သို့သော် မဟုတ်ပေ။

သူနှင့် မနီးမဝေးမှာ တွန့်လိမ်လှုပ်ရှားနေသည်မှာ လူတစ်ယောက်တော့ မဟုတ်ပေ။

ကြောက်မက်ဖွယ်ကောင်းသော အစိမ်းရောင် မြွေကြီးတစ်ကောင် ဖြစ်နေပြီး သူရှိရာသို့ တလူးလူး တလွန့်လွန့်ဖြင့် လာနေချေပြီ။

ဘောလ်တန်မှာ ကြောက်ကြောက်လန့်လန့်နှင့် အိပ်ယာနံဘေးမှာ အဆင်သင့် တင်ထားသော သေနတ်ကို ယူပြီး ကျည်ဆန်ကုန်သည်အထိ ဆက်တိုက်ပစ်ချလိုက်သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သို့သော်လည်း အစိမ်းရောင် မြွေကြီးက တစ်ချက်ကလေးမှ နောက်မတွန့်ဘဲ တရွေ့ရွေ့ တိုးလာပြီး သူ့ကိုယ်ကို ရစ်ပတ်လိုက်လေသည်။

"အ. . . အ. . အား. . . ကယ်ကြပါ. . . ကယ်ကြပါဦး"

အခန်းတံခါး ပိတ်ထားသောကြောင့် သူ့အော်သံကို အပြင်မှာရှိနေသော အစောင့်များက မကြားနိုင်ကြတော့ပေ။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်တန်သော်လည်း အခန်းတံခါးမဖွင့်သဖြင့် အခြားအရာရှိများ ရောက်လာပြီး တံခါးဖွင့်ကြည့်





သောအခါမှ ကြမ်းပြင်ပေါ်မှာ လဲကျသေဆုံးနေသော ဘောလ်တန်ကို တွေ့ကြရလေသည်။

ဘောလ်တန်တစ်ယောက် မည်သို့မည်ပုံ သေရသည်ကို ဆရာဝန်များဖြင့် စစ်ဆေးကြည့်သောအခါ တစ်ကိုယ်လုံး အရွဲများ ကပ်နေပြီး တစ်စုံတစ်ခုက ရစ်ပတ်ထားသောကြောင့် တစ်ကိုယ်လုံး အရိုးများ ကျိုးကြေနေသည်ကိုသာ တွေ့ကြရသည်။

မည်သို့သော သတ္တဝါလက်ချက်ဖြင့် သေဆုံးရသည်ကိုတော့ တိတိကျကျ မသိကြရပေ။

နောက်ပိုင်း လအတန်ကြာသောအခါ ဆာတမှာ မြို့စားရာထူးအတွက် ယှဉ်ပြိုင်ရွေးမည့်သူ မရှိတော့သည်က တစ်ကြောင်း၊ သူ့ကို တန့်ကွက်နေသော အရေးပိုင် ဘောလ်တန်လည်း သေဆုံးသွားပြီဖြစ်သောကြောင့် မြို့စားရာထူးကို အလွယ်တကူပင် ရရှိသွားလေတော့သည်။

ဆာတသည် မြို့စားရာထူး ရရှိပြီးနောက်တွင် အောင်ပွဲခံသည့် အနေနှင့် တစ်မြို့လုံးမှာ ရှိသော အရာရှိ အရာခံများ၊ ဂုဏ်သရေရှိလူများ၊ အဖွဲ့အစည်းမှ လူများကို ဖိတ်ကြားပြီးနောက် မိတ်ဆက်ပွဲ အခမ်းအနား ကျင်းပပြုလုပ်လေသည်။

ထိုအခမ်းအနားသို့ တစ်မြို့လုံးမှာ ရှိကြသော လူအတော်များများ တက်ရောက်ကြသည်။

ထိုအခမ်းအနားသို့ အာကာသ နက္ခတ်တာရာ ခန်းမဆောင်မှ နက္ခတ်ပညာရှင်များလည်း ပုံသဏ္ဌာန်အမျိုးမျိုး၊ အသွင်အမျိုးမျိုး ပြောင်းလဲ ရုပ်ဖျက်ပြီး တက်ရောက်လာကြလေသည်။

ထိုသို့ ရုပ်ဖျက်လာရသောအကြောင်းမှာ ဆာတ မရိပ်မိစေရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖြစ်သည်။

နောက်တစ်ချက်ကလည်း အခြေအနေကို ကြည့်ပြီး အခွင့်အရေးသာပါက ဆာတကို သုတ်သင်ပစ်ရန် ရည်ရွယ်ချက်ဖြင့် လာရောက်ကြခြင်းပင် ဖြစ်ပေသည်။

ထိုအခမ်းအနားသို့ မဟူရာလည်း တက်ရောက်လာသည်။

သူမသည် အလှပဆုံး မွမ်းမံပြင်ဆင်ကာ လှပသောဝတ်စုံများကို ဝတ်ဆင်လာလေသည်။

သူမသည် ပင်ကိုယ်ချောမောလှပသူ ဖြစ်သဖြင့် ထိုကဲ့သို့ မွမ်းမံပြင်ဆင်လာသောအခါ ပရိသတ်များထဲမှာ အလှဆုံး အချောဆုံးနှင့် အထင်ပေါ်ဆုံး ဖြစ်နေလေတော့သည်။

သို့ကြောင့်လည်း မြို့စားသစ် ဆာတက မဟူရာကို လူအများထဲမှာပင် ချက်ချင်းဆိုသလို သတိပြုမိသွားလေသည်။

သူသည် အစေအပါးတစ်ယောက်ကို မဟူရာအားသွားရောက်ခေါ်ယူစေပြီး သီးသန့်စားပွဲမှာ ဧည့်ခံပေးလေသည်။

"မင်းနာမည် ဘယ်သူပါလဲ"

"ကျုပ်နာမည်က ဆာတလို့ ခေါ်ပါတယ်၊ မေရှသကမြို့ရဲ့ မြို့စားဖြစ်ပါတယ်"

ထိုစကားကြောင့် မဟူရာက နှစ်သက်စဖွယ် အမူအယာဖြင့် ပြုံးလိုက်လေသည်။

"အခုလို သိကျွမ်းခွင့်ရတာ ဝမ်းသာလှပါတယ် မြို့စားမင်း၊ ကျွန်မနာမည် မဟူရာလို့ ခေါ်ပါတယ်၊ အိန္ဒိယနိုင်ငံက နက္ခတ်ပညာ လာရောက်သင်ယူနေသူတစ်ဦးဖြစ်ပါတယ်"

"ကျုပ် မင်းကို တစ်နေရာရာမှာ တွေ့ဖူးသလိုပဲ၊ မင်း မေရှ





သကကို ရောက်တာ အတော်ကြာပြီလား"

"လပိုင်းလောက်တော့ ရှိပါပြီ၊ မြို့စားမင်းကိုလည်း ကျွန်မ တွေ့မြင်ဖူးပါတယ်"

"အော် . . . သတိရပြီ၊ ကျုပ်ရဲ့ညီတစ်ယောက် သင်္ဂြိုဟ်တဲ့နေ့က မင်းကို တွေ့လိုက်မိတာကိုး၊ အဲဒီကတည်းက မင်းရဲ့အလှကို ကျုပ် သတိထားမိပါတယ်"

ထိုစကားကြောင့် မဟူရာက ရက်သွေးဖြာသောမျက်နှာဖြင့် ပြုံးလိုက်လေသည်။

"ကျုပ် မင်းနဲ့ နောက်ထပ် တွေ့ချင်ပါသေးတယ်၊ အရေးကြီးတဲ့ စကားတွေလည်း အများကြီး ပြောချင်ပါသေးတယ်"

"မြို့စားမင်း အလိုရှိတယ်ဆိုရင် အခေါ်လွှတ်လိုက်ပါ၊ ကျွန်မ နက္ခတ်တာရာခန်းမဆောင်ရဲ့သင်တန်းသူတွေ နေတဲ့အဆောင်မှာ နေပါတယ်"

ဟု ပြောဆိုကာ မဟူရာက ဆာတကို အရိုအသေပေး နှုတ်ဆက်ပြီး ထိုနေရာမှ ထွက်သွားလေသည်။

ထိုအခါ ၎င်း၏အပါးတော်မြဲဖြစ်သူ စေတန်က အနီးသို့ ရောက်သည်။

"သခင် . . . သူက ဘယ်သူပါလဲ"

"သူ့နာမည် မဟူရာတဲ့၊ ကမ္ဘာပေါ်မှာ အချောဆုံး အလှဆုံး အမျိုးသမီးတွေထဲမှာ တစ်ယောက်အပါအဝင် ဖြစ်မယ်ထင်တယ်"

ဆာတက မဟူရာ ထွက်သွားသောဘက်သို့ လှမ်းကြည့်ရင်း ရေရွတ်ပြောဆိုလိုက်သည်။

"လှပေမယ့် သူ့ရဲ့မျက်လုံးတွေမှာ အန္တရာယ် အရိပ်အငွေ့တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသလိုပဲ သခင်”

ထိုစကားကြောင့် ဆာတ တစ်ချက်ပြုံးလိုက်သည်။

သူ့အပြုံးက မထေမဲ့မြင်အပြုံးမျိုး ဖြစ်လေသည်။

“သူဟာ ဘယ်လောက်အဆိပ်ပြင်းတဲ့ မြွေတစ်ကောင် ဖြစ်နေပါစေ၊ ငါနဲ့ တွေ့တဲ့အခါမှာ အဆိပ်မရှိတော့တဲ့ မြွေတစ်ကောင်လို ‘ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး’ ဖြစ်နေစေရမယ်”

ဟု ပြောလိုက်ရာ စေတန်လည်း နောက်ထပ် ဆက်မပြောဝံ့တော့ပေ။

အချိန်လည်း တဖြည်းဖြည်း ညဦးပိုင်းအချိန်သို့ ရောက်လာလေသည်။

ထိုအခမ်းအနားသို့ နည်းအမျိုးမျိုးဖြင့် ရုပ်ဖျက်ထားကြသော မရဏစေတမန် သုတ်သင်ရေး ဂိုဏ်းသားအချို့လည်း ရောက်နေကြသည်။

၎င်းတို့အနေနှင့် အခွင့်ကောင်း ရသည်နှင့် ဆာတကို သုတ်သင်ရန် ချောင်းမြောင်းနေကြသည်။

သို့သော်လည်း ထိုအခမ်းအနားတွင် မျက်နှာဖြူ အရာရှိကြီးများ လာရောက်ကြသဖြင့် နေရာအနှံ့တွင် စစ်သားအစောင့်များက ရှိနေသောကြောင့် လွတ်လွတ်လပ်လပ်တော့ လှုပ်ရှားခွင့် မသာပေ။

ထိုအချိန်မှာပင် အပြင်ဘက်တွင် အချိန်အခါမဟုတ် မိုးထစ်ချုန်းမှုများ ဖြစ်ပေါ်နေပြီး လျှပ်စီးများ တဝင်းဝင်း တလက်လက် ဖြစ်ပေါ်နေလေသည်။

အခြေအနေကတော့ မကြာခင် အန္တရာယ်ဆိုးများ ကျရောက်တော့မည့် လက္ခဏာမျိုး ဖြစ်လေသည်။





ထိုအချိန်တွင် ခန်းမဆောင်ကြီး၏အပေါ် ထပ် တစ်နေရာတွင် တစ်ကိုယ်လုံး အဝတ်နက်များ တပ်ဆင်ထားသည့် လူတစ်ယောက် ရောက်နေသည်။

ထိုအထပ်မှာ သိပ်မမြင့်လှဘဲ အောက်ထပ်မှ မြင်ကွင်းများကို အပေါ်စီးမှ အတိုင်းသား မြင်နေရလေသည်။

သူသည် လှို့ဝှက်သော တစ်နေရာမှ အောက်မှာ ရှိနေသော ဆာတ၏လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်နေလေသည်။

အကယ်၍ အခွင့်အရေး သာပါက အပေါ်မှအောက်သို့ ခုန်ချပြီး ဆာတကို သုတ်သင်ရန်အတွက် စောင့်နေခြင်းပင်ဖြစ်လေသည်။

ထိုအခိုက်မှာပင် ပြင်းထန်သော မိုးချုန်းသံကြီးတစ်ချက် ပေါ်ထွက်လာရာ အဆောက်အဦးတစ်ခုလုံးပင် သိမ့်သိမ့်တုန်သွားလေသည်။

မရှေးမနှောင်းမှာပင် မိုးကြိုးပစ်ချလိုက်သကဲ့သို့ ဝင်းလက်သော လျှပ်စီးကြောင်းတစ်ခုက အတွင်းသို့ ရောက်ကာ သွယ်တန်းထားသော မီးကြိုးအချို့ကို ထိသွားလေတော့သည်။

လျှပ်စီးကြောင်းနှင့် ထိမိသော မီးကြိုးအချို့မှာ ပြတ်ကျသွားလေသည်။

ထိုအခြေအနေတွင် တစ်နေရာမှ ပြတ်ထွက်လာသော မီးကြိုးတစ်ချောင်းက လေးကြိုးပြတ်သွားသကဲ့သို့ အရှိန်ဖြင့် လွင့်လာကာ ခန်းမဆောင်အပေါ် တစ်နေရာတွင် ရောက်နေသူ လည်ပင်းကို ရစ်ပတ်သွားလေတော့သည်။

“ဗြိုး. . ဂွစ်. . ဂွစ်”

“အား. . .”



www.burmeseclassic.com

www.burmeseclassic.com



မီးကြိုးများက လည်ပင်းကို ရစ်ပတ်ပြီး အရှိန်ဖြင့် ဆွဲချသွားရာ ပါသွားလေတော့သည်။

ထိုသို့ပါသွားရာ ပထမ ပတ်လည်မှာ ကာထားသော ခန်းဆီးစများကို ဖြတ်သွားသောကြောင့် ပါးလွှာသော ခန်းဆီးစများက ထိုလူ တစ်ကိုယ်လုံးကို အထပ်ထပ် ရစ်ပတ်ကာ ပါသွားလေတော့သည်။

ခန်းဆီးစများကို ကျော်သွားသည်နှင့် ခန်းမအလယ်တွင် ချိတ်ဆွဲထားသော မီးဆိုင်းကြီးကို အရှိန်ဖြင့် ဝင်တိုက်မိလေသည်။

"ဝုန်း. . ."

ထိုအသံကြောင့် အောက်မှာ ရှိနေသူများက စူးစူးဝါးဝါး အော်ဟစ်ကာ ထွက်ပြေးကြလေသည်။

ပြုတ်ကျလာသော မီးဆိုင်းကြီးနှင့် ထိပြီး တချို့လည်း နေရာမှာပင် သေဆုံးသွားကြသည်။

အပေါ်မှာ ကြိုးတန်းလန်းနှင့် ဖြစ်နေသူအဖြစ်က အတော်ဆိုးသည်။

လည်ပင်းမှာ ဓါတ်ကြိုးများက ရစ်ပတ်ထားသောကြောင့် အသက်မရှူနိုင်အောင် ဖြစ်နေသောအချိန်တွင် ပါးလွှာသော ခန်းဆီးစများက ဆာရီပတ်ထားသကဲ့သို့ တစ်ကိုယ်လုံး ရစ်ပတ်ထားသောကြောင့် လက်များကပါ လှုပ်မရတော့ပေ။

ထိုအချိန်မှာပင် မီးအိမ်မှ မီးတောက်များက သူ့တစ်ကိုယ်လုံး စွဲလောင်နေလေပြီ။

အောက်မှ မော့ကြည့်လျှင်တော့ တစ်ကိုယ်လုံး အဝတ်များ ပတ်လျက် မီးတောက်များ စွဲလောင်နေသော လူတစ်ယောက်မှာ လေထဲမှာ တန်းလန်းကြီးဖြစ်လျက် ဟိုယမ်းဒီယမ်း ဖြစ်နေလေသည်။





အောက်ဖက်မှ အော်ဟစ်သံများလည်း ဆူညံနေတော့သည်။

အတန်ကြာသည်အထိ မီးလောင်နေပြီးနောက် ကြိုးပြတ်ကာ အောက်သို့ ဝုန်းကနဲ ပြုတ်ကျလာလေသည်။

၎င်းပြုတ်ကျလာသောနေရာမှာလည်း ဆာတ ရပ်နေသည့်နေရာနှင့် မနီးမဝေးနေရာ၌ ဖြစ်သည်။

ထိုသို့ ကျလာသောအချိန်မှာ သူ့တစ်ကိုယ်လုံး အဝတ်ပတ်လျက် မီးရှို့ထားသကဲ့သို့ဖြစ်ကာ မလှုပ်နိုင်တော့ပေ။

သို့သော်လည်း အပြင်မှာ ထွက်နေသော ခြေနှင့်လက်တို့ကတော့ တွန့်လိမ်ကွေးကောက်နေဆဲပင် ရှိသေး၏။

ဆာတက မီးလောင်ခံထားရသောအလောင်းကို ကြည့်ပြီး မြေခွေးတစ်ကောင်၏ကောက်ကျစ်သောအပြုံးမျိုးကဲ့သို့ တစ်ချက်ပြုံးလိုက်သည်။

ထိုအခိုက်မှာပင် မီးလောင်ကျွမ်းထားသော ကိုယ်ပေါ်မှ အောက်သို့ တစ်စုံတစ်ခု ထွက်ကျလာလေသည်။

အခြားမဟုတ်ပေ။

မရဏ ဓားတစ်လက်ပင် ဖြစ်သည်။

မီးအပူရှိန်နှင့် ထိတွေ့ထားသောကြောင့် မီးဖုတ်ထားသော သံချောင်းကဲ့သို့ နီရဲနေသည့်ဓားမှာ ဆာတ ကောက်ကိုင်လိုက်သောအခါ ရေဖြင့် ထိလိုက်သကဲ့သို့ အခိုးအငွေ့များ ပျံတက်လာပြီး ချက်ချင်း ဝှံမှန်ဖြစ်သွားလေသည်။

အချို့ကတော့ ထူးဆန်းသောမြင်ကွင်းကို ကြည့်ပြီး မျက်လုံးပြူးသွားကြလေသည်။

ဆာတကတော့ မည်သူ့ကိုမှ ဂရုမစိုက်ဘဲ လက်ထဲမှာ ရှောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် မရဏာမားကို အသေအချာ ကြည့်နေလေသည်။

သူသည် ထိုသို့ကြည့်နေရင်းမှ ထိုမားသည် သူ့ကို သုတ်သင်ပစ်နိုင်သည့် မရဏာမားတစ်လက်ဖြစ်ကြောင်း သိရသောအခါ မျက်နှာတစ်ချက် ပျက်သွားလေသည်။

သူ့အနေနှင့် မရဏာစက်ကွင်းနှင့် တဖြည်းဖြည်း နီးလာပြီ ဖြစ်ကြောင်းလည်း သဘောပေါက်သွားလေတော့သည်။





# အခန်း (၄)

# လက်ဆောင်ပို့လိုက်သည့် ခေါင်းတလားများ

အာကာသ နက္ခတ်တာရာ ခန်းမဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ထိုခန်းမ၏အရှေ့ဘက်အဆောင်တွင် နက္ခတ်တာရာနှင့် သက်ဆိုင်သော နတ်မင်းကြီးများကို သီးခြားထားသော အခန်းတစ်ခန်း ရှိလေသည်။

ထို့ပြင် ထိုခန်းမဆောင်ထဲတွင် လူပုံသဏ္ဍာန် ရုပ်တုကြီးတစ်ခုပြုလုပ်ထားပြီး နက္ခတ်တာရာများနှင့် သက်ဆိုင်သည့်နေရာများကိုဖော်ပြထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးများကို ရောဟနီနက္ခတ်၊
ဒူးဆစ်များကို အသဝနီနက္ခတ်၊
ပေါင်များကို ပြုဗ္ဗာသာဠ်နှင့် ဥတ္တရာသာဠ်နက္ခတ်၊
ဖုံးကွယ်ထားသောအင်္ဂါများကို ပြုဗ္ဗဖလဂုနီနှင့် ဥတ္တရ ဖလဂုနီ နက္ခတ်၊
နံဘေးများကို ပြုဗ္ဗဘဒြပိုဒ်နက္ခတ်နှင့် ဥတ္တရအဇြပိုဒ်နက္ခတ်
အစာအိမ်ကို ရေဝတီနက္ခတ်၊
ရင်သားများကို အနုရာဓနက္ခတ်၊
နောက်ကျောကို ဓနိဋ္ဌာနက္ခတ်၊
လက်မောင်းမျာကို ဝိသာခါနက္ခတ်၊
လက်များကို ဟဿတနက္ခတ်၊
လက်ချောင်းများကို ပုနဗ္ဗုသျှနက္ခတ်၊
လက်သည်းများကို အသလိဿနက္ခတ်၊
လည်ပင်းကို ဇေဋ္ဌနက္ခတ်၊
နားများကို သရဝဏ်နက္ခတ်၊
ပါးစပ်ကို ဖုသျှက္ခတ်၊
သွားများကို သွာတိနက္ခတ်၊
ရယ်မောခြင်းကို သတဘိသျှနက္ခတ်၊
နှာခေါင်းကို မာဃနက္ခတ်၊
မျက်လုံးများကို မိဂသီနက္ခတ်၊
နဖူးကို စိတြနက္ခတ်၊
ဦးခေါင်းကို ဘရဏီနက္ခတ်၊
ဆံပင်ကို အဒြနက္ခတ်





. . . စသည်တို့မှ သက်ဆိုင်ရာနေရာအတိုင်း စိုးမိုးပိုင်သကြောင်း ဖော်ပြထားပြီး နက္ခတ်အရှင်သခင်၏ခြေအစုံကို မူလနက္ခတ်ဖြင့် ဖော်ပြထားလေသည်။

(မှတ်ချက် - နက္ခတ်တာရာ အရှင်သခင်များကို ပူဇော်ကြရာ၌ ခြေထောက်မှ စတင်ပူဇော်ကြရပြီး လူသားများအတွက်မူ ဦးခေါင်းမှ စတင်ပူဇော်ရသော ဥပဒေသ ရှိသည်။)

ခန်းမဆောင်အတွင်းမှာ ထားရှိသော နက္ခတ်အရှင်သခင်၏ ရုပ်တုကို လာရောက်ပူဇော်ကြရာတွင် အထက်ပါ ဥပဒေသ,အတိုင်း မိမိတို့ သက်ဆိုင်ရာနေရာများအလိုက် ပိုင်သ စိုးမိုးသော နက္ခတ်တာရာများအား ပူဇော်မှု ပြုကြရလေသည်။

ထို့ပြင် ပူဇော်ရန် လအလိုက် အချိန်များကိုလည်း ထိုနေရာနှင့် မနီးမဝေးမှာ ရေးသားဖော်ပြထားလေသည်။

ဗိဿနိုး နတ်မင်းကြီးနှင့် နက္ခတ်အရှင်သခင်တို့ကို ပူဇော်ပသရန်မှာ စိတြလ၏လဆုတ်ပက္ခတိထိ(၈)ရက်နေ့တွင် မူလနက္ခတ်နှင့် စန်းယှဉ်ခိုက်အချိန်တွင် ပြုလုပ်ကြရလေသည်။

ထိုနေ့သည် တနင်္လာနေ့နှင့် တိုက်ဆိုင်ပါက ပိုကောင်းလေသည်။ ထိုပူဇော်ပွဲကို 'ရူပသတရထုံးစံပူဇော်ပွဲ' ဟု ခေါ်ကြလေသည်။

ထိုကဲ့သို့ အင်္ဂါရုပ်များနှင့်အညီ နက္ခတ်တာရာ အရှင်သခင်များတို့ ပူဇော်သက္ကာရ ပြုသူများသည် ကွယ်လွန်သောအခါ ကောင်းကင်၌ ကြယ်တစ်ပွင့်အဖြစ်နှင့် တည်ရှိနေပြီး အချိန်တန်၍ လူ့ပြည်လူ့လောကသို့ ပြန်လည်ဆင်းသက်ရသောအခါမှာလည်း မင်း၊ မိဖုရား၊ ချမ်းသာကြွယ်ဝသူတို့ဘဝသို့ ရောက်ကြရခြင်း၊ ပညာဉာဏ် ထက်မြက်ထူးချွန်ကြခြင်း၊ ရုပ်ဆင်းအင်္ဂါ ချောမောလှပခြင်း အစရှိခြင်း၊ နာမည်ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သတင်း ကျော်ဇောထင်ရှားခြင်းနှင့် လူပြည်မှ ဘဝပြောင်းသောအခါ မှာလည်း အပါယ်လေးဘုံသို့ မရောက်နိုင်ဘဲ ကောင်းရာသုဂတိ ဘုံဘဝ များသို့သာ ရောက်ကြရခြင်း အစရှိသော ကောင်းကျိုးချမ်းသာများကို ရရှိနိုင်ကြလေသည်။

(၁၂)လ ရာသီစက်ဝန်းတွင် မိဂသီနက္ခတ်မှ စတင်၍ စန္ဒြမာသ တစ်ဆယ့်နှစ်လတို့ကို ကေသဝ၊ နာရာယန၊ မဓဝ၊ ဂေါဝိန္ဒ၊ ဗိဿနိုး၊ မဒုထုဒန၊ တရိဝိကရ၊ မဝါမန၊ သီရိဒါရ၊ ဟာရိသျှိကေသ၊ ပဒုဗနဘနှင့် ဒိမိုဒါရတို့ အသီးသီး အုပ်စိုးကြလေသည်။

(လတိုင်း(၁၂)လတိုင်အောင် ဥပုသ်သီတင်း စောင့်ထိန်း၍ ကေသဝအရှင်ကို ပူဇော်ပသ,သူသည် သံသရာခရီးတလျှောက်လုံး ကောင်းကျိုးချမ်းသာများ ရရှိစေနိုင်ပေသည်။)

အာကာသ နက္ခတ်တာရာခန်းမဆောင် တစ်နေရာတွင် သီးခြားထားသော အခန်းတစ်ခန်းရှိပြီး ထိုအခန်းထဲတွင် ကြီးမားသော နက္ခတ်အရှင်သခင် ရုပ်တုကြီး ထားလေသည်။ ထိုရုပ်တုကြီးရှေ့တွင် ဆရာကြီး စိတြအပါအဝင် မရဏာစေတမန် သုတ်သင်ရေးဂိုဏ်းတွင် ပါဝင်သော နက္ခတ်ပညာရှင်များ ရောက်နေကြသည်။

သို့သော်လည်း သူတို့အဖွဲ့မှာ ပါဝင်သော ဘူတန်မှ နက္ခတ်ပညာရှင် ဒိုဂျီကတော့ မပါဝင်နိုင်တော့ပေ။

သူတို့အဖွဲ့တွင် မဟူရာ အပါအဝင် စုစုပေါင်း(၈)ယောက် ရှိသော်လည်း ယခုတော့ (၇)ယောက်သာ ရောက်လာနိုင်ကြတော့သည်။

ဆရာကြီးစိတြက နက္ခတ်အရှင်သခင် ရုပ်တုရှေ့တွင် ဆီမီးခွက်၊ အမွှေးနံ့သာတိုင်၊ ဆန်မန်းပေါက်ပေါက်၊ ထောပတ်၊ ဒိန်ခဲ၊ သစ်ခွပန်းခိုင်များဖြင့် ပူဇော်ထားလေသည်။





ဆီမီးခွက်များထဲသို့ အမွှေးနံ့သာခဲများ ထည့်ထားသောကြောင့် ထိုမှထွက်လာသော မီးခိုးငွေ့များက အခန်းတစ်ခုလုံး မွှေးကြိုင်သင်းပျံ့လျက်ရှိနေသည်။

ထို့ပြင် နက္ခတ်အရှင်သခင်ရှေ့တည့်တည့်တွင် မီးတောက်မီးခဲများ ရှိနေသော မီးခွက်ကြီးတစ်ခု ချထားပြီး ထိုမီးများထဲသို့ နံ့သာဖြူ တရမက်၊ သစ်မွှေးသားများ ထည့်ပေးထားသောကြောင့်လည်း မီးခိုးငွေ့များဖြင့် ဝေဝါးနေသည့်အခန်းထဲတွင် နံ့သာရနံ့များက ကြိုင်နေလေတော့သည်။

ဆရာကြီးစိတြအပါအဝင် အဖွဲ့သားများက ထိုရုပ်တုကြီးရှေ့တွင် ငြိမ်သက်စွာဖြင့် ဆုတောင်းသမှု ပြုနေကြလေသည်။

မကြာသေးမီအချိန်က ၎င်းတို့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒိုဂျီ သေဆုံးသွားခဲ့သည်။

မြွေလူသား ဆာတကို သတ်ဖြတ်သုတ်သင်ရန် ကြိုးစားရင်းနှင့် မမျှော်လင့်သော အန္တရာယ်ဆိုးနှင့် ကြုံတွေ့ကာ မီးလောင်သေဆုံးသွားခဲ့ရခြင်းဖြစ်လေသည်။

ထို့ပြင် ၎င်းကို ပေးအပ်ထားသော မရဏာဓားတစ်လက်ပါ ဆုံးရှုံးသွားခဲ့ရသည်။

ယခု ကျန်အဖွဲ့သားများက နက္ခတ်အရှင်သခင် ရုပ်တုရှေ့တွင် ၎င်းအတွက် ဆုတောင်းပေးနေကြခြင်းဖြစ်သည်။

ငြိမ်သက်နေသောခန်းမထဲမှာ ဆရာကြီးစိတြအသံက လေးလေးမှန်မှန်ဖြင့် ပေါ်ထွက်နေလေသည်။

"သင်သည် လင်းလက်သော ကြယ်တစ်ပွင့် ဖြစ်သည်။ ရဲရင့်သော နက္ခတ်တာရာရှင်လည်း ဖြစ်ပေသည်၊ ယခုအခါ အသက်စွန့်ရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် ကောင်းမြတ်သော အသက်စွန့်ရခြင်းပင်ဖြစ်သည်၊

အများကောင်းကျိုးအတွက် သယ်ပိုးဆောင်ရွက်ရင်းနှင့် သေဆုံးရခြင်းသည် သူရဲကောင်းတို့ သေဆုံးရခြင်းမျိုးပင် ဖြစ်ပေသည်၊

သင့်ဝိညာဉ်အတွက် ကျွန်ုပ်တို့က နက္ခတ်တာရာ အရှင်သခင်များ ရှေ့မှောက်မှာ ဆုတောင်းပေးပါမည်၊

သင် ကောင်းရာသုဂတိ ဘုံဘဝသို့ ရောက်နိုင်ပါစေ၊

သင်၏ဝိညာဉ်သွားရာ ခရီးလမ်းတစ်လျှောက်မှာ သက်ဆိုင်ရာ နက္ခတ်တာရာ အရှင်သခင်များနဲ့ နတ်ဒေဝတာတို့က ကူညီစောင့်ရှောက်ပေးနိုင်ပါစေသတည်း၊ ကောင်းသောလမ်းကို သွားနိုင်ရန် လမ်းပြပေးနိုင်ကြပါစေသတည်း"

ထိုသို့ပြောပြီးသောအခါ နောက်မှာ ရှိနေသော အဖွဲ့သားများကပါ သက်ဆိုင်ရာ ဘာသာအလိုက် ဝိုင်းဝန်းဆုတောင်းပေးကြလေသည်။

ထို့နောက်တွင် ဆရာကြီးစိတြက ဆက်လက်တိုင်တည်ပြန်လေသည်။

"နက္ခတ်အရှင်သခင်တို့ခင်ဗျား. . .

ကျွန်ုပ်တို့သည် မကောင်းသော မိစ္ဆာတို့အား သုတ်သင် ဖယ်ရှားရေး တာဝန်ကို ဆက်လက်ဆောင်ရွက်ကြမည် ဖြစ်ပါသည်၊

ထိုအတွက် အသက်စွန့်ရလျှင်လည်း ဝန်လေးကြမည် မဟုတ်ပါ၊

သို့ကြောင့် ကျွန်ုပ်တို့အဖွဲ့သားများ၏အသက်ကို နက္ခတ်တာရာ အရှင်သခင်တို့အား အပ်နှင်းပါ၏၊

ကျွန်ုပ်တို့အားလုံး ဘေးအန္တရာယ် ကင်းရှင်းကြပါစေရန် စောင့်





ရှောက်ပေးပါကုန်လော့၊ ဆောင်ရွက်သောကိစ္စများ ပြီးအောင်လည်း ကူညီစောင့်ရှောက်ပေးတော်မူကြပါကုန်လော့၊

ပေးတော်မူကြပါကုန်လော့. . .

ပေးတော်မူကြပါကုန်လော့. . ."

ဟု ပြောကာ ပြောဆိုတိုင်တည်မှုများကို အဆုံးသတ်လိုက်လေသည်။

ထို့နောက် နက္ခတ်အရှင်သခင် ရုပ်တုကြီးကို တစ်ယောက်ချင်း ဖူဇော်ပသမှုများ ပြုပြီး ထိုအခန်းထဲမှ ပြန်ထွက်သွားကြလေသည်။

၎င်းတို့ ထွက်သွားပြီးသောအချိန်တွင် နက္ခတ်အရှင်သခင် ရုပ်တုကြီး၏မျက်လုံးနေရာ တစ်ဖက်တစ်ချက်မှ သွေးများ စီးကျလာသည်ကိုတော့ သူတို့အားလုံး သတိမပြုမိကြတော့ပေ။

၎င်းတို့ ခန်းမဆောင်ကြီးအတွင်းသို့ ရောက်သောအခါ နက္ခတ်တာရာခန်းမဆောင်ရှေ့သို့ မြင်းလှည်းတစ်စီး ရပ်လာသည်ကို လှမ်းမြင်ရသည်။

ထို့နောက် လူနှစ်ယောက်က သေတ္တာတစ်လုံးကို မ,ယူလာပြီး အတွင်းသို့ ဝင်လာသည်။

ဒေါက်တာမင်းထင်ကျော်က တံခါးဝနား ထွက်သွားပြီး မေးလိုက်သည်။

"ဘာကိစ္စရှိကြလို့လဲ"

"ကျွန်တော်တို့က စာပို့ဌာနကပါ၊ နက္ခတ်တာရာခန်းမဆောင် လိပ်စာနဲ့ ပါဆယ်ထုပ်တစ်ထုပ် ရောက်လာလို့ လာပို့ပေးတာပါ"

ကြည့်လိုက်တော့ အနက်ရောင်ဆေးသုတ်ထားသောသေတ္တာ တစ်လုံးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလျားတစ်ပေ အနံခြောက်လက်မခန့် ရှိသည်။

သေတ္တာအဖုံးပေါ်မှာ နက္ခတ်တာရာခန်းမ လိပ်စာကို ရေး ထားသည်။

ပို့သူလိပ်စာကတော့ မပါပေ။

"ဘယ်က ပို့လိုက်တာလဲ"

"လူတစ်ယောက်က ပို့ခိုင်းလိုက်တာ ဖြစ်ပါတယ်၊ သူ့လိပ်စာကို သို့ဝှက်ထားဖို့လည်း မှာသွားပါသေးတယ်"

ထို့ကြောင့် ထွေထွေထူးထူး ထပ်မေးမနေတော့ဘဲ ထိုသေတ္တာ နက်ကို လက်ခံယူထားလိုက်သည်။

လာပို့ပေးသူများ ပြန်သွားတော့မှ တံခါးပြန်ပိတ်လိုက်ပြီး သေတ္တာကို အတွင်းသို့ ယူလာလေသည်။

ထို့နောက် အဖွဲ့သားများရှေ့မှာပင် သေတ္တာအဖုံးကို ဖွင့်ကြည့် လိုက်သည်။

"ဟင်. . ."

"ဟာ. . ."

မြင်ကွင်းက ထိတ်လန့်ဖွယ်ရာကောင်းသော မြင်ကွင်းမျိုး ဖြစ် သည်။

သေတ္တာထဲမှာ အဖုံးပိတ်ထားသော ခေါင်းတလား ပုံသဏ္ဌာန် သေတ္တာအသေးလေး (၈)လုံးကို အစီအရီ ထပ်ထားလေသည်။

"ခေါင်းတလားလေးတွေပါလား"

ဒေါက်တာမင်းထင်ကျော်က အပေါ်မှ တစ်လုံးကို ယူ၍ အဖုံး ဖွင့်ကြည့်လိုက်သည်။

အတွင်းမှာတော့ ခြေလက်အင်္ဂါ အစုံအလင်ပါသော လူရုပ်





တလေးများ ထည့်ထားသည်။

လူရုပ်များကို ဖယောင်းများဖြင့် ပြုလုပ်ထားပြီး ဆံပင်မွေး၊ မျက်ခုံးမွေး၊ မျက်လုံး၊ သွား စသည်တို့မှာ လူတစ်ယောက် ခန္ဓာကိုယ်မှ အစိတ်အပိုင်းများပင်ဖြစ်သည်။

ထိုလူရုပ်ကလေးများ ကိုယ်ပေါ်မှာလည်း ပင်အပ်အရွယ် လောက်သာ ရှိသည့် အပ်ချောင်းကလေးများ စိုက်ထွင်းထားသည်ကို လည်း တွေ့ရသည်။

ခေါင်းတလား(၈)လုံးကို တစ်ခုစီ အဖုံးဖွင့်ကြည့်သောအခါ (၇)လုံးတွင် လူရုပ်ကလေးများ ရှိနေပြီး ကျန်တစ်လုံးထဲမှာတော့ မီး လောင်ခံထားရသော လူတစ်ယောက်၏ခန္ဓာကိုယ် အစိတ်အပိုင်းများ ဖြစ်သော မျက်လုံး၊ နားရွက်၊ နှာခေါင်း၊ သွား၊ ခြေချောင်းလက်ချောင်း တလေးများကို ဖြတ်တောက်ထည့်ထားသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ကြရသည်။

ထိုအခြေအနေကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော် မှာ ကောင်းစွာသဘောပေါက်သွားလေသည်။

"ဒီသေတ္တာနက်ကို ပို့လိုက်တာ တခြားမဟုတ်ဘူး၊ မြွေလူသား ပို့လိုက်တာဖြစ်မယ်၊ ဒီခေါင်းတလားထဲမှာ ထည့်ထားတာတွေကလည်း သူ့ကို သတ်ဖို့ ကြိုးစားရင်း မီးလောင်ပြီး သေသွားတဲ့ ဒိုဂျီရဲ့ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေပဲ ဖြစ်မှာ သေချာတယ်"

ဟု ပြောပြရာ အားလုံးမှာ စိတ်မကောင်း ထပ်ဖြစ်ကြရပြန် သည်။

"ဒီခေါင်းတလားလေးတွေကို ဘယ်လိုသဘောမျိုးနဲ့ ကျုပ်တို့ဆီ ပို့လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရုပ်တုကို အပ်စိုက်ပြီး ပြုစားတဲ့နည်းကို အသုံးပြုထားတာပါ"

"ဒီပြုစားနည်းတွေက တကယ်ရော သက်ရောက်မှု ရှိနိုင်ရဲ့လား"

"ရှိပါတယ်. . . အနောက်နိုင်ငံ အတော်များများမှာ ဒီနည်းတွေကို သုံးလေ့ရှိပါတယ်၊ အများအားဖြင့်တော့ အာဖရိကတိုက် ကွန်ဂိုနိုင်ငံပိုင် တောနက်ကြီးတွေထဲမှာ နေထိုင်ကြတဲ့ လူရိုင်းတွေ မှော်ဆရာနဲ့ ဆေးဆရာတွေ အသုံးပြုကြတဲ့နည်းမျိုး ဖြစ်ပါတယ်၊ ပထမတော့ ပယောဂ ကုတဲ့နေရာမှာ အသုံးပြုကြတာ ဖြစ်ပေမယ့် နောက်ပိုင်းမှာတော့ ပြုစားတဲ့နေရာတွေမှာပါ အသုံးပြုလာကြပါတယ်"

ရှေးဟောင်းလူတို့မှ ဆင်းသက်လာသော ပြုစားနည်းတို့မှာ ကမ္ဘာ့နေရာအနှံ့အပြားတို့တွင် နည်းအမျိုးမျိုးဖြင့် ပြန့်နှံ့ထွန်းကားခဲ့လေသည်။

ပြုစားနည်း အမျိုးမျိုးအနက် အောက်ပါနည်းများကို အတွေ့ရများသည်။

၁။ အပင်းသွင်းခြင်း

၂။ ရုပ်တုလုပ်၍ (ယခုခေတ် ၂ ဓါတ်ပုံကို ယူ၍) အပ်စိုက်ခြင်း၊ မီးရှို့ခြင်း သို့မဟုတ် တစ်မျိုးတစ်မည် စီရင်ခြင်း။

၃။ ဆံပင်ဖြတ်စ လက်သည်းခြေသည်းဖြတ်စ၊ ကျင်ငယ်ကျင်ကြီး သို့မဟုတ် အကျီအဝတ်အစားကို ယူ၍ တစ်မျိုးတစ်မည် စီရင်ခြင်း၊

၄။ လိပ်ပြာဖမ်းထား ချုပ်ထားခြင်း၊

၅။ အစိမ်းတိုက်ခြင်းတို့ ဖြစ်သည်။





ရုပ်တုလုပ်၍ အပ်စိုက်ခြင်း၊ မီးရှို့ခြင်း စသည့် ပြုစားနည်းများကြောင့် ဝေဒနာ ခံစားနေရသည်ဟု အထင်ရှိလျှင် သမားသည် ပြုစားသူကို တန်ပြန်ပြုစားခြင်းအားဖြင့် လက်လျှော့စေရမည်။

နတ်မေးသော်လည်း ပြုစားသူ မပေါ်လျှင် ဘုရားရှိခိုးစေခြင်း၊ သီလဆောက်တည်စေခြင်း စသည်တို့အားဖြင့် ကုသမည်။

နတ်မကြိုက်သော အပြစ်တစ်ခုခုကို ကျူးလွန်မိ၍ ဝေဒနာခံစားနေရသောလူနာကို သမားသည် လူနာအား ဝန်ချစေ၍ လူနာ၏ကိုယ်စား နတ်များအား ပူဇော်သက္ကာရ ပြုပေးပြီး အပြစ်ဒဏ်ကျေအောင် သီလဆောက်တည်စေသည်။

လူနာကို အစိမ်းသရဲ မှီကပ်နေလျှင် သို့မဟုတ် ဝင်ပူးနေလျှင် သမားသည် အစိမ်းသရဲကို တနည်းနည်းအားဖြင့် နှင်ထုတ်မည်။

အလပ်ဆကားပြည်တွင် ကိုနီယားဂါး အိန္ဒိယ(Koniaga Indian) အမျိုးသားသမားသည် လူနာနှင့် နပန်းလုံး၍ အစိမ်းကို နှင်ထုတ်သည်။

ဆယ်လီဗီး(Celebes)ကျွန်းအားသမားသည် လူနာကို ကြိမ်လုံးဖြင့် ရိုက်နှက်၍ သရဲကို နှင်သည်။ မွှန်သောအငွေ့များအားဖြင့် လူနာကို မှိုင်းတိုက်၍ သရဲကို နှင်သည့်နည်းကိုလည်း သမားအများပင် ကျင့်သုံး လေ့ရှိသည်။

တောင်အမေရိကတိုက်တွင် သမားအများ နှစ်သက်သော အစိမ်းသရဲ နှင်ထုတ်နည်းမှာ လူနာ၏အသားကို ကုတ်ခြစ်၍ သို့မဟုတ် သွေးပြန်ကြောကို ဖောက်၍ သွေးထုတ်ခြင်းပင်ဖြစ်သည်။ သွေးနှင့်အတူ သရဲထွက်သွားရမည်ဟု ယုံကြည်သည်။

အစိမ်းသရဲကို လူနာမှ အခြားသူတစ်ဦး သို့မဟုတ် တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်၊ သို့မဟုတ် အသက်မဲ့ ဝတ္ထုတစ်ခုသို့ ပြောင်းရွှေ့စေသော နည်းကိုလည်း သမားအများ ကျင့်သုံးတတ်သည်။

ပသျှူးကျွန်းစုပိုင် အချို့ကျွန်းများပေါ်တွင် သမားသည် ထန်းရွက်ကို ယူ၍ ယမင်းရုပ်တစ်ခု လုပ်သည်။

ယမင်းရုပ်ကို လူနာ၏ ဦးခေါင်းထက်၌ ထား၍ ယမင်းရုပ်ရှေ့ လူနာ၏နဖူးပေါ်တွင် အစားအစာ တင်ထားသည်။

သရဲသည် လူနာ၏ကိုယ်တွင်းမှ ထွက်လာ၍ နဖူးပေါ်ရှိ အစားအစာကို စားသည်။

ယင်းနောက် ကျန်သေးသော အစားအစာကို စားဖို့ရာ ယမင်းရုပ်အတွင်းသို့ ဝင်သွားသည်။

ထိုအခိုက်တွင် သမားသည် ယမင်းရုပ်ကို ဆွဲယူသွား၍ ဦးခေါင်းကို ဖြတ်ပယ်လိုက်သည်။

တီးမော-လောက် (Timor-Lout) ကျွန်းပေါ်သားသမားသည် ဝက်ရူးပြန် ဝေဒနာသည် လူနာကို ငှက်သဏ္ဌာန်ရှိသော တစ္ဆေဝင်ပူးနေသောကြောင့် ဖြစ်ကြောင်း ယုံကြည်သဖြင့် ငှက်ရုပ်များ လုပ်၍ ခေါ်စာကျွေးသည်။

ငှက်ရုပ်များအတွင်းသို့ မကောင်းဆိုးဝါးများ ဝင်ရောက်သွားသောအခါ၌ ယင်းတို့ကို လေးမြားနှင့် ပစ်ခွင်းလေသည်။

မန္တန်ရွတ်ခြင်းသည် အစိမ်းသရဲတို့ကို နှင်ထုတ်ရာတွင် အစွမ်းဆုံးလက်နက်ဖြစ်သည်။

ထို့ကြောင့် အထက်ပါ ကျင့်ထုံးနည်းတို့တွင် မန္တန်ကိုလည်း ရွတ်ဆိုလေ့ရှိသည်။

အမေရိကန်၊ အိန္ဒိယ၊ နာဝဟိုး အမျိုးသားသမားသည် သဲပုံ





အင်း စီရင်၍ မကောင်းဆိုးဝါးများကို နှင်ထုတ်သည်။

အင်းစီရင်ရာတွင် သဲနှင့် ရောင်စုံကျောက်မှုန့်များကို ယူ၍ နေနတ်သား၊ လနတ်သား၊ လေနတ်သား၊ သက်တံ၊ လူသူတိရစ္ဆာန် အမျိုးမျိုးတို့ကို ကိုယ်စားပြုသည့် သင်္ကေတများမှစ၍ အခြားသင်္ကေတများစွာတို့ကို လိုရာအဓိပ္ပါယ်ဖော်၍ စီရင်သည်။

သဲပုံအင်းသည် အချင်းတစ်ဆယ့်နှစ်ပေ ရှည်သည်အထိ ကြီးနိုင်သည်။

လူနာကို ဆေးရွက် ဆေးမြစ် တစ်မျိုးစီပြုတ်၊ ရေပူငွေ့ခံ၍ ချွေးအောင်းစေပြီးနောက် သဲပုံအင်းအလယ်၌ ထား၍ ကိုးရက်တိုင်တိုင် နတ်ကနား ပေးသည်။

အင်းအစီအရင် မှန်ကန်လျှင် နတ်များက မကောင်းဆိုးဝါးတို့တို့ သက်ဆိုင်ရာ သင်္ကေတများအတွင်းသို့ နှင်ပေးသည်။

ထိုအခါ သမားသည် မန္တန်သီချင်းကို သီဆိုကာ စွန်ငှက်မွေးဖြင့် တန်ဆာဆင်ထားသည့် တောင်ဝှေးဖြင့် မကောင်းဆိုးဝါး သင်္ကေတများကို ချေဖျက်သည်။

ရှေးဟောင်းလူမျိုးတို့၏ဆေးအတတ်ပညာသည် မှော်အတတ်ပညာ ကိုးကွယ်သည့် ဘာသာတရားတို့နှင့် များစွာဆက်စပ်လျက် ရှိသောကြောင့် မှော်ကုထုံးနှင့် ဘုရားကုထုံးများကို ဦးစွာဖော်ပြရပေသည်။

သို့ရာတွင် ဤကုထုံးများတွင်ပင် တစ်နည်းအားဖြင့် သွေးရိုးသားရိုး ကုနည်းများကိုလည်း ကျင့်သုံးကြောင်း တွေ့ရပေသည်။

ဤအချက်တွင် သွေးရိုးသားရိုး ကုနည်းဆိုသည်မှာ မှော်ကုထုံး ဘုရားကု ကုထုံးတို့တွင်လည်း ထည့်သွင်းကျင့်သုံးလေ့ရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း ထင်ရှားသိမြင်နိုင်သော ရူပဗေဒဓါတ်အားဖြင့် ကုနည်း၊ ဓာတ်စာကျွေး၍ ကုနည်းနှင့် ဗိန္ဒောဆေးကျွေး၍ ကုနည်းတို့ကို ဆိုလိုသည်။

ရှေးဟောင်းလူမျိုးတို့သည် များသောအားဖြင့် သွေးရိုးသားရိုး ဝေဒနာငယ်များကို သိနိုင်ကြောင်း၊ ဤဝေဒနာငယ်များကို မိမိတို့ ကိုယ်တိုင် ဆေးကုနိုင်ကြောင်း၊ သက်သာရာ မရသေးလျှင် သမားကို ဆည်းတပ်ရန်မလို၊ ဗိန္ဒောဆရာကိုသာ ဆည်းကပ်ကြောင်း အလေ့အထများ ရှိခဲ့ကြသည်။

တစ်ခါတစ်ရံ၌ ဝေဒနာကြီးသော်လည်း လူသူအများတို့အား ကျရောက်တတ်သောကြောင့် ရောဂါဆန်း မဟုတ်၊ သွေးရိုးသားရိုး ရောဂါဟုပင် သိအပ်သော ရောဂါများလည်း ရှိသည်။

ပုံစံအားဖြင့် ငှက်ဖျား၊ ကာလသားရောဂါ၊ ချောင်းဆိုးသွေးပါ ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ကျောက်ကြီးရောဂါ စသည့်ရောဂါများ တည်း။

သွေးရိုးသားရိုးရောဂါများကို ဆေးကြိတ်အုံခြင်း၊ သွေးထုတ်ခြင်း၊ နှိပ်နယ်ပေးခြင်း၊ ဆေးရွက်ဆေးမြစ်ပြုတ် ရေပူငွေ့တိုက်၍ ချွေးထုတ်ခြင်း၊ သွေးဆွဲခြင်း၊ (Counter irritation)စသည့် ကုထုံးများကို ကျင့်သုံး၍ ကုသကြသည်။

ဤကုထုံးများကို ကျင့်သုံးခြင်းအားဖြင့် နာကျင်သည့် ဝေဒနာနှင့် အခြားသောဝေဒနာများ သက်သာရာရကြောင်း တွေ့ကြုံရများ၍ လူသူအများ ကျင့်သုံးကြသောကြောင့် ယင်းတို့ကို သွေးရိုးသားရိုးကုထုံးဟု ခေါ်အပ်၏။

ဆေးရွက်ဆေးစေ့များကို ကြိတ်၍အုံရာ၌ အုံသည့် ကိုယ်လက်





အင်္ဂါပိုင်းတွင် ပူလာ၍ နာကျင်သည့်ဝေဒနာ သက်သာသွားသည်။

သို့ရာတွင် ကြိတ်ဆေးအုံ၍ အပင်းနုတ်သည့် မှော်ကုထုံးလည်း ရှိသည်။

သမားသည် ကြိတ်ဆေးအတွင်းမှ အပင်းကို ယူ၍ပြနိုင်ပေလိမ့်မည်။

အဆုတ်ရောင်၊ အဖျားရောဂါ၊ ရင်တွင်းမြှေးရောင်ရမ်းနာနှင့် အခြားသော အဖျားရောဂါတို့တွင် ရှေးဟောင်းလူမျိုးအများပင် သွေးထုတ်၍ ကုသလေ့ရှိသည်။

သို့ရာတွင် သမားသည် အစိမ်းသရဲ နှင်ထုတ်ရာတွင်လည်း သွေးထုတ်ခြင်းကို ကျင့်သုံးသည်။

ကိုယ်လက်ကောင်းစွာ ဆုပ်နယ်ပေးသဖြင့် ခါးကြောနာခြင်း ဆေဒနာနှင့် ဒူလာဝေဒနာတို့ သက်သာရာရကြောင်း လူတိုင်းလိုလို သိကြသည်။

သို့ရာတွင် ရှေးဟောင်းလူမျိုး သမားတို့သည် အစိမ်းသရဲ နှင်ထုတ်ရန်အတွက်လည်းကောင်း၊ အပင်းကို ပါးစပ်ဖြင့် စုပ်ထုတ်ရန် အသားကို ပြင်ဆင်ခြင်းအတွက်လည်းကောင်း၊ ကိုယ်လက် ဆုပ်နယ်ခြင်းကို ကျင့်သုံးသည်။

ရေပူငွေ့တိုက်၍ ချွေးထုတ်ခြင်းသည်လည်း လူသူအများ ကျင့်သုံးတတ်သည့် ကုထုံးဖြစ်သည်။

သို့ရာတွင် အကုသိုလ် စင်ကြယ်သွားအောင် ဂင်္ဂါမြစ်ထဲ၌ ရေချိုးကြသကဲ့သို့ အကုသိုလ် ထွက်သွားအောင် ချွေးအောင်းသည်လည်း ဖြစ်နိုင်ကောင်း၏။

ရှေးဟောင်းလူမျိုးများအနေဖြင့် ဆေးဘက်ဝင်ကြောင်း သိကြ



www.burmeseclassic.com

www.burmeseclassic.com



သော အပင်ပေါင်းမှာ အလွန်များသည်။

ဤသည်မှာ ချီးကျူးဖွယ်ရာဖြစ်သည်။

ရှေးဟောင်းလူမျိုးများ သုံးစွဲကြသည့်ဆေးပင်များမှ သတ္တိ ထုတ်ယူ၍ ကျွန်ုပ်တို့ ယခုထက်တိုင် သုံးစွဲနေကြသော ဆေးစွမ်း ကောင်းများမှာ မော်ဖီယာ(Morphia)၊ ကိုကာ(Coca)၊ ဆင်ကိုးနား (Cinchona)၊ အက်ဖီဒရင်း(Ephidrine) ကက်ဖင်း(Caffeine)၊ ကပ် စကားရားဆဂဒရား (Cascara sagadra)၊ ဒစ်ဂျပ်တေးလစ် (Digi-talis)၊ အက်မက်တင်း(Emetine) စသည်တို့ ဖြစ်သည်။

ရှေးဟောင်းလူမျိုးတို့သည် ဆေးပင်များမှ အရွက်၊ အခေါက် အမြစ်၊ အသီးအပွင့် သို့မဟုတ် ပဥ္စငါးပါးလုံး ယူ၍ ရေနွေးဖြောရည် ပြုတ်ရည်တို့ကို တိုက်ကျွေးသည်။

သို့မဟုတ်ပါက အမှုန့်ထောင်း၍ သစ်စေ့ဆီ သားကောင်၏ အဆီတို့နှင့် ရောစပ်ပြီးနောက် လိမ်းဆေးအဖြစ် သုံးကြသည်။

ဆေးရည်ကို စအိုတွင်းသို့ သစ်သားပြွန်တစ်ခုအားဖြင့် မှုတ် သွင်း၍လည်း ကုသည်။

ဆေးပေးရာတွင်လည်း ရှေးဟောင်းလူမျိုး သမားသည် မန္တန် သီချင်းကို ရွတ်ဆိုတတ်သည်။

ပုံစံအားဖြင့်. . .

ချီရိုကီး(Cherokee) အမျိုးသားသမားသည် လူနာအား သည်း ခြေရည် အန်ဆေး မတိုက်ကျွေးမီ အောက်ပါမန္တန်ကို ရွတ်ဆိုသည်။

"ဟော. . . လာပြီ၊

မော်ဆရာကြီး ဦးမြွေပါ၊

နားစွင့်ပါ၊ ဟော. . . လာပြီ၊





မော်ဆရာကြီး ဦးမြွေပါ၊

ပိတ်ဖြူပေါ် ခြေချကာ

သည်းခြေရည်ကို ထုတ်လိုက်ပါ၊

မော်ဆရာကြီး ဦးမြွေပါ၊

အဝေးသို့သာ ဆောင်သွားကာ

အင်းကြီးထဲသို့ စွန့်လိုက်ပါ။

မော်ဆရာကြီး ဦးမြွေပါ

သက်သာရာရပြီ တစ်ခါ၊

မြန်စွာ။ ။

ဖွံ့ဖြိုးသော ရှေးဟောင်းလူမျိုးတို့တွင် အတွေးလည်း ကောင်း၊ လက်လည်း မြောက်သော အတတ်ပညာများ ရှိကြသည်။

ရှေးခေတ်ကတည်းက ဆင်းသက်လာခဲ့သော ပညာရပ်များမှာ နောက်ပိုင်းတွင် အသုံးပြုသူတို့အပေါ်မှာ မူတည်ပြီး ပြောင်းလဲမှုများ ဖြစ်သွားခဲ့ကြလေသည်။

ရုပ်တုကို အပ်စိုက်ခြင်း၊ သွေးဖြင့် လောင်းခြင်း၊ ခြေလက်အင်္ဂါ များအား ဖြတ်တောက်ခြင်း၊ မီးရှို့ခြင်း၊ အပင်းသွင်းခြင်း၊ မြေမြှုပ် သင်္ဂြိုဟ်ခြင်း၊ ရေမျှောပစ်ခြင်း စသော ပြုလုပ်ချက်များမှာ ရှေးအခါက ရောဂါစွဲကပ်နေသော လူနာအတွက် ယတြာချေသည့်သဘောမျိုးဖြင့် ပြုလုပ်ပေးခဲ့ကြခြင်းဖြစ်သည်။

လူနာကို ပြုလုပ်ပေးရမည့်အစား လူနာ၏ကိုယ်စား ရုပ်တုဖြင့် ပြုလုပ်ပေးသော ရောဂါကုသခြင်းမျိုးဖြစ်၏။

နောက်ပိုင်းရောက်လာတော့ ပယောဂဆရာ မော်ဆရာတို့က ရန်သူ ငင်းတို့ ဒုက္ခရောက်စေလိုသောသူ၏ကိုယ်စား ရုပ်တုပြုလုပ်ကာ နည်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုး သုံး၍ နှိပ်စက်ကြခြင်းပင် ဖြစ်တော့သည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့ရှေ့ စားပွဲပေါ်မှာ ချထားသော အရုပ်ကလေးများ ထည့်ထားသည့် ခေါင်းတလားငယ်ကလေးများအကြောင်းကို အတိုချုပ်ပြီး ရှင်းပြသောအခါမှ ကျန်လူများမှာ အတန်အသင့် သဘောပေါက်ကြလေသည်။

"အနောက်နိုင်ငံတစ်ခုမှာ လူသတ်မှုပေါင်းများစွာကို ကျူးလွန်ခဲ့တဲ့ လူသတ်သမားတစ်ယောက်ကို ဖမ်းမိခဲ့ပြီးတဲ့နောက်မှာ လူသေထည့်ဖို့အတွက် လုပ်ထားတဲ့ ခေါင်းတလားငယ်လေးတွေနဲ့ သစ်သားနဲ့ ပြုလုပ်ထားတဲ့ လူရုပ်ကလေးတွေကိုပါ တွေ့ကြရတယ်"

"ဘယ်လိုသဘောမျိုးနဲ့ လုပ်ထားတာလဲ"

"ပထမတော့ သူ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဒီအရုပ်တွေ လုပ်ထားတယ်ဆိုတာ သဘောမပေါက်ခဲ့ကြပါဘူး၊ လူသတ်သမားကို ကြိုးပေး ကွပ်မျက်ခဲ့ပြီးနောက်ပိုင်း နှစ်ပေါင်းအတော်ကြာတဲ့အခါ သူ နေသွားတဲ့နေရာရဲ့မြေအောက်မှာ ခေါင်းတလားငယ်ကလေး(၁၇)လုံးကို တူးဖော်ရခဲ့ကြတယ်"

"အတော်ဆန်းကြယ်တာပဲ"

"ဟုတ်ပါတယ်. . . သုတေသနပညာရှင်တွေ တွေ့တဲ့ပုံစံမျိုးက အဲ့ဒီခေါင်းတလားငယ်လေးတွေနဲ့ အရုပ်တွေကို လူတစ်ယောက် သင်္ဂြိုဟ်ထားတဲ့အတိုင်း သေသေချာချာ မြှုပ်နှံသင်္ဂြိုဟ်ထားတာကိုလည်း တွေ့ကြရတယ်"

"အဲဒါက ဘယ်လိုသဘောမျိုးလဲ"

"သူက လူတွေကို သတ်ခဲ့ပေမယ့် သူ သတ်ခဲ့တဲ့လူတွေကို သူကိုယ်တိုင် ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးချင်ပုံ ရပါတယ်၊ ဒါ





ကြောင့် သေတဲ့လူတွေရဲ့ကိုယ်စား အရုပ်ကလေးတွေ ပြုလုပ်ပြီးတော့ သင်္ဂြိုဟ်ပေးခဲ့တာ ဖြစ်မယ်လို့ သုတေသန ပညာရှင်တွေက ယူဆခဲ့ကြတယ်"

"ဒါလည်း အတော်ထူးဆန်းတဲ့ကိစ္စမျိုးပဲ၊ သူ့ကို ဖမ်းမိတဲ့အချိန်တုန်းက သူနေတဲ့နေရာမှာ နောက်ထပ်ပြုလုပ်ထားတဲ့ ခေါင်းတလားလေးတွေနဲ့ လူရုပ်ကလေးတွေပါ တွေ့ကြတယ်ဆိုတော့ တကယ်လို့သာ သူ့ကို ဖမ်းမမိသေးဆိုရင် နောက်ထပ် လူအတော်များများကို ထပ်ပြီး သတ်ဖို့ အစီအစဉ်တွေ ရှိနေတဲ့ပုံပဲ"

"ဒါထက် မြွေလူသားက ကျွန်တော်တို့အကြောင်းတွေ ရိပ်မိလို့ အခုလို သွယ်ဝိုက်တဲ့နည်းနဲ့ သတိပေးလိုက်တာလည်း ဖြစ်မှာပေါ့နော်"

"မှန်ပါတယ်. . . သူ့အကြောင်းကို ကျွန်တော်တို့က သိသွားတဲ့အချိန်မှာ သူကလည်း ကျွန်တော်တို့အကြောင်းကို ရိပ်မိနေဟန်ရှိပါတယ်၊ အခု ဒိုဂျီ သေသွားတော့ ပိုပြီးထင်ရှားသွားတာပေါ့"

"ဒါထက် ဒိုဂျီကို ပေးထားတဲ့ မရဏစားက ဘယ်ရောက်သွားပြီလဲ၊ သူရသွားပြီ ထင်တယ်"

"သူရသွားပြီးလို့သာ ဒီအကြောင်းတွေ သိသွားပြီး ကျွန်တော့်တို့ဆီကို ခေါင်းတလားတွေ ပို့ပေးလိုက်တာ ဖြစ်မှာပေါ့"

"ဒါဖြင့် ဒီပစ္စည်းတွေကို ဘယ်လိုလုပ်ကြမလဲ"

"မီးရှို့ပစ်လိုက်တာ အကောင်းဆုံးပေါ့၊ ဒါပေမယ့် ဒီအတိုင်းတော့ လုပ်လို့ မဖြစ်သေးဘူး၊ သူ့ကို တန်ပြန်တဲ့အနေနဲ့ ကျွန်တော်တို့ တတ်ကျွမ်းတဲ့ ဗေဒင်ပညာ ယတြာတွေနဲ့ လုပ်ရမယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောပြရာ အားလုံးကလည်း သဘောတူကြလေသည်။




www.burmeseclassic.com

www.burmeseclassic.com





ရုပ်တုၷ် အပ်စိုက်၍ ပြုစားနည်း။ (အာဖရိကတိုက် ကွန်ဂိုနိုင်ငံ)




အပင်းသွင်းရန် ချိန်ရွယ်သည့် တုတ်တံများ။ (ဩစတြေးလျကျွန်း)





မြောက်အမေရိက အိန္ဒိယအမျိုးသား သမားများသုံးသည့် ဝိညာဉ်လိပ်ပြာဖမ်းတံရိယာ




ကြက်သတ္တဝါအား ရောဂါပြောင်းပေးပြီးနောက် လူနာကိုယ်မှ အစွဲအသက် များကို တံမြက်လှည်းချနေပုံ။ (အာဖရိကအနောက်ပိုင်း)





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

# ရုပ်တုမျက်နှာမှ သွေးမျက်ရည်

မေရှုသကမြို့၏အသစ်စက်စက် မြို့စားဖြစ်လာသော ဆာတာ ဆောက်လုပ်နေထိုင်သော အိမ်ကြီးမှာ နန်းတော်ကြီးတမျှ ကြီးကျယ်ခမ်းနားလှပေသည်။

သို့သော်လည်း အသေအချာ ကြည့်မည်ဆိုပါက ရဲတိုက်ဆောင်းကြီးတစ်ခုနှင့် ပိုတူလေသည်။

ဆာတာသည် ထိုအဆောက်အအုံကြီးကို စိတ်တိုင်းကျ ဆောက်လုပ်ထားပြီး အဆောင်နှင့် အခန်းပေါင်းများစွာ ပါဝင်လေသည်။

ထိုအခန်းများတွင် အပေါ်ထပ်တွင် သီးခြားပြုလုပ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခန်းလည်း ရှိပေသည်။

ထိုအခန်းမှာ ကျောက်သားနံရံများဖြင့် လေးဖက်လေးတန် ကာရံထားပြီး နေထွက်ရာ အရှေ့ဘက်၌သာ ပြတင်းပေါက်တစ်ပေါက် ရှိသည်။

ထိုပြတင်းပေါက်မှာလည်း အဖွင့်အပိတ် ပြုလုပ်နိုင်သည့် တံခါးချပ်များ မရှိဘဲ ကြည်လင်လှသော သလင်းကျောက်ပြားချပ်ကြီးကို မှန်အဖြစ် တပ်ဆင်ထားလေသည်။

အရှေ့ဘက်မှ နေရောင်ခြည် လင်းလက်လာသည်နှင့် ထိုမှန်ချပ်ကြီးမှတဆင့် အလင်းရောင်များက အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။

အခြားအချိန်မှာတော့ ထိုအခန်းထဲမှာ အလင်းရောင် မရှိပေ။

ဝင်ပေါက်တံခါးမှာ ခိုင်ခံ့သော တံခါးချပ်ကြီးတစ်ချပ် တပ်ဆင်ထားပြီး ထိုအခန်းတွင်းသို့ ဆာတ,တစ်ယောက်မှလွဲပြီး အခြားမည်သူမှ မဝင်ရပေ။

ဆာတမှာ မိသားစုများ မရှိပေ။

အိမ်စေများ အစောင့်များအပြင် ၎င်း၏လက်စွဲတော်အဖြစ် လုပ်ကိုင်နေသည့် စေတန်တစ်ဦးသာ ရှိသည်။ စေတန်မှာ မိန်းမနှင့် လသားအရွယ် ကလေးတစ်ယောက်ရှိပြီး ၎င်းအဆောက်အဦးကြီးနှင့် မနီးမဝေးနေရာတွင် သီးသန့်အိမ်တစ်လုံးဖြင့် နေထိုင်သည်။

ဆာတ၏သီးသန့်ထားသောအဆောင်ခန်းမှာ အတော် ကျယ်ဝန်းသည်။

အတွင်း၌ နတ်ကွန်းဆောင်တစ်ခုကဲ့သို့ ပြုပြင်မွမ်းမံထားလေသည်။





နံယံတွင် ဆေးရေးပန်းချီဖြင့် နက္ခတ်တာရာများ နတ်ဒေဝတာများနှင့် ရာမမင်းပုံကို ရေးဆွဲထားသည်။

သလင်းကျောက်ပြားချပ်ကြီး တပ်ထားသော အရှေ့ဘက်နံရံနှင့် မနီးမဝေးနေရာတွင် ကြီးမားသော ရုပ်တုကြီးတစ်ခု ရှိသည်။

လူ့အရွယ်အစားထက် နှစ်ဆသုံးဆခန့်ကြီးပြီး ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန်မျိုး ရှိသည်။

ကိုယ်ပေါ်မှာ အဝတ်အစား မရှိဘဲ တစ်ကိုယ်လုံးမှာ မြွေများက ပတ်ထားသည်။

ဦးခေါင်းပေါ်မှ ကျနေသည့် ဆံပင်အခွေများမှာပင် မြွေဦးခေါင်းများ ဖြစ်နေသည်။

လက်တစ်ဖက်မှာ ဓားတစ်လက်ကို ကိုင်ထားပြီး အခြားလက်တစ်ဖက်၌ ဦးခေါင်းပြတ်တစ်လုံး ကိုင်ဆွဲထားသည်။

ရှေ့ဘက်တွင် ယဇ်ပူဇော်သော ကျောက်စင်တစ်ခု ရှိသည်။ ထိုကျောက်စင်ပေါ်တွင် ဦးခေါင်းပြတ်နေသည့် လူတစ်ယောက်၏ပုံပန်းသဏ္ဌာန်ကို ပြုလုပ်ထားသည်။

ကျောက်စင်ဘေးမှ သွေးခဲသောခွက်ထဲမှာတော့ သွေးများ ရှိနေသည်။

ထိုသွေးများကတော့ သွေးအစစ်များပင် ဖြစ်သည်။

ရုပ်တုကြီး၏ပုံပန်းသဏ္ဌာန်မှာ ဘီလူးတစ်ကောင်၏မျက်နှာမျိုးကဲ့သို့ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ရုပ်တုကြီး မျက်လုံးနှစ်ဖက်နှင့် မြွေရုပ်တုများ၏မျက်လုံးများထဲမှာ အလင်းရောင် တောက်ပသည့် ကျောက်နီများ ထည့်ထားသဖြင့် အပြင်မှ ဝင်လာသော အလင်းရောင်ဖြင့် အနီရောင်များ လက်နေ

www.burmeseclassic.com



သည်။

နံနက်ပိုင်းအချိန်တွင် ဆာတသည် ထိုအခန်းထဲသို့ ရောက်လာလေသည်။

သူသည် အခန်းတွင်းသို့ ရောက်သည်နှင့် အခန်းတံခါးကို ဂျက်ထိုးပြီး ပိတ်ထားလိုက်သည်။

မည်သူမှ မဝင်စေလို မသိစေလိုသည့် သဘောပင် ဖြစ်သည်။

အရှေ့ဘက်မှ တိုးဝင်လာသော နေရောင်ခြည်များက သလင်းကျောက် မှန်ချပ်မှတဆင့် အခန်းတွင်းသို့ ရောက်နေလေသည်။

ဆာတက အခန်းတွင်း ရောက်သောအခါ ကျောက်စင်နံဘေးမှာ ရှိသော သွေးခွက်ထဲမှ သွေးများကို ဖလားတစ်လုံးဖြင့် ခပ်ယူပြီး ရုပ်တုကြီးကိုယ်ပေါ်သို့ လောင်းချပေးလိုက်သည်။

၎င်းလောင်းချလိုက်သော သွေးများက အောက်သို့ စီးကျသွားပြီး ကြမ်းပြင်ပေါ်သို့ ရောက်သွားသည်။

ရုပ်တုကြီးတစ်ကိုယ်လုံး သွေးရေများဖြင့် စွတ်စိုအောင်လောင်းပြီးတော့မှ ရှေ့မှာ ဒူးထောက်ထိုင်ပြီး လက်နှစ်ဖက်ကို ဆုပ်၍ အရှိအသေ ပေးလေသည်။

"မရဏ နက္ခတ်တာရာအရှင်. . . ကျွန်ုပ်အား လူ့လောကထဲသို့ တစ်ဖန်ပြန်လည်ရောက်ရှိအောင် ပို့ဆောင်ပေးသောကြောင့် ကျေးဇူးတင်ပါတယ်၊ ယခုအခါ ကျွန်ုပ်ပတ်ဝန်းကျင်မှာ ရန်သူများ ရှိနေပါပြီ၊ မရဏ နက္ခတ်တာရာအရှင် ကြည့်တော်မူပါ"

ဟု ပြောဆိုရေရွတ်ပြီး မီးလောင်သေဆုံးသွားသူထံမှ ရလာသော မရဏဓားကို ကျောက်စင်ပေါ်သို့ တင်ပေးလိုက်သည်။

အပြင်မှ ဝင်လာသော အလင်းရောင်အချို့က ဓားကို လာ





ရောက် ထိနေရာ ထိုနေရာမှ အလင်းရောင်များ လက်နေသည်။

"ကြည့်ပါတော့ မရဏ နက္ခတ်တာရာအရှင်၊ ဤဓားသည် ကျွန်ုပ်အား သုတ်သင်ပစ်ရန် စီစဉ်ထားသော မရဏဓားပင် ဖြစ်ပါသည်၊

ရန်သူများက ဤဓားဖြင့် ကျွန်ုပ်အား သုတ်သင်ရန် ကြိုးစားနေကြပါသည်၊

ကျွန်ုပ်အား အရှင် ကာကွယ်စောင့်ပေးတော်မူပါ၊ ရန်သူများအား သုတ်သင်ဖယ်ရှားပေးတော်မူပါ၊ သုတ်သင်ဖယ်ရှားပေးတော်မူပါ အရှင်"

ဟု ရေရွတ်တိုင်တည်နေလေသည်။

ထိုသို့တိုင်တည်နေစဉ်မှာ အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အတန်ကြာတော့ သလင်းကျောက်မှန်ချပ်မှ တိုးဝင်နေသော အလင်းရောင်က ရုတ်ခြည်းကွယ်ပျောက်သွားသောကြောင့် အခန်းတွင်း၌ မှောင်သွားလေသည်။

မရှေးမနှောင်းမှာပင် အခန်းတွင်းမှာ လေကတော့ တိုးနေသလို လှုပ်ရှားမှုများ ဖြစ်ပေါ်လာသည်။

အမှောင်ရိပ် ဖုံးနေသော အခန်းတွင်းမှာ လူညည်းညူသံများလိုလို တစ်နေရာမှ စကားပြောသံများလိုလို ကြားလာရလေသည်။

ရုပ်တုကြီး ရှိရာမှ တစ်စုံတစ်ခု ပြောဆိုနေသကဲ့သို့ ရှိသောကြောင့် ဆာတက အပေါ်သို့ မော့ကြည့်လိုက်သည်။ ထိုအခါ ရုပ်တုကြီး မျက်လုံးအိမ်နှစ်ဖက်မှ သွေးမျက်ရည်များ စီးကျနေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

မမျှော်လင့်သောမြင်ကွင်းကို တွေ့မြင်ရသောကြောင့် ဆာတမှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

သွေးမျက်ရည်များက အဆက်မပြတ် စီးကျနေရာ ရုပ်တုကြီးတိုယ်ပေါ်သို့ပင် စီးကျလာသည်။

"မရဏတာရာအရှင်. . . ကျွန်ုပ်အား ဘယ်လိုနိမိတ်မျိုးတွေ ပြနေတာပါလဲ၊ သွေးမျက်ရည်များ စီးကျနေခြင်းဟာ ကျွန်ုပ်ဘဝ နိဂုံးချုပ်ရတော့မည်ကို ပြောတာဖြစ်ပါသလား၊ ဒါမှမဟုတ် ရန်သူများရဲ့ သွေးများ ချောင်းစီးသကဲ့သို့ ဖြစ်တော့မှာလား၊ ပြောကြားပေးပါ အရှင်"

ဟု သွေးရူးသွေးတန်း ပြောလိုက်လေသည်။

ထိုအခိုက်မှာပင် အခန်းထဲမှာ မြူနှင်းများ ကျလာသကဲ့သို့ ဝေဝါးသွားကာ ဘာမှ မမြင်ရတော့ပေ။

အတန်ကြာသောအခါ ရုပ်တုကြီးအနောက်ဘက်မှ စကားသံပေါ်ထွက်လာသည်။

"ကမ္ဘာမြေပြင်ဟာ သန့်စင်မွန်မြတ်တယ်၊ သွေးစွန်းတဲ့လက်တွေနဲ့ ကြာရှည်ထိတွေ့လို့ မရဘူး၊ မင်းကြောင့် လူတွေ့ သေကြေပျက်စီးမှုတွေ များလှပြီ၊ ဒီတစ်ခါတော့ မင်းရဲ့အလှည့် ရောက်လာတော့မယ် ဆာတ"

ထိုစကားသံကြောင့် ဆာတမှာ တအံ့တဩ ဖြစ်သွားလေသည်။

ရုပ်တုကြီးကများ စကားပြောနေသည်လားဟု တအံ့တဩနှင့် မော့ကြည့်လေသည်။

ရုပ်တုကြီးကတော့ စကားမပြောပေ။





အသံက ရုပ်တုကြီးအနောက်ဘက်မှ ထွက်လာခြင်းဖြစ်သည်။

တအံ့တဩနှင့် ကြည့်နေစဉ် ရုပ်တုကြီးအနောက်ဘက်မှ လူတစ်ယောက် ထွက်လာသည်။

ဆံပင်မွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးအရှည်များ ရှိပြီး အညိုရောင် ဝတ်ရုံကြီးကို ရစ်ပတ်ထားပြီး တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသော အိန္ဒိယယောဂီကြီးတစ်ဦးပင်ဖြစ်သည်။

အဖြူရောင်သမ်းနေသော ဆံပင်ကို ထိပ်ပေါ်တွင် ထုံးထားပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများက အောက်သို့ ကျနေသည်။

လည်ပင်းနေရာမှာ ပြောင်လက်နေသော ပုတီးတစ်ကုံးကို ဆွဲထားသည်။

ထိုပုတီးကို မြင်ကတည်းက ဆာတ၏စိတ်ထဲမှာ တစ်စုံတစ်ခုကို ကြောက်ရွံ့သလို ဖြစ်နေမိသည်။

ထိုယောဂီကြီးမှာ အခြားမဟုတ်ပေ။

ယခင် မြို့နယ်အုပ်ချုပ်ရေးမှူး ချန္ဒရာ၏ဆရာသခင်ဖြစ်သည့် ဘိဘက္ကာဝေဒပင်ဖြစ်သည်။

"ခင်ဗျား ဘယ်သူလဲ"

"ငါ့နာမည် ဘိဘက္ကာဝေဒလို့ ခေါ်တယ်"

"ဘယ်က လာတာလဲ"

"ဟိမဝန္တာက လာခဲ့တာ"

"တံခါးပိတ်ထားတဲ့ အခန်းထဲကို ဘယ်လို ဝင်လာတာလဲ"

"တစ်လောကလုံးမှာ ငါ့အတွက် တားဆီးပိတ်ပင်တဲ့အရာ ဘာမှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမှာ စွမ်းအားတစ်ခုခု ရှိတယ်ဆိုတာ သိပါတယ်၊ ဘာ့အတွက် ဒီနေရာကို လာတာလဲ၊ ခင်ဗျားအတွက် တစ်ခုခု အလိုရှိရင် ပေးပါ့မယ်၊ ခင်ဗျားက သေသွားတဲ့ ချန္ဒရာရဲ့ဆရာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား ကျုပ်ရဲ့ဆရာအဖြစ် နေမယ်ဆိုရင် ထားပါ့မယ်"

"သူတော်စင်နဲ့မိတ္တာတွေနဲ့ အတူယှဉ်တွဲပြီး မနေအပ်ဘူး"

"ခင်ဗျားမှာ စွမ်းအားရှိပါလျက်နဲ့ ချန္ဒရာ သေရမယ့်ကိစ္စကို ဘာကြောင့် တားဆီးမပေးတာလဲ"

"သေခြင်းတရားကို ဘယ်သူမှ တားဆီးလို့ မရဘူး၊ မင်းရောက်လာပြီးနောက် သူသေရမယ့်အကြောင်းကိုတော့ ငါ သူ့ကို ကြိုပြောထားခဲ့ပါတယ်"

"ဘာကြောင့် ကျုပ်ကို လက်ခံခဲ့တာလဲ"

"မင်းက မရဏာစေတမန်တစ်ယောက်ပဲ၊ တခြားနေရာ ရောက်သွားရင် လူတွေ ဒီထက်မက သေမှာပေါ့၊ ဒါပေမယ့် အခုတော့ မင်းဘဝက ချုပ်ငြိမ်းတော့မှာပါ"

"ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"မင်းကို စောင့်ရှောက်ပေးနေတဲ့ မရဏာတာရာရှင် ရုပ်တုကြီး သွေးမျက်ရည်တွေ ကျနေတာ မမြင်ဘူးလား၊ ငါပြောတာ မယုံရင် အလင်းရောင် လာတဲ့နေရာကို ကြည့်လိုက်ပါ"

ဟု ယောဂီကြီးက အလင်းရောင် လာနေသော သလင်းကျောက် မှန်ချပ်ကြီး ရှိရာသို့ လက်ညှိုးထိုးပြလိုက်သည်။

ထိုနေရာမှာ အလင်းရောင် ပျောက်သွားပြီး ကောင်းကင်ပြင်ကြီးကို ဟင်းလင်းမြင်နေရသည်။





ကောင်းကင်ပြင်မှာ ညအချိန်အခါကဲ့သို့ ဖြစ်သွားပြီး ကြယ်လ နက္ခတ်တာရာများ သူ့နေရာနှင့်သူ ပေါ်နေကြသည်။

တစ်နေရာမှာတော့ လပေါ်သို့ ရောဟဏီ နက္ခတ်တာရာ ရောက်နေပြီး ကြိုက်အနေအထားရှိနေသော မရဏာတာရာမှာ ဝင်းလက်တောက်ပနေသည်။

"လနဲ့ ရောဟနီနက္ခတ်တို့ရဲ့အနီးမှာ သုံးပွင့်ဆိုင် အနေအထားမှာ ရောက်နေတဲ့ တာရာက တခြားမဟုတ်ဘူး၊ မင်းကို ကိုယ်စားပြုနေတဲ့ မရဏာဝိညဉ်တာရာပဲ ဖြစ်တယ်"

ဆာတက ယောဂီကြီး ညွှန်ပြသောနေရာသို့ ကြည့်လိုက်သည်။ ယောဂီကြီးက ဆက်ပြောပြသည်။

"လွန်ခဲ့တဲ့(၂၅)နှစ်အချိန်လောက် မရဏာတာရာဟာ ဝင်းလက်တောက်ပနေတယ်၊ အဲဒီအချိန်မှာ မင်း လူ့လောကထဲကို ရောက်လာခဲ့တယ်၊ မင်းရောက်လာပြီး လူတွေ အတော်များများ သေကြတဲ့အထဲမှာ မင်းရဲ့ပထမ မိဘတွေပါ ပါသွားတယ်"

ဆာတက တအံ့တသြဖြင့် ကြည့်နေသည်။

"နောက်တော့ မရဏာတာရာက မှေးမှိန်သွားတဲ့အချိန်မှာ မင်းသေသွားခဲ့တယ်၊ ဒါပေမယ့် ထာဝစဉ် သေဆုံးသွားတာမျိုး မဟုတ်ဘူး၊ ရုပ်ခန္ဓာရော ဝိညာဉ်ပါ ဆက်လက်ရှင်သန်နေခဲ့တယ်၊ ဒီလိုနဲ့ (၁၅)နှစ်လောက် ကြာတဲ့အချိန်မှာ လနဲ့ ရောဟဏီနက္ခတ်တို့ရဲ့ကြားမှာ မရဏာဝိညာဉ်တာရာ ပြန်ပေါ်လာပြန်တယ်၊ လွန်ခဲ့တဲ့အချိန်တုန်းကလိုပဲ ပြန်လည် တောက်ပလာခဲ့တယ်၊ ဒီအချိန်မှာ တဖန်ပြန်ပြီးတော့ မင်းအသက်ပြန်ရှင်လာခဲ့တယ်"

"ဒါတွေကို ခင်ဗျား ဘယ်လိုသိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆာတက တအံ့တသြဖြင့် မေးလိုက်လေသည်။

"ငါက မင်းအကြောင်းတွေအားလုံးကို သိနေတာပဲ၊ အခုလို အသက်ပြန်ရှင်လာပြန်တော့လည်း လူတွေ တစ်ယောက်ပြီး တစ်ယောက် သေခဲ့ကြရပြန်တယ်၊ အဲ့ဒီအထဲမှာ မင်းရဲ့ဒုတိယ မိဘတွေ သေကြေပျက်စီးပြီး မင်းပဲ ကျန်နေခဲ့တယ်"

ထိုအချိန်တွင် သလင်းကျောက်ပြားပေါ်မှာ ထင်ဟပ်နေသော ပုံရိပ်များက တဖြည်းဖြည်းနှင့် ပြောင်းလဲလာချေပြီ။

"ဒါတွေကို သိဒ္ဓိရှိတဲ့လူတွေ တန်ခိုးရှင်တွေက သိကြပေမယ့် မတားဆီးနိုင်ကြဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းရဲ့နက္ခတ်ပါဝါစွမ်းအားတွေက ကောင်းနေတာကြောင့်လည်း ပါတယ်၊ နောက်တစ်ချက်က လူတွေမှာ ကြုံတွေ့ရမယ့် ကံကြမ္မာဆိုးတွေကြောင့်ပဲ ဖြစ်တယ်၊ လူတွေမှာ ကံကြမ္မာဆိုးတွေ ပါလာပြီဆိုရင် ဘယ်လိုတန်ခိုးရှင်ကမှ တားဆီးလို့ မရနိုင်ဘူး"

ထိုစကားကိုတော့ ဆာတက သဘောကျသွားလေသည်။

"ဒါကြောင့် ခင်ဗျားတို့လည်း ကျုပ်ကို တားဆီးလို့ မရနိုင်ကြတာ မဟုတ်လား"

"ဒါကတော့ အချိန်မကျသေးတော့လည်း ဒီလိုပဲ ကြည့်နေကြရတာပေါ့ကွာ၊ အခုတော့လည်း ပြောင်းလဲမှုတွေ ဖြစ်လာတော့မှာပါ။ မင်းရဲ့ဘဝ နေဝင်ချိန်လည်း ရောက်ရတော့မှာပါ။ ဟိုမှာ ကြည့်စမ်း"

ယောဂီကြီးက ပေါ်နေသော နက္ခတ်တာရာများ ရှိရာသို့ လက်ညှိုးထိုးပြသည်။

"အရင်က လနဲ့ ရောဟဏီနက္ခတ်ကြားမှာ ရောက်နေတဲ့ မရဏဝိညာဉ်တာရာဟာ အတော်ကလေး တောက်ပနေခဲ့တယ်၊ အခု





တော့ တဖြည်းဖြည်းနဲ့ အရောင်အဝါတွေ မှေးမှိန်လာပြီး ဆီကုန်သွားတဲ့ မီးစာတစ်ခုလို အရောင်အဝါတွေ လျော့ပါးသွားပြီ"

"ဒါတွေဟာ ကျုပ်နဲ့ ဘာမှမဆိုင်ပါဘူးဗျာ၊ ခင်ဗျား မဟုတ်တဲ့ အကြောင်းတွေ ဘာကြောင့် လာပြောနေတာလဲ"

"မင်းသိအောင် ပြောပြရမှာပေါ့၊ မင်းကို အထောက်အပံ့ ပြုနေတဲ့ နက္ခတ်စွမ်းအားတွေ လျော့ကျသွားရင် မင်းရဲ့ပါဝါစွမ်းအားတွေလည်း လျော့ပါးသွားလိမ့်မယ်၊ အဲ့ဒီအချိန်မှာ မင်းရဲ့ရန်သူတွေက မင်းရဲ့အသက်ကို အလွယ်တကူ ချေဖျက်နိုင်ကြလိမ့်မယ်"

"ခင်ဗျားပြောတာတွေကို ကျုပ်မယုံဘူး၊ လက်လည်း မခံပါဘူး၊ အခုပဲ ကျုပ်ရဲ့စွမ်းအားတွေကြောင့် ရန်သူတွေက ကျုပ်ကို ဘယ်လိုမှ အန္တရာယ် မပေးနိုင်ကြဘူး၊ ကျုပ်ကို အန္တရာယ်ပေးမယ့်သူတိုင်းလည်း ကြမ္မာဆိုးတွေနဲ့ တွေ့ပြီး တစ်ယောက်ပြီးတစ်ယောက် သေနေကြပြီလေ၊ မကြာခင်မှာလည်း ကျန်တဲ့လူတွေကို ကျုပ် ဘယ်လိုသတ်မယ်ဆိုတာ ခင်ဗျား တစ်နေရာကသာ ကြည့်နေပေတော့"

"မင်းရှေ့မှာ ရှိနေတဲ့ရုပ်တုကြီးမှာ သွေးမျက်ရည်တွေ ကျနေပြီ၊ အဲ့ဒီမျက်ရည်တွေက ဘယ်တော့မှ မခန်းခြောက်ဘူး၊ မင်းအသက်သေတော့မှသာ အလိုလို ခန်းခြောက်သွားလိမ့်မယ်"

ဟု ပြောနေရာ ဆာတမှာ ဒေါသဖြစ်နေသောကြောင့် သူနှင့် နီးမဝေးမှာ ရပ်နေသည့် ယောဂီကြီးကို သူ့မှာ ရှိသော ပါဝါစွမ်းအားများဖြင့် အန္တရာယ်ပေးရန် ကြိုးစားကြည့်သေးသည်။

သို့သော်လည်း တစ်စုံတစ်ခုက ကာဆီးထားသောကြောင့် ယောဂီကြီးအနီးသို့ပင် မရောက်နိုင်ဘဲ ဖြစ်နေလေသည်။

အတန်ကြာတော့ အခန်းတစ်ခုလုံး မြူနှင်းများ ဝေ့ဆိုင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ရှင်းသွားသောအခါ အခန်းထဲမှာ ယောဂီကြီး မရှိတော့ပေ။ ဆာတ တစ်ယောက်တည်း မကျေမနပ်ဖြင့် ကျန်ခဲ့လေသည်။





# အခန်း (၆)

# ပိစ္စာစက်ကွင်း လှည့်ပြားခြင်း

ကောင်းကင်ပြင်တစ်ခုလုံး မိုးတိမ်များက အုံ့ဆိုင်းနေသောကြောင့် မည်းမှောင်လျက်ရှိသည်။

မိုးမှုန်မိုးဖွဲများက ကျဆင်းနေပြီး တစ်ခါတစ်ရံတွင် မိုးချုန်းသံများ ပေါ်ထွက်လာပြီး တစ်ခါတစ်ရံမှာတော့ လျှပ်စီးများက ဝင်းလက်လျက် ရှိနေသည်။

မြောက်ဘက်နှင့် အနောက်ဘက်မှာ ရှိသော တောင်တန်းနှင့် သစ်တောကြီးများမှာ မိုးများ တဖွဲဖွဲ ရွာသွန်းနေသောကြောင့် ဝေဝေဝါးဝါး ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြင့်မားသော ကျောက်တောင်ထိပ်ဖျားပေါ်သို့ မိုးကြိုးများ မကြာခဏ ပစ်နေလေသည်။

လျှပ်စီးများက တဝင်းဝင်းတလက်လက် ဖြစ်နေလေသည်။

ထိုမျှ ဆိုးဝါးသော ရာသီဥတု အခြေအနေမျိုးတွင် သာမန်ကိစ္စ အရေးမကြီးဘဲနှင့်တော့ အပြင်သို့ မထွက်ကြပေ။

ထိုမျှ ရာသီဥတု ဆိုးဝါးသောအချိန်မျိုးတွင် တောင်ထိပ်ပေါ်၌ ရှိသော ရဲတိုက်ဟောင်းကြီး ရှိရာသို့ လူတစ်ယောက် သွားနေလေသည်။ သူသည် မိုးကာအင်္ကျီအနက်ကြီးကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်မှာ ဦးထုပ်အဝိုင်းကြီးတစ်လုံး ဆောင်းထားလေသည်။

ထိုသူက ရဲတိုက်ဟောင်းကြီး ရှိရာသို့ တစိုက်စိုက်နှင့် သွားနေသောအချိန်မှာ သူ့နောက်မှ လူတစ်ယောက်က နောက်ယောင်ခံလျက် လိုက်လာနေသည်။ ရှေ့မှ သွားနေသူမှာ အခြားသူ မဟုတ်ပေ။

နက္ခတ်တာရာ ခန်းမဆောင်မှ ဆရာကြီး စိတြဖြစ်ပြီး နောက်မှ နောက်ယောင်ခံလိုက်လာသူမှာ မြွေလူသား ဆာတပင် ဖြစ်တော့သည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်တို့က ရဲတိုက်ဟောင်းကြီးအတွင်းမှာ ရောက်နှင့်နေကြသည်။

ထိုမျှ ရာသီဥတု ဆိုးဝါးသောအချိန်မျိုးတွင် ဘယ်ကဲ့သို့သော အကြောင်းရှိသဖြင့် ထိုနေရာသို့ လာရောက်ကြရခြင်း၏အကြောင်းမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

တစ်နေ့သ၌ ဆရာကြီးစိတြထံသို့ မေရုသကမြို့၏မြို့စားလည်းဖြစ်၊ အုပ်ချုပ်ရေးမှူးလည်း ဖြစ်သော ဆာတ ရောက်လာလေသည်။

သူသည် နောက်ပါအခြွေအရံများ ပါလာသော်လည်း ထိုနေ





ရာသို့ ရောက်သောအခါ ဆရာကြီး စိတြနှင့် တွေ့ခွင့်တောင်းပြီး တစ်ယောက်တည်း လာတွေ့ခြင်းဖြစ်ပေသည်။ သူရောက်လာသောအချိန်မှာ ညအချိန်ဖြစ်သည်။

ဆရာကြီးစိတြက ၎င်းကို သီးသန့်ခန်းမဆောင်အတွင်း၌ လက်ခံတွေ့ဆုံလေသည်။

"မြို့စားလေး ဘယ်လိုအရေးကိစ္စ အရေးကြီးလို့ ကိုယ်တိုင်ရောက်လာတာပါလဲ"

"ဆရာကြီးကို မေးစရာလေးတွေ ရှိလို့ပါ"

"မေးပါ"

"မရဏတာရာနဲ့ ပတ်သက်ပြီး ဘယ်လိုအပြောင်းအလဲတွေ ရှိနေတယ်ဆိုတာ သိချင်ပါတယ်"

ဒါကတော့ အဆန်းမဟုတ်ပေ။

မေရုသကမြို့၌ နက္ခတ်တာရာခန်းမမှာ ထိုတစ်ခုတည်းပင် ရှိလေသည်။ နက္ခတ်တာရာပညာရှင်များကလည်း ထိုနေရာ၌သာ ရှိသည်။ မြို့စားနယ်စား အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များသည် တိုင်းပြည်နှင့်ပတ်သက်သော ကံကြမ္မာများ၊ ၎င်းတို့နှင့် ပတ်သက်သည့် ကံကြမ္မာများကို သိလိုပါက နက္ခတ်တာရာ ပညာရှင်များထံ လာရောက်မေးမြန်းပြီး အကြံဉာဏ်များ တောင်းခံကြရလေသည်။

နက္ခတ်တာရာခန်းမ ထားရှိခြင်း၏အဓိက ရည်ရွယ်ချက်မှာလည်း ထိုတာဝန်ကို ဆောင်ရွက်ပေးရန်အတွက် ဖြစ်ပေသည်။

နက္ခတ်ပညာရှင်များက ကောင်းကင်ပေါ်မှ နေ၊ လ၊ နက္ခတ်တာရာကြယ်များ၊ ဂြိုဟ်များ အပြောင်းအလဲကို မျက်ခြည်မပြတ် စောင့်ကြည့်ကြပြီး ထူးခြားမှုရှိလျှင် သက်ဆိုင်ရာ တာဝန်ရှိသူများအား ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ပေးရလေသည်။

သက်ဆိုင်ရာပုဂ္ဂိုလ်များမှတဆင့် မြို့သူမြို့သားများကို အသိပေးရသည်။

ဥပမာ - အန္တရာယ်ဆိုးကြီးများ ကျရောက်တော့မည်ဆိုလျှင် ကြိုတင်အသိပေးကြရလေသည်။

မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ လေပြင်းမုန်တိုင်းများ ကျသော အန္တရာယ်များ ကျရောက်တော့မည်ဆိုလျှင် ကြိုတင်အသိပေးကြရလေသည်။

(ယခု ခေတ်မီတိုးတက်သောအချိန်တွင် ခေတ်မီကိရိယာများ အသုံးပြုလျက် ရာသီဥတု အခြေအနေကို မျက်ခြည်မပြတ် ကြည့်ပြီး အရေးကြီးလျှင် အများသိနိုင်အောင် သတင်းထုတ်ပြန်ပေးရသော နည်းအတိုင်းပင် ဖြစ်ပေသည်။)

ယခု ဆာတက ထိုအကြောင်းကို သိလိုသဖြင့် လာရောက်မေးမြန်းခြင်းမှာ နက္ခတ်တာရာခန်းမအတွက်တော့ အဆန်းတကြယ် မဟုတ်ပါချေ။

သို့သော် ဆာတက ရည်ရွယ်ချက်တစ်မျိုးဖြင့် လာရောက်မေးမြန်းနေခြင်းဖြစ်ကြောင်း ဆရာကြီးစိတြက ရိပ်မိလေသည်။

သူသည် မြို့စားတစ်ယောက်အနေဖြင့် မြို့သူမြို့သားများအတွက် လာရောက်မေးမြန်းခြင်းမျိုး မဟုတ်ဘဲ သူ၏ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် လာရောက်မေးမြန်းနေခြင်းပင် ဖြစ်ပေသည်။

"မရဏတာရာနဲ့ ပတ်သက်ပြီး သိချင်တယ်ဆိုရင် ခန်းမဆောင်အတွင်းကို လိုက်ခဲ့ပါ . . . လက်တွေ့ပြပါမယ်"

နက္ခတ်တာရာ ကြည့်သော ခန်းမဆောင်မှာ အပေါ်ထပ်၌





ဖြစ်သည်။

ထိုခန်းမဆောင်မှ ကြည့်လျှင် လေးဘက်လေးတန်မှာ ရှိသော တောင်းကင်ပြင်ပေါ်မှာ ရှိသည့် နက္ခတ်တာရာများကို မြင်တွေ့နိုင်သည်။

ဆာတက သူနှင့် ပါလာသောအစောင့်များကို အောက်ထပ်မှာ ထားခဲ့ပြီး အပေါ်ထပ်သို့ လိုက်သွားလေသည်။

ထိုစဉ် ခန်းမဆောင်အတွင်း ရောက်သောအခါ ဆရာကြီးစိတြက ကောင်းကင်ပေါ်မှာ မြင်နေရသော မရဏတာရာကို ညွှန်ပြလေသည်။

"အနောက်ဘက်ကောင်းကင်ပေါ်မှာ လနဲ့ ရောဟဏီနက္ခတ်ရဲ့ကြားမှာ ရှိနေတဲ့ တာရာဟာ မရဏတာရာ ဖြစ်ပါတယ်၊ အရင်က ထွန်းလင်းတောက်ပမှု ရှိပေမယ့် အခုတော့ တဖြည်းဖြည်းနဲ့ မှေးမှိန်စပြုနေပါပြီ၊ မကြာခင်မှာ ကောင်းကင်ပြင်ပေါ်က ကွယ်ပျောက်သွားတော့မယ့် အခြေအနေမျိုး ဖြစ်ပါတယ်"

ထိုစကားကြောင့် ဆာတ၏မျက်နှာမှာ တင်းကနဲ ဖြစ်သွားလေသည်။

"ဒီတော့ ဘယ်လိုအကျိုးတွေ ဖြစ်လာနိုင်သလဲ"

ဟု လေသံမာမာဖြင့် မေးလိုက်သည်။

"နက္ခတ်တာရာတွေရဲ့အလိုအရဆိုရင် ဒီနက္ခတ်တာရာနဲ့ သက်ဆိုင်တဲ့သူတွေ မကြာခင် ပျက်စီးရတော့မယ့် လက္ခဏာမျိုး ဖြစ်ပါတယ်"

"ဒီနက္ခတ်တာရာဟာ ကျုပ်နဲ့ သက်ဆိုင်တယ်ဆိုတာ ခင်ဗျားတို့ သိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်"

"ဒါကြောင့် ကျုပ်ကို ဖျက်စီးတော့မယ်လို့ သွယ်ဝိုက်ပြီး ပြောနေတာ မဟုတ်လား"

"ဒီလိုပြောလို့မရပါဘူး. . . နက္ခတ်တာရာတွေကို စောင့်ရှောက်နေတဲ့ နက္ခတ်တာရာ အရှင်သခင်တွေရဲ့အလိုအရ နတ်ဒေဝတာတွေရဲ့အလိုဆန္ဒကို ဘယ်သူတွေကမှ လှည့်စားလို့ မရပါဘူး၊ ဘယ်လို လူမျိုးကမှ ငြင်းပယ်လို့ မရနိုင်ပါဘူး"

ဆရာကြီးစိတြက တည်ငြိမ်သောအသံဖြင့် ပြောလိုက်လေသည်။

ထိုကဲ့သို့ ပြောလေလေ ဆာတက ပိုပြီးဒေါသဖြစ်လာလေလေဖြစ်သည်။

သူသည် ဆရာကြီးစိတြအနီးသို့ တိုးကပ်လာပြီး ခြိမ်းခြောက်သော လေသံမျိုးဖြင့် မေးသည်။

"ခင်ဗျားတို့ နက္ခတ်ပညာရှင်တွေက ကောင်းကင်က နက္ခတ်တာရာတွေ ပြောင်းလဲမှုကို ကြည့်ပြီး ဒီအကြောင်းတွေကို ကြိုသိနေကြတယ်၊ နောက်ပြီး ကျုပ်အကြောင်းကိုပါ သိနေကြတာဆိုတော့ ကျုပ်ကို သုတ်သင်ပစ်ဖို့ ကြိုးစားနေကြတယ် မဟုတ်လား"

"မဟုတ်ပါဘူး. . . ကျုပ်တို့ ဒီလိုမဟုတ်ပါဘူး"

"ခင်ဗျားကသာ ငြင်းနေတယ်၊ ခင်ဗျားတို့ရဲ့လူတစ်ယောက် ကျုပ်ကို သတ်ဖို့ ကြံစည်ရင်းနဲ့ သေသွားခဲ့တယ်၊ သူ့ရဲ့မရဏာစားကို ကျုပ်ရထားပြီးပြီ၊ ခင်ဗျား ဘာငြင်းချင်သေးသလဲ"

"မြို့စားလေး ပြောနေတာကို ကျုပ်မသိပါဘူး"

"ခင်ဗျား ငြင်းနေလည်း အပိုပါပဲ၊ မကြာခင်မှာ ဒီကိစ္စရဲ့အဖြေ





ပေါ်လာတော့မှာပဲ၊ ခင်ဗျားတို့တွေ ကျုပ်ကို သတ်ဖို့ ဂိုဏ်းတစ်ဂိုဏ်းဖွဲ့ထားတယ်၊ နောက်ပြီး မရဏာစားတွေပါ ရထားပြီးပြီဆိုတာ ကျုပ်သိပြီးသားပါ၊ အဲဒီမရဏာစားတွေ ဘယ်မှာ ဝှက်ထားတယ်ဆိုတာကို အမှန်အတိုင်း ပြောပါ"

"ကျုပ် မသိပါဘူး"

"အေးလေ. . . ခင်ဗျား ဖုံးကွယ်ထားနိုင်သမျှတော့ ဖုံးကွယ်ထားဦးပေါ့၊ တကယ်လို့ ပေါ်လာခဲ့ရင်တော့ ခင်ဗျားတို့တစ်ဖွဲ့လုံးကို အင်္ဂလိပ်အစိုးရလက်ထဲ အပ်ပြီး ဘယ်လိုအရေးယူမယ်ဆိုတာ စောင့်နေပါ"

ဟု ဒေါသတကြီး ပြောဆိုကာ အခန်းတွင်းမှ ပြန်ထွက်သွားလေတော့သည်။

ဆရာကြီးစိတြက ကောင်းကင်ပြင် တစ်နေရာမှာ မှေးမှိန်စပြုနေသည့် မရဏာတာရာ ရှိရာသို့ လှမ်းကြည့်ရင်း. . .

"မင်းရဲ့ပါဝါစွမ်းအားတွေ တဖြည်းဖြည်းနဲ့ လျော့သွားတဲ့အချိန်မှာ မင်းဘဝလည်း နိဂုံးချုပ်ရတော့မှာပါ မြွေလူသားရယ်"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

နောက်ပိုင်းမှာတော့ ဆာတက နက္ခတ်တာရာ ခန်းမဆောင်အနီးတစ်ဝိုက်သို့ သူလျှိုများ စေလွှတ်ပြီး ထိုနေရာမှ လူများ သွားလာလှုပ်ရှားမှုများကို စောင့်ကြည့်စေသည်။

ထိုသို့စောင့်ကြည့်နေသည်ကိုလည်း ဒေါက်တာမင်းထင်ကျော်တို့က ရိပ်မိလေသည်။

ထို့ကြောင့် လျှို့ဝှက်ပြီး တိုင်ပင်မှုများ ပြုလုပ်ကြလေသည်။

"ဆာတကတော့ သူ့လူတွေကို လွှတ်ပြီး ကျွန်တော်တို့ လှုပ်ရှား

www.burmeseclassic.com



မှု အခြေအနေကို စောင့်ကြည့်နေကြတယ်. . . ဘယ်လိုလုပ်ကြမလဲ"

"ဒီလိုလုပ်တာ ပိုကောင်းတာပေါ့၊ သူ့ကို တစ်နေရာ ရောက်အောင် ဥပါယ်တမျဉ်နဲ့ ခေါ်ထုတ်သွားနိုင်ရင် ကျွန်တော်တို့အတွက် အခွင့်အရေး ရနိုင်တယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ပြုလုပ်ကြမည့် အစီအစဉ်များကို ပြောပြရာ အားလုံးကလည်း သဘောတူကြလေသည်။

ထိုအစီအစဉ် ပြုလုပ်ပြီး ဒေါက်တာမင်းထင်ကျော်၊ လာဘမင်းဂျာ၊ ဒေါက်တာချန်ဒီ၊ မဟာရှီရီ၊ ချန်စောလင်တို့ငါးယောက်က ရုပ်ဖျက်ပြီး ၎င်းတို့ စတည်းချသော မြို့ပြင်မှ ရဲတိုက်ဟောင်းကြီး ရှိရာသို့ သွားကာ စောင့်နေကြသည်။

၎င်းနှင့်အတူ မရဏစားများအပြင် သူတို့ ကျွမ်းကျင်စွာ အသုံးပြုတတ်သော လက်နက်များပါ ဆောင်ထားကြလေသည်။

ထို့ပြင် ငါးယောက်စလုံး ရုပ်ဖျက်ထားကြလေသည်။ ဆာတ၏လူများကတော့ ဒေါက်တာမင်းထင်ကျော်တို့ ရုပ်ဖျက်ပြီး ထွက်သွားသည်ကို မသိလိုက်ကြပေ။

တစ်ညမှာတော့ မိုးလေများ သဲနေသည့်အချိန်တွင် အဆောက်အဦးအတွင်းမှ လူတစ်ယောက် ထွက်လာသည်ကို စောင့်ကြည့်နေသူများက မြင်သွားကြသည်။

ထွက်လာသူမှာ မိုးကာအင်္ကျီဖားဖားကြီးကို ဝတ်၍ ဦးထုပ်အဝိုင်းကြီးကို ဆောင်းထားသော်လည်း နက္ခတ်တာရာခန်းမမှ လူတစ်ယောက်မှန်း သိသာလေသည်။

ထိုသူက မိုးလေများကြားမှာ တရွေ့ရွေ့နှင့် မြို့ပြင်ဘက်သို့ ထွက်သွားလေသည်။





ထိုအကြောင်းကို စောင့်ကြည့်နေသူများက ဆာတထံသို့ ချက်ချင်း အကြောင်းကြားရာ ဆာတကိုယ်တိုင် လိုက်လာလေသည်။

ထို့နောက်မှာတော့ သူ၏လက်ရွေးစင် တပည့်များ ခေါ်ပြီး ထွက်သွားသူနောက်သို့ နောက်ယောင်ခံလျက် လိုက်သွားကြလေသည်။

ရှေ့မှ သွားနေသော ဆရာကြီးစိတြကလည်း ၎င်းနောက်မှ ဆာတတို့အဖွဲ့ နောက်ယောင်ခံပြီး လိုက်လာသည်ကို ရိပ်မိသဖြင့် ရှေ့မှ ခပ်သုတ်သုတ် သွားလေသည်။

ထိုအချိန်မှာ မိုးက တဖွဲဖွဲ ကျနေပြီး လျှပ်စီးများက တဝင်းဝင်း လက်နေလေသည်။

ထိုလျှပ်စီးအရောင်များက ပတ်ဝန်းကျင်ကို မီးမောင်းထိုးပြသကဲ့သို့ ဖြစ်ကာ လျှပ်တပြက် မြင်နိုင်သည်။

ရဲတိုက်ဟောင်းကြီးနှင့် နီးလာသောအခါ ရဲတိုက်အတွင်းမှ လူခွဲစောင့်နေသူများက ရှေ့မှ လာနေသူရော နောက်မှ လိုက်လာသူများကိုပါ မသဲမကွဲ လှမ်းမြင်ကြရသောကြောင့် လက်နက်များကို အဆင်သင့် ပြင်ထားလိုက်ကြလေသည်။

ရှေ့မှ သွားနေသော ဆရာကြီး စိတြနောက်မှ ထပ်ကြပ်မကွာ လိုက်လာသူမှာ ဆာတဖြစ်ကြောင်းကိုလည်း သိနိုင်ကြပေသည်။

သို့သော်လည်း ရှေ့မှ သွားနေသော ဆရာကြီးစိတြမှာ မိုးကာအနက်ကြီး ဝတ်ထားပြီး နောက်မှ လိုက်လာသော ဆာတကလည်း အနက်ရောင် မိုးကာကြီးကိုပင် ဝတ်ထားသောကြောင့် ရုတ်တရက် ခွဲခြားရခက်သောအနေမျိုးဖြစ်သည်။

နောက်မှ လိုက်လာသော ဆာတ၏လူများကိုတော့ ပိုးတဝါးသာ လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့မှာ မကြာခင် တွေ့ကြုံရတော့မည့် အန္တရာယ်အတွက် စိတ်လှုပ်ရှားနေကြလေသည်။

ရဲတိုက်ကြီး ရှိရာသို့ လာနေသူများကလည်း တဖြည်းဖြည်းနှင့် နီးလာချေပြီ။

သို့သော် ဂူပေါက်ဝနား နီးသောအခါ ကျောက်တုံးများ ကွယ်နေသောကြောင့် နှစ်ယောက်စလုံးကို မမြင်ရတော့ပေ။

ဒေါက်တာမင်းထင်ကျော်တို့ ငါးယောက်ကတော့ ဂူပေါက်ဝ တစ်ဝိုက်မှာ ရှိနေကြသည်။

အတန်ကြာတော့ ဂူပေါက်ဝသို့ လူတစ်ယောက်က အရင် ရောက်လာသည်။

ထိုသူက ဂူပေါက်ဝ ရောက်သောအခါ ဟိုဟိုဒီဒီ ကြည့်ပြီး ဦးခေါင်းပေါ်မှာ ဆောင်းထားသော ဦးထုပ်ကို ချွတ်ပစ်လိုက်သည်။

ထိုအချိန်မှာ ကောင်းကင်ပေါ်မှ လျှပ်စီးရောင်က ဝင်းလက်သွားရာ ထိုလူ၏မျက်နှာကို မီးရောင်ဖြင့် ထိုးပြလိုက်သကဲ့သို့ ဖြစ်ကာ စောင့်ကြည့်နေသူများက လှမ်းမြင်လိုက်ကြရသည်။

၎င်းတို့ မျှော်လင့်ထားသည်က ရှေ့ဆုံးမှ တက်လာသူမှာ ဆရာကြီး စိတြဟု ထင်ထားသော်လည်း မဟုတ်ပေ။

ဂူပေါက်ဝ အရင်ရောက်လာသူမှာ မြွေလူသား ဆာတပင် ဖြစ်တော့သည်။

ဆာတက အခြေအနေကို ကြည့်ပြီး ဂူအတွင်းသို့ တစ်လှမ်းချင်း ဝင်လာလေသည်။ သူ အတွင်းရောက်သည်နှင့် လူနှစ်ယောက်က နောက်မှ ခုန်အုပ်ပြီး ဖမ်းချုပ်လိုက်သည်။

နောက်တစ်ယောက်က အဝတ်တစ်ခုဖြင့် မျက်နှာကို ဖုံးအုပ်လိုက်သည်။

ဝူးဝူးဝါးဝါးအော်သံများ ထွက်လာသော်လည်း မလျော့ကြတော့ပေ။

ထိုသို့ချုပ်နှောင်ပြီးသည်နှင့် နောက်နှစ်ယောက်က အနီးသို့ ရောက်လာပြီး မရဏဓားဖြင့် အချက်များစွာ ထိုးလိုက်ကြသည်။

"ဒီနေ့တော့ မင်းရဲ့နောက်ဆုံးနေ့ပဲဟေ့"

ဓားချက်များကြောင့် ဆာတမှာ အော်ဟစ်ရုန်းကန်ရင်းနှင့်ပင် အတန်ကြာတော့ တဖြည်းဖြည်း ငြိမ်ကျသွားလေတော့သည်။

ထိုအခါမှ မျက်နှာမှာ အုပ်ထားသော အဝတ်စကို ဖယ်ပစ်လိုက်သည်။

"ဟင်. . ."

"ဟာ. . . ဘယ်လိုဖြစ်သွားတာလဲ"

ဓားချက်ဖြင့် သွေးအိုင်ထဲမှာ အသက်ပျောက်နေသူမှာ သူတို့ ထင်သလို မြွေလူသား ဆာတ မဟုတ်ပေ။

ဆရာကြီး စိတြပင် ဖြစ်တော့သည်။

ထိုအချိန်မှာပင် ဆာတ ခေါ်လာသောလူများက ဂူအတွင်း ဝင်လာပြီး ဓားလှံလက်နက်များဖြင့် သူတို့ငါးယောက်ကို တိုက်ခိုက်သတ်ဖြတ်ရန် ကြိုးစားလေရာ ပြန်လည်တိုက်ခိုက်ရလေသည်။

ရန်သူများမှာ လူများသော်လည်း ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့သားများက တိုက်ခိုက်မှုစွမ်းရည် ပိုမိုကျွမ်းကျင်ကြသည်။

လာဗင်ဂျာနှင့် ချန်စောလင်တို့ အသုံးပြုသော ရှောင်လင် တိုက်ခိုက်ရေးပညာများကြောင့်သော်လည်းကောင်း၊ ၎င်းတို့ အသုံးပြုသော တုတ်လက်နက်များကြောင့် ရန်သူများ အထိနာကြသည်။







www.burmeseclassic.com

www.burmeseclassic.com



မဟာရှီရှီနှင့် ဒေါက်တာချန်ဒီတို့၏ကွန်ဖူးတိုက်ခိုက်ရေးပညာများကြောင့် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ဒေါက်တာမင်းထင်ကျော် အသုံးပြုသောပညာကတော့ မြန်မာ့သိုင်းပညာရပ်ဖြစ်သော ဖန်တိုဖန်ရှည် ပညာရပ်များပင် ဖြစ်လေသည်။

အပြင်ဘက်မှာ မိုးလေပြင်းထန်နေသောအချိန်တွင် ဂူအတွင်းမှာ တိုက်ပွဲများ ပြင်းထန်နေလေသည်။

လက်နက်အားကိုးဖြင့် တိုက်ခိုက်ကြသော ရန်သူများမှာ ပညာဖြင့် တိုက်ခိုက်သောအခါ မယှဉ်သာဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြတော့သည်။

နောက်ဆုံးမှာတော့ ဂူအတွင်း ဝင်လာသောရန်သူများကို သုတ်သင်ပစ်နိုင်ကြလေသည်။

သို့သော်လည်း သူတို့ငါးယောက်စလုံးမှာတော့ အနည်းနှင့်အများ ဒဏ်ရာအချို့ ရကြလေသည်။

ဒေါက်တာမင်းထင်ကျော် ပခုံးမှာ ဓားဒဏ်ရာတစ်ချက် ထိသွားသည်။ သူတို့သည် ရန်သူများကို သုတ်သင်ပစ်နိုင်သော်လည်း ဆရာကြီး စိတြအား မှားယွင်းပြီး သတ်ဖြတ်လိုက်မိသောကြောင့် ဝမ်းနည်းကြေကွဲနေကြလေသည်။

သို့သော်လည်း မိတ္တာစက်ကွင်း၏လှည့်ဖြားခြင်းကို ခံလိုက်ရပြီဖြစ်သောကြောင့် လွန်သွားခဲ့ပေပြီ။

ဘာမှ မတတ်နိုင်ကြတော့ပေ။





# အခန်း (၇)

# ချစ်ခြင်းမေတ္တာ၏စွမ်းအားများ

ဒေါက်တာမင်းထင်ကျော်တို့ငါးယောက်မှာ ဒဏ်ရာကိုယ်စီရလာကြသောကြောင့် နက္ခတ်ခန်းမဆောင်သို့ ပြန်ရောက်သောအခါ ဆေးဆရာ ခေါ်ပြီး ကုသကြရလေသည်။

ဆေးဆရာမှာ မေရှသက မြို့ထဲမှာ နေသူဖြစ်ပြီး လျှို့ဝှက်ခေါ်ပြီး ဆေးကုရခြင်းဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော် ရလာသောဒဏ်ရာကိုတော့ မဟူရာတ ကုသပေးလေသည်။

သူမသည် ဟိမဝန္တာတွင် ယောဂီများနှင့် နေခဲ့ဖူးသူဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆေးဝါးကုသရာတွင် အံတန်အသင့် ကျွမ်းကျင်မှု ရှိလေသည်။

မဟူရာက တစ်ချိန်လုံး ဒေါက်တာမင်းထင်ကျော်အနီးမှာ နေပြီး ဂရုတစိုက် ပြုစုပေးလေသည်။

“မောင်. . . ဆာတကတော့ ကျွန်မတို့ဂိုဏ်းသားတွေ အကြောင်း သိတန်သရွေ့ သိသွားပြီနဲ့တူတယ်၊ သူ သိသွားပြီဆိုတော့ အန္တရာယ်ကတော့ အနေးနဲ့အမြန် ရောက်လာတော့မှာပေါ့နော်”

“ဟုတ်တယ် မဟူရာ၊ မောင်တို့ သတိထားကြရတော့မယ်၊ မကြာခင်မှာ မောင်တို့ရည်ရွယ်ချက်တွေ အောင်မြင်အောင် ကြိုးစားကြရမယ်၊ သူ့ကို မြန်မြန်မသုတ်သင်နိုင်ရင်တော့ အန္တရာယ်က ရောက်လာမှာပဲ၊ အခုတောင် ဒိုဂျီနဲ့ ဆရာကြီး စိတြတို့ သေသွားကြပြီ”

“သူတို့အတွက် ကျွန်မ စိတ်မကောင်းပါဘူး မောင်ရယ်”

“ဒါကြောင့် မောင်တို့ သူ့ကို အမြန်ဆုံး သုတ်သင်နိုင်အောင် ကြိုးစားကြရမယ် မဟူရာ၊ ဒါပေမယ့် သူ့ကို ကိုယ်စားပြုနေတဲ့ နက္ခတ်တာရာတွေရဲ့စွမ်းအားက ကျန်နေသေးတော့ လွယ်လွယ်နဲ့တော့ သတ်လို့ မရနိုင်ဘူး”

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က မဟူရာကိုအဓိပ္ပါယ်ပါသောအကြည့်မျိုးဖြင့် တစ်ချက်ကြည့်လိုက်လေသည်။မဟူရာကလည်း ဒေါက်တာမင်းထင်ကျော် ဘယ်လိုအဓိပ္ပါယ်မျိုးဖြင့် ကြည့်သည်ကို သဘောပေါက်လေသည်။

“ကျွန်မ နားလည်ပါတယ် မောင်၊ ဒိုဂျီနဲ့ ဆရာကြီးစိတြတို့ အတွက်ရော အပြစ်မရှိဘဲ သေကြရတဲ့သူတွေအတွက်ရော ကျွန်မ အနစ်နာခံပြီး အောင်မြင်အောင် ကျွန်မ ဆောင်ရွက်ပေးပါ့မယ်”

ဒေါက်တာမင်းထင်ကျော်က မဟူရာ လက်ကလေးတစ်ဖက်ကို





ဆုပ်ကိုင်ထားလိုက်သည်။

ထို့နောက် ညဉ့်နက်ပိုင်းရောက်တော့ သူ့အခန်းထဲသို့ မဟူရာ ဝင်လာသည်။

သူမသည် ပါးလွှာသော အနက်ရောင်ပုဝါကို တစ်ကိုယ်လုံး ရစ်ပတ်ထားပြီး ဦးခေါင်းပေါ်မှာ စံပယ်နက်သုံးပွင့် ပန်လာလေသည်။

စံပယ်နက်မှာ ရှားပါးသော ပန်းတစ်မျိုးဖြစ်သည်။

ပုံသဏ္ဍာန်မှာ သာမန်တွေ့ရသော ထပ်တစ်ရာ စံပယ်ပန်းပွင့်မျိုးနှင့် တူသော်လည်း အဖြူရောင် မဟုတ်ဘဲ တစ်ပွင့်လုံး မဟူရာရောင် တောက်ပနေသည်။

စံပယ်နက်မှာ တစ်ပွင့်လုံး အနက်ရောင် တောက်ပနေသည် သာမက ရနံ့မှာလည်း ထူးခြားမှု ရှိသည်။

စူးရှသင်းပျံ့သော ထိုရနံ့ကို ရှူမိသူမှာ စိတ်ကို ပြောင်းလဲစေပြီး နိုးကြားတက်ကြွမှုလည်း ဖြစ်စေသည်။

မဟူရာက ဒေါက်တာမင်းထင်ကျော်ကို သူမ အသင့်ဖျော်ယူလာသော ကျောက်သွေးရည်တစ်ခွက် လာရောက်တိုက်ပေးလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ဒီလိုအချိန်မျိုးမှာ အဘယ်ကြောင့် ဒီလိုအဝတ်အစားမျိုး ဝတ်လာပြီး စံပယ်ပန်းအနက်ကို ပန်လာရသည်ကို မသိပေ။

စံပယ်ပန်းအနက်ကို မည်သည့်နေရာက ရှာဖွေရလာပြီး မည်သို့သော ရည်ရွယ်ချက်ဖြင့် ပန်လာသည်ကိုလည်း သူ မသိပေ။

သို့သော်လည်း တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးသော စံပယ်ပန်းနက် ရနံ့ကို ရှူမိရင်း မူးဝေလာသလို ပင်ကိုယ်အသိစိတ်များ ပျောက်သလို ခံစားလာရသည်။ သူ၏စိတ်အစဉ်များ ပြောင်းလဲလာသည်



www.burmeseclassic.com

www.burmeseclassic.com



ဘတော့ အမှန်ပင်ဖြစ်သည်။

"မဟူရာ. . . ဒီပန်းရနံ့မျိုး တစ်ခါမှ မကြုံဖူးသေးဘူး၊ ဘယ်လို ပန်းမျိုးလဲဟင်"

"စံပယ်နက်လို့ ခေါ်တယ်၊ ကမ္ဘာပေါ်မှာ အရှားပါးဆုံး ပန်းတစ်မျိုးပါပဲ"

"မဟူရာ ဘယ်နေရာက ရလာတာလဲဟင်"

"နက္ခတ်တာရာခန်းမဆောင်ရဲ့တစ်နေရာမှာ ရှိပါတယ်၊ ဆရာကြီး မသေခင်က ပြောပြသွားလို့ သိရတာပါ"

"ဒီပန်းရနံ့ကို ရှူမိတာနဲ့ စိတ်တွေ တစ်မျိုးဖြစ်လာသလိုပဲ၊ ဘယ်လိုဖြစ်လာတာလဲဟင်"

မဟူရာက တစ်ချက် ပြုံးလိုက်လေသည်။

"စံပယ်နက်ရနံ့က လူရဲ့စိတ်ကို ချက်ချင်းပြောင်းလဲစေတယ် မောင်ရယ်၊ တစ်ချိန်ကျရင် ကျွန်မတို့ အစီအစဉ်တွေမှာ အသုံးဝင်လာလိမ့်မယ်"

"မဟူရာ ပြောတာမှန်တယ်၊ အခု ဒီပန်းရနံ့ကို ရှူမိတာနဲ့ မောင့်ရဲ့စိတ်ထဲမှာ တစ်မျိုးပြောင်းလဲလာနေတယ်၊ မဟူရာ ပြန်သွားပါတော့"

ထိုသို့သာ ပြောလိုက်သော်လည်း သူ့စိတ်ထဲမှာတော့ မဟူရာကို အနားမှာပဲ ရှိနေစေချင်သည်။

တစ်ခုခုကို တောင့်တနေသကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း စိတ်ကို တတ်နိုင်သမျှ တည်ငြိမ်အောင် ကြိုးစားနေသည်။

မဟူရာက ပြုံးပြီး သူ့နံဘေးမှာ ဝင်ထိုင်လိုက်သည်။ စံပယ်နက်ရနံ့များက ပိုမိုစူးရှစွာ နှာခေါင်းထဲသို့ တိုးဝင်လာလေသည်။





"မောင်ကသာ နှင်နေပေမယ့် မောင့်စိတ်ထဲမှာ ကျွန်မကို အလိုရှိနေတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒီညအဖို့တော့ မောင့်ကို ဖြစ်စေပေးဖို့ ကျွန်မ ဒီမှာပဲ အတူရှိနေမှာပါ"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်နံဘေးမှာ လှဲချလိုက်လေသည်။

သင်းပျံ့သောရနံ့များ၊

နူးညံ့သော အထိအတွေ့များက စိတ်အစဉ်တစ်ခုလုံး လှုပ်ရှားသွားလေတော့သည်။

ထိုညအဖို့မှာတော့ သူတို့နှစ်ယောက်အတွက် ချစ်သူတို့၏ ကမ္ဘာသစ်တစ်ခုကို ရောက်သွားကြလေသည်။

နံနက်ပိုင်း အရုဏ်တက်အချိန်ရောက်မှ မဟူရာက ဒေါက်တာမင်းထင်ကျော် နံဘေးမှ ညင်သာစွာ ထလိုက်လေသည်။

သူမဦးခေါင်းပေါ်မှာ ပန်ထားသော စံပယ်နက်သုံးပွင့်ကို ခေါင်းအုံးပေါ်မှာ စီတင်ပေးရင်း တိုးတိုးရေရွတ်လိုက်လေသည်။

"ရှေ့မှာ ကျွန်မ ဘယ်လိုတာဝန်မျိုး ထမ်းဆောင်ရမယ်ဆိုတာကို ကျွန်မ သိပါတယ်၊ ကျွန်မရဲ့သန့်စင်မွန်မြတ်တဲ့ဘဝကို ချစ်သူရင်ခွင်မှာပဲ ထားခဲ့ချင်တယ်၊ တခြားလူတစ်ယောက်ရဲ့ရင်ခွင်မှာ ကြွေနွမ်းပြီးမှတော့ ချစ်သူကို မပေးချင်ပါဘူး၊ မောင် ကျွန်မကို ခွင့်လွှတ်ပေးပါတော့"

ဟု ပြောပြီး အိပ်ပျော်နေသော ဒေါက်တာမင်းထင်ကျော် နဖူးပြင်ကို ညင်သာစွာ နမ်းပြီး အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ကြွေနွမ်းနေပြီဖြစ်သော စံပယ်နက် ပန်းများကတော့ သင်းပျံ့သောရနံ့များ ရှိနေဆဲပင် ဖြစ်၏။

နောက်တစ်နေ့ နေ့လည်ပိုင်းအချိန်တွင် နက္ခတ်တာရာ ခန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရှေ့သို့ ရထားလုံးတစ်စီး ဆိုက်လာလေသည်။

"ဘာကိစ္စရှိပါသလဲ"

"ဒီအဆောင်မှာ နေတဲ့ မဟူရာဆိုတဲ့ အမျိုးသမီးကို မြို့စား လေးက တွေ့ချင်တယ်ဆိုပြီး အခေါ်ခိုင်းလို့ လာခေါ်တာပါ"

ဟု ရထားမောင်းသူက ပြောသည်။

ရထားမောင်းသူက ခဏအစောင့်ခိုင်းထားခဲ့ပြီး အစောင့်က အတွင်းသို့ ဝင်သွားလေသည်။

အချိန်အတန်ကြာသောအခါ အတန်အသင့် မွမ်းမံပြင်ဆင် ထားသော မဟူရာ ထွက်လာပြီး ရထားမောင်းသူနှင့် လိုက်သွားလေ တော့သည်။

မြို့စား နေသောအဆောင်သို့ ရောက်သောအခါ သီးသန့်ထား သော အခန်းတစ်ခန်းထဲသို့ ခေါ်သွားလေသည်။ သူမ ပါလာသောအခါ မြို့စားအပါးတော်မြဲ စေတန်က အကဲခတ်သလို ကြည့်နေလေသည်။

စေတန်သည် မဟူရာ၏အမူအယာကို အကဲခတ်ကြည့်ပြီး မြို့စားအတွက် စိုးရိမ်နေမိလေသည်။

အခန်းထဲမှာတော့ မြို့စားဆာတက စောင့်နေလေသည်။ သူမ တို့ မြင်သောအခါ အပြုံးဖြင့် နှုတ်ဆက်လေသည်။

"ငါ ဘာကြောင့် ခေါ်တယ်ဆိုတာ မင်းသိလောက်ပါတယ်၊ နက္ခတ်တာရာပြခန်းမှာ မင်းဘာတွေလုပ်နေတယ်ဆိုတာ စိတ်မဝင်စား ပါဘူး၊ တကယ်လို့ မင်းဟာ ငါ့ရဲ့ရန်သူတစ်ယောက် ဖြစ်နေခဲ့ရင်လည်း ငါ ဂရုမစိုက်ပါဘူး"

ဆာတက မဟူရာမျက်နှာနားသို့ ကပ်ကာ တိုးတိုးပြောလိုက် လေသည်။





မဟူရာကတော့ စိတ်ကို တည်ငြိမ်စွာ ထားလေသည်။

"ငါ မင်းကို တွေ့ချင်တဲ့အကြောင်းက တခြားမဟုတ်ဘူး၊ ငါ မင်းကို မြင်မြင်ချင်းပဲ သဘောကျတယ်၊ နှစ်သက်တယ်၊ ဒါကြောင့် မင်းကို လက်ထပ်မယ်ဆိုတဲ့အကြောင်း ခေါ်ပြောတာပဲ"

မဟူရာအတွက်ကတော့ အခွင့်အရေးတစ်ခု ရလာခဲ့ပြီ ဖြစ် သည်။

သို့သော် ချက်ချင်းလက်ခံ၍တော့လည်း မဖြစ်သေးပေ။

"မြို့စားလေးလို ဂုဏ်သရေရှိတဲ့ လူတစ်ယောက်က ကျွန်မလို သာမန် အညတြတစ်ယောက်ကို စိတ်ဝင်စားတယ်ဆိုတာကတော့ ကျွန်မအတွက် ဂုဏ်ယူစရာပါပဲ၊ ဒါပေမယ့် ကျွန်မအနေနဲ့ စဉ်းစားဖို့ အချိန်တော့ ပေးပါ"

ထိုစကား ကြားသောအခါ ဆာတက သဘောကျစွာ တစ်ချက် ပြုံးလိုက်ပြီးနောက် မဟူရာမျက်နှာပေါ်သို့ ဝဲကျနေသော ဆံနွယ်ကလေး များကို လက်ဖြင့် အသာအယာ သပ်တင်ပေးလိုက်သည်။

မျက်နှာချင်း နီးကပ်စွာ ရှိနေသောကြောင့် အသက်ရှူသော လေတို့က မျက်နှာကို လာထိနေသည်။

"မင်းဟာ သာမန် အညတြ အမျိုးသမီးတစ်ယောက် မဟုတ် မှန်း ငါသိပါတယ်၊ ငါ ပြောခဲ့သလိုပဲ၊ မင်းဟာ ငါ့ကို သတ်မယ့်ရန်သူ တစ်ယောက် ဖြစ်နေရင်တောင် ငါကတော့ ချစ်မှာပဲ၊ မင်းကို ရအောင် ယူမှာပါပဲ"

ဟု ပြောပြီး ပါးကို နမ်းရာ မဟူရာက အသာအယာ ရှောင် တိမ်းပေးလိုက်သည်။

"မင်းကို တစ်ပတ်တိတိ စဉ်းစားတဲ့အချိန် ပေးမယ်၊ တစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တဲ့နေ့မှာ ငါ မင်းကို လာခေါ်မယ်"

ဟု ပြောဆိုပြီး အပြင်ဘက်မှာ ရှိသော အစောင့်များအား ခေါ်ပြီး မဟူရာကို ပြန်ပို့ပေးခိုင်းလိုက်သည်။

ထိုအခါမှ အပါးတော်မြဲ စေတန်မှာ မျက်စိပျက် မျက်နှာပျက် ဖြင့် ဝင်လာပြီး ပြောသည်။

"သခင်. . . ဒီအမျိုးသမီးဟာ သာမန်မဟုတ်ဘူး၊ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်လိုပဲ ကြောက်စရာကောင်းတယ်ဆိုတာ သခင် မရိပ်မိဘူး"

ထိုသို့ပြောနေသည်ကို ဆာတက အပြုံးမပျက် နားထောင်နေလေသည်။

"အဆိပ်ပြင်းတော့ ပိုကောင်းတာပေါ့ကွာ၊ ငါက သာမန်လူတွေကို မနှစ်သက်ဘူး၊ အစွမ်းထက်ပြီး အဆိပ်ပြင်းတဲ့သူမျိုးတွေကိုမှ သဘောကျလေ့ရှိတယ်"

"ဒါပေမယ့် ကျွန်တော် အကဲခတ်မိတာကတော့ သူဟာ တစ်နေ့ကျရင် သခင်ကို ဒုက္ခပေးနိုင်ပါတယ်"

"တော်စမ်း စေတန်၊ ငါလို နက္ခတ်တာရာ အရှင်သခင်တွေ ဖန်ဆင်းပေးထားတဲ့ လူတစ်ယောက်ကို ဘယ်လိုလူမျိုးက အံတုလို့ ရမှာလဲ၊ အန္တရာယ်ပေးလို့ ရမှာလဲ၊ ငါ အလိုဆန္ဒရှိနေတဲ့ ကိစ္စတစ်ခုကို ဘယ်နည်းနဲ့မှ တားဆီးလို့ မရနိုင်ဘူး"

ဟု လေသံမာမာဖြင့် ပြောလိုက်ရာ စေတန်လည်း စကားမဆက်ဝံ့အောင် ဖြစ်သွားလေတော့သည်။

ထို့ကြောင့် ဘာမှ ဆက်မပြောတော့ဘဲ အခန်းတွင်းမှ ပြန်ထွက်လာခဲ့သည်။





ဆာတကတော့ သူ့မျက်စိထဲမှာ အလှဆုံး အချောဆုံး ဖြစ်နေသည့် မဟူရာ၏မျက်နှာလေးကိုသာ မြင်ယောင်ရင်း တစ်ယောက်တည်း သဘောကျစွာ ပြုံးနေလေတော့သည်။

တကယ်တော့ သူ့အနေနှင့် အလှဆုံး ပန်းတစ်ပွင့်ဟု ထင်မြင်ယူဆနေသောသူမှာ တစ်ချိန်ကျလျှင် သူ့အတွက် ငရဲပန်းတစ်ပွင့် ဖြစ်လာမည်ကိုတော့ သူ့မှာ ရှိသော စွမ်းအားများနှင့် ကြိုတင်မသိနိုင်ခဲ့ပါချေ။

အဘယ်ကြောင့်ဆိုသော်. . .

တပ်မက်ခြင်းဖြင့် ဖြစ်သော ချစ်ခြင်းမေတ္တာသည် လောက၌ စွမ်းအားအရှိဆုံး အရာတစ်ခု ဖြစ်နေသောကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

# တောင်ကြားလမ်းမှ အန္တရာယ်

နောက်ပိုင်းရက်များမှာလည်း ဆာတာ့က မကြာခဏဆိုသလို မဟူရာကို အခေါ်လွှတ်သောကြောင့် မလိုက်ချင်သော်လည်း လိုက်သွားရလေသည်။

သူမအနေနှင့် မလိုက်ချင်သော်လည်း တာဝန်တစ်ခုကို ထမ်းဆောင်နေသောအနေမျိုးဖြင့် ကြိတ်မှိတ်ကာ လိုက်သွားရလေသည်။

ဆာတ ခွင့်ပေးထားသော ခုနစ်ရက်အချိန်ကလည်း ပြည့်တော့မည်ဖြစ်သည်။

ထိုသို့သွားရင်းနှင့်ပင် သူမအနေနှင့် ရနိုင်သမျှ သတင်းအချက်

www.burmeseclassic.com

www.burmeseclassic.com



အလက်များကို ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ကို ပြန်ပြောပြရလေသည်။

"ကျွန်မ စုံစမ်းသိရသလောက်တော့ သူဟာ တဖြည်းဖြည်းနဲ့ ဗိုကြောက်စရာကောင်းလာပြီ"

"ဘယ်လိုကြောက်စရာကောင်းတာလဲ မဟူရာ. . . ပြောပါဦး"

"အခု သူ့ကို ယုံကြည်နေတဲ့ မရဏဂိုဏ်းသားတွေ အများကြီးရှိနေပြီလို့ သိရတယ်"

"ဟင်. . ."

"ဒီလူတွေဟာ သူ့အပေါ်မှာ အတော်ကလေး ယုံကြည် အားကိုးကြတယ်၊ သူစေခိုင်းတာ မှန်သမျှ ဘာမဆို လုပ်ပေးမယ်လို့ သစ္စာခံထားကြတဲ့သူတွေပဲ၊ အရင်က အိန္ဒိယမှာ ခေါ်ခဲ့ဖူးတဲ့ ကာလီနတ်ဖုရားမ ဂိုဏ်းသားတွေနဲ့ အတော်ကလေး တူတယ်"

"သူတို့ရဲ့ ရည်ရွယ်ချက်ကရော ဘာတွေရှိသလဲ"

"အဓိက ရည်ရွယ်ချက်ကတော့ လူတွေ များများသတ်ဖို့ ရည်ရွယ်ချက်ပါပဲ၊ မရဏတာရာ ကိုယ်စားပြုပြီး ရောက်လာတဲ့ ဆာတဟာ လူတွေ များများသတ်ပြီး သွေးချောင်းစီးလေ သူတို့အတွက် ကောင်းလေပါပဲ၊ အရင်က အိန္ဒိယမှာ သွေးဆာနေတဲ့ ကာလီနတ်ဖုရားမ ဂိုဏ်းသားတွေ ပေါ်ပေါက်ခဲ့ဖူးပါတယ်"

"သူတို့က ဘယ်လိုရည်ရွယ်ချက်နဲ့ ဂိုဏ်းဖွဲ့ကြတာလဲ"

"လူများများသတ်ဖို့ ဂိုဏ်းဖွဲ့ခဲ့တာပါပဲ၊ ကာလီနတ်ဖုရားမ ဂိုဏ်းသားအဖြစ် ခံယူထားတဲ့သူဟာ အနည်းဆုံး လူတစ်ယောက်တော့ သတ်ဖူးရတယ်၊ ဂိုဏ်းသားအဖြစ် အတော်ကြာတဲ့သူတွေဟာ လူအတော်များများကို သတ်ဖြတ်ဖူးကြပါတယ်"





"ကြောက်စရာကောင်းတဲ့ဂိုဏ်းပါလား"

"လူများများ သတ်ဖူးမှသာ ကာလီနတ်ဖုရားမကို ယုံကြည်အားထားတဲ့ တပည့်သားသမီးတစ်ဦးအဖြစ် ပီသတယ်လို့ ခံယူထားကြပါတယ်"

ထိုဂိုဏ်းသားများကြောင့် အိန္ဒိယတွင် လက်သည်မပေါ်သော လူသတ်မှုများ အများအပြား ဖြစ်ပေါ်ခဲ့ပြီး လူပေါင်းများစွာ သေကြေပျက်စီးခဲ့ကြရလေသည်။

(၁၇၉၉)ခုနှစ်ရောက်မှ သက်ဆိုင်ရာ အာဏာပိုင်များက လူသတ်တရားခံများကို ခြေရာခံမိပြီး လိုက်လံဖမ်းဆီးသောအခါ အတော်များများမှာ ခြေရာပျောက်လျက် ထွက်ပြေးသွားကြသည်။

(၁၈၂၆)ခုနှစ်တွင် သက်ဆိုင်ရာ ထောင်ဖက် အရာရှိများ၏ အစီရင်ခံချက်များအရ လူသတ်ကောင် တစ်သောင်းခန့်ကို ဖော်ထုတ်ဖမ်းဆီးမိပြီး တစ်ဦးတစ်ဦးလျှင် အနည်းဆုံး လူသတ်မှု သုံးမှုခန့် ကျူးလွန်ခဲ့သူများဖြစ်ကြောင်း သိကြရလေသည်။

လပ်ခ်နောင်မြို့တွင် ဖမ်းမိသော လူသတ်ကောင်တစ်ယောက်သည် ကြိုးပေးခံရအံ့ဆဲဆဲတွင် သူသည် လူပေါင်းခြောက်ရာကို သတ်ခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့လေသည်။

သူသည် ယခုအခါ သေရတော့မည်ဖြစ်သော်လည်း နောင်အခါ ကာလီနတ်ဖုရားမသည် သူ၏ဆောင်ရွက်မှုများအတွက် တမလွန်မှ ကောင်းချီးပေး ဖိတ်ခေါ်နေပြီး ဖြစ်ရကား သေရမည်ကို မကြောက်တော့ဟုပင် ကြိုးပေးအသတ်ခံရကာနီးတွင် ရယ်မောပျော်ရွှင်စွာဖြင့် ပြောပြသွားခဲ့သေးသည်။

အခြားသော အသက်(၈၀)ကျော် အဘိုးကြီးတစ်ဦးကမူ သူ



www.burmeseclassic.com

www.burmeseclassic.com



သည် လူပေါင်း(၉၉၉)ဦးကို သတ်ဖြတ်ခဲ့ပြီး တစ်ထောင်ပြည့်မြောက်အောင် မသတ်ခဲ့ရသဖြင့် များစွာစိတ်မကောင်းဖြစ်မိကြောင်း၊ ထိုကဲ့သို့ လူပေါင်း ကိုးရာကိုးဆယ့်ကိုးယောက်ကို သတ်ဖြတ်ခဲ့ပြီးဖြစ်သောကြောင့် ကာလီနတ်ဖုရားမသည် သူ့အပေါ်တွင် အလွန်အမင်းကျေနပ်နှစ်သိမ့်မှု ရှိနေပြီး တမလွန်ဘဝတွင် တပည့်တစ်ဦးအဖြစ် လက်ခံပေးလိမ့်မည်ဖြစ်ကြောင်း ပြောခဲ့လေသည်။

(၁၈၃၅)ခုနှစ်တွင် ကာလီနတ်ဘုရားမ၏လျှို့ဝှက်ဂိုဏ်းသားပေါင်း (၁၅၀၀)ကို ဖမ်းဆီးထောင်ချနိုင်ခဲ့ကာ (၃၈၂)ဦးကို လူသတ်မှုများဖြင့် ကြိုးပေး ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကြလေသည်။

နောက်ပိုင်းမှာတော့ ကာလီနတ်ဖုရားမ၏သွေးဆာနေသော ဂိုဏ်းသားများမှာ တဖြည်းဖြည်းနှင့် ပပျောက်သွားခဲ့လေသည်။

"အခု ဆာတ ထူထောင်နေတဲ့ ဂိုဏ်းကလည်း အဲသည်လို ဂိုဏ်းမျိုးနဲ့ အတော်ကလေး တူပါတယ်၊ သူတို့အနေနဲ့ ဂိုဏ်းကို စတင်ဖွဲ့စည်းနေတဲ့အချိန်မို့ မလှုပ်ရှားသေးတာ ဖြစ်တယ်၊ မကြာခင်မှာ သူတို့ဂိုဏ်းသားတွေ လှုပ်ရှားလာတော့မယ်ဆိုရင် အပြစ်မရှိတဲ့သူတွေ သေကြေ ပျက်စီးကြရမှာ အမှန်ပါပဲ"

ဟု မဟူရာက ပြောပြလေသည်။

သူမ ယူဆောင်လာသော ထိုသတင်းမှာ ဒေါက်တာမင်းထင်ကျော်တို့အတွက် ထူးခြားသောသတင်းပင်ဖြစ်၏။

"ဒီသတင်းမျိုးကို ကြိုတင်သိရတာ အများကြီး ကောင်းပါတယ်၊ ဒီသတင်းမျိုးကို ရအောင်စုံစမ်းနိုင်ခဲ့တဲ့ မဟူရာကိုလည်း ကျေးဇူးတင်ပါတယ်"

ထိုစကားကြောင့် မဟူရာက ဒေါက်တာမင်းထင်ကျော်ကို





တစ်ချက်ကြည့်လိုက်လေသည်။

ထိုအကြည့်တွင် အဓိပ္ပါယ်များစွာ ပါနေဟန်ရှိသည်။

"ကျွန်မဘဝနဲ့ ရင်းပြီးမှ ရခဲ့တဲ့ သတင်းတွေအတွက် မောင်တို့အတွက် အကျိုးရှိမယ်ဆိုရင် ကျွန်မအနေနဲ့ ကျေနပ်ပါတယ် မောင်ရယ်"

ဟု မပြောသော်လည်း ပြောနေသယောင်ရှိသည်။

ထိုအခြေအနေကို သိရသောအခါ အခြေအနေကို သုံးသပ်ပြီး ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"ဒီအတိုင်း မှန်ရင်တော့ အချိန်ဆွဲလို့ မဖြစ်တော့ဘူး၊ သူတို့အဖွဲ့တွေ မလှုပ်ရှားနိုင်ခင်မှာ ဆာတကို သုတ်သင်နိုင်မှ ဖြစ်မယ်၊ ဆာတ မရှိတော့ရင် သူတို့ဂိုဏ်းလည်း အလိုလို ပပျောက်သွားနိုင်တယ်"

"မှန်ပါတယ်. . . သူတို့တတွေ လှုပ်ရှားလာရင်တော့ အပြစ်မရှိတဲ့လူတွေ သေကြမှာ သေချာတယ်၊ ကျွန်တော်တို့ဘက်က အမြန်ဆုံး လှုပ်ရှားမှ ဖြစ်မယ်"

ဟု ပြောဆိုနေကြစဉ် မဟူရာက ဆက်ပြောပြသည်။

"မကြာခင် ရက်ပိုင်းအတွင်းမှာ သူ ရဲတိုက်ကြီး ရှိတဲ့ တောဘက်ကို အမဲပစ်ထွက်ဖို့ စီစဉ်နေတယ်၊ အဲဒီအချိန်မှာ သုတ်သင်နိုင်အောင် ကြိုးစားသင့်တယ်"

"ကောင်းပြီ. . . ဒီအချိန်မတိုင်ခင်မှာကတည်းက စီစဉ်သင့်တာတွေကို ကြိုတင်ပြီး စီစဉ်ကြရမယ်"

ဟု ပြောဆိုကာ အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေသည်။

နောက်ထပ် နှစ်ရက်ခန့် ကြာသောအခါ ဆာတ,တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်ဟောင်းကြီး ရှိသော တောဘက်သို့ အမဲလိုက် ထွက်ရန် ပြင်လေသည်။

၎င်းတို့သည် မြင်းကိုယ်စီနှင့် ဖြစ်ပြီး လက်နက်များကတော့ သေနတ်နှင့်လေးမြားလက်နက်များ ပါကြလေသည်။

ထို့ပြင် အမဲလိုက်ခွေးများလည်း ပါသည်။

အမဲလိုက် ခွေးကြီးများမှာ ဆာတ လက်သပ်မွေးထားသော ခွေးကြီးများဖြစ်ပြီး အရပ်အမောင်း အလုံးအထည် ထွားကျိုင်းလှသည်။

၎င်းနောက်မှာလည်း နောက်လိုက်နောက်ပါအချို့ ပါကြလေသည်။ တကယ်တော့ ဆာတသည် ရဲတိုက်ဟောင်းကြီး ရှိရာဘက်သို့ အမဲလိုက်ထွက်သော ရည်ရွယ်ချက်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သည်။

တစ်ချက်က အမဲလိုက်ရန်အတွက်ဖြစ်ပြီး ကျန်တစ်ချက်က ရန်သူများ၏သတင်းကို စနည်းနာရန် ရည်ရွယ်ချက်ပင် ဖြစ်သည်။

သူသည် ထိုရဲတိုက်ဟောင်းကြီး ရှိသောနေရာတွင် ၎င်းအတွက် ရန်သူများ ရှိနေနိုင်သည်ဟု ယူဆထားလေသည်။

လွန်ခဲ့သောရက်များကလည်း ထိုနေရာတွင် ရန်သူများနှင့် တွေ့ခဲ့ရပြီး သူသာ အသက်ရှင်ခဲ့သော်လည်း သူ့နောက်မှ ပါသူ အဖော်များများကတော့ အသက်သေဆုံးသွားခဲ့ကြလေသည်။

၎င်းရန်သူများမှာ နက္ခတ်တာရာခန်းမမှ အချို့ပါနိုင်သည်ဟု ထင်မြင်ယူဆထားသော်လည်း ထိုမှာ ရှိနေသူများကိုတော့ သူ့အနေဖြင့် ပေါ်ပေါ်ထင်ထင် ရန်မပြုဝံ့ပေ။

ထိုသူများအား အကြောင်းပြချက် မရှိင်လုံဘဲ ရန်ပြုမိပါက သူကျူးလွန်ခဲ့သောအပြစ်များလည်း ပေါ်ပေါက်လာမည်ကို စိုးရိမ်သော





ကြောင့် ဖြစ်သည်။

ထို့ကြောင့် ရန်သူများ၏အခြေအနေကို နည်းအမျိုးမျိုးနှင့် စုံစမ်းထောက်လှမ်းနေခြင်း ဖြစ်လေသည်။

သူတို့အဖွဲ့သားများ တောတွင်းသို့ ရောက်သောအခါ လူစုခွဲပြီး အမဲရှာကြလေသည်။

ထိုအချိန်တွင် အဝတ်နက်ကြီး ခြုံထားသော လူတစ်ယောက်သည် မြင်းကို စီးပြီး တစ်နေရာမှ ထွက်လာလေသည်။

သူ့မြင်းနောက်ဘက် ဒရယ်တစ်ကောင်ကို ကြိုးဖြင့် တန်းလန်း ဆွဲထားသည်။

သူသည် ဆာတတို့ မနီးမဝေး ရောက်သောအခါ မြင်းကို ဒုန်းစိုင်းလျက် ရှေ့မှ ပြေးလေသည်။

နောက်မှ ဆွဲထားသော ဒရယ်အသေမှ ထွက်နေသော သွေးများက လမ်းဘေးတစ်ဖက်တစ်ချက်မှာ ရှိသော သစ်ပင်သစ်ကိုင်းများ၌သော်လည်းကောင်း၊ လမ်းတစ်လျှောက်လုံးမှာသော်လည်းကောင်း စွန်းပေကျန်ခဲ့လေတော့သည်။

ဆာတနှင့် အတူပါလာသော အမဲလိုက်ခွေးများက ဒရယ်သွေးနံ့များ ရသောအခါ ထိုလမ်းကြောင်းအတိုင်း နောက်မှ လိုက်ကြလေသည်။

ထိုသို့လိုက်ရင်းမှပင် ဆာတမှာ အဖော်များနှင့် ကွဲလာတော့သည်။

ရှေ့မှ ပြေးသွားသောသူက တောင်ကြားလမ်း ရောက်သောအခါ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ ထိုသူက တောင်ကြားလမ်း တစ်နေရာတွင် ဒရယ်သေကို ဖြုတ်ချထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမဲလိုက်ခွေးများက တောင်ကြားလမ်းအတွင်း ရောက်သော အခါ ဒရယ်သေကို မြင်ပြီး သဲကြီးမဲကြီး ဝိုင်းဝန်းကိုက်ခဲကြလေသည်။

ထိုသို့ကိုက်နေရင်းမှပင် စူးစူးဝါးဝါး အော်ကာ တစ်ကောင်ပြီး တစ်ကောင် သေဆုံးသွားကြလေသည်။

ဆာတက ၎င်း၏အမဲလိုက်ခွေးများ သေဆုံးသွားသောအခါ တအံ့တသြဖြင့် ကြည့်နေလေသည်။

ထိုအခိုက်မှာပင် တောင်ကြားလမ်းထိပ် တစ်ဖက်တစ်ချက်တွင် မြင်းစီးသမားနှစ်ယောက် ပေါ်လာလေတော့သည်။

နှစ်ယောက်စလုံး တစ်ကိုယ်လုံး အဝတ်နက်ကြီးများ ခြုံလျက် ရုပ်ဖျက်ထားသောကြောင့် မည်သူမည်ဝါမှန်း မသိနိုင်ပေ။

၎င်းတို့နှစ်ယောက် ထွက်ပေါက်နှစ်ဖက်ကို ပိတ်ထားသောကြောင့် အလယ်ရောက်နေသည့် ဆာတအတွက် ထွက်ပေါက်မရှိတော့ပေ။

၎င်းနောက်မှာ ပါလာသူများကလည်း မည်သည့်နေရာရောက်နေမှန်း မသိတော့ပေ။

မြင်းစီးသမားနှစ်ယောက်က တဖြည်းဖြည်းနှင့် ရှေ့သို့ တိုးလာကြသည်။

ထိုသို့သော အခြေအနေမျိုး ရောက်နေသော်လည်း ဆာတက ကြောက်ရွံ့ဟန် မပြပေ။

သူသည် စူးရှသောမျက်လုံးများဖြင့် တောင်နံရံဘက်သို့ လှမ်းကြည့်လိုက်သည်။

ထိုသို့ကြည့်လိုက်ပြီး မရှေးမနှောင်းမှာပင် တောင်နံရံမှာ ရှိသောအပေါက်များထဲမှ မြွေတွန်သံ ပေါ်ထွက်လာလေသည်။





ထိုမြွေတွန်သံများကြောင့် ရှေ့သို့ တိုးလာနေသည့် ရန်သူတို့၏ မြင်းများက ရပ်တန့်သွားလေတော့သည်။

ခဏကြာတော့ ထိုအပေါက်များအတွင်းမှ မြွေများ ထွက်လာကြသည်။

ထို့ပြင် ချောက်ကမ်းပါးထိပ်ပေါ်မှလည်း အမျိုးအမည် စုံလင်ပြီး အကောင်အရွယ်အစား အကြီးအသေး များပြားလာသော မြွေများက လျှောဆင်းလာကြသည်။

အချို့မှာ ခုန်ဆင်းလာသကဲ့သို့ ပြုတ်ကျလာကြလေသည်။ မြွေများ ရောက်လာသောအခါ ရန်သူတစ်ယောက် စီးလာသည့်မြင်းက လန့်ပြီး ပဒပ်ရပ်လိုက်လေရာ မြင်းပေါ်မှလူလည်း အောက်သို့ ပြုတ်ကျသွားလေတော့သည်။

၎င်းစီးလာသော မြင်းမှာလည်း ကြောက်လန့်တကြားနှင့် နောက်ကြောင်းပြန်လှည့်ပြေးသွားလေတော့သည်။

မြေပေါ်သို့ ပြုတ်ကျသွားသူမှာ ရုတ်တရက် ပြန်မထနိုင်သေးမီမှာပင် အပေါ်မှ ဆင်းလာသည့် မြွေများရော အောက်မှာ ရှိနေသည့် မြွေများပါ ဝိုင်းအုံရစ်ပတ်လိုက်ရာ ခဏချင်းမှာပင် မြွေလုံးကြီးကဲ့သို့ ဖြစ်သွားလေတော့သည်။

ထိုလူ၏ကြောက်မက်ဖွယ်ရာ အော်သံကြီးမှာလည်း တောင်ကြားလမ်းတစ်ဝိုက်မှာ ပဲ့တင်ထပ်သွားလေတော့သည်။

ထိုအခြေအနေကို လှမ်းမြင်သောအခါ တစ်ဖက်တောင်ကြားလမ်းထိပ်မှာ ရောက်နေသော မြင်းစီးသမားမှာ ၎င်းထံသို့ မြွေများ ဝိုင်းမလာခင် နောက်ကြောင်းသို့ ပြန်လှည့်ပြေးလေတော့သည်။

သို့သော်လည်း ၎င်းစီးလာသောမြင်းမှာ ဇက်ကြိုးထိန်းရေတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဦးတည်ရာသို့ ဒရကြမ်း ပြေးလေရာ နောက်ဆုံး ချောက်အတွင်းသို့ အရှိန်ဖြင့် ကျသွားလေသည်။

ဧင်းကို ဝန်းရံနေသော ရန်သူနှစ်ယောက်စလုံး ရှင်းသွားသော အခါ ဆာတက တစ်ချက်ပြုံးလိုက်လေသည်။

ထိုအချိန်မှာပင် မြွေများမှာလည်း စောစောက ဧင်းတို့ ထွက်လာသော အပေါက်များအတွင်းသို့ ပြန်ဝင်သွားကြရာ အတန်ကြာတော့ ထိုနေရာတစ်ပိုက်မှာ တစ်ကောင်မှ မကျန်ခဲ့တော့ပေ။

ထိုအခါမှ မြွေကိုက်ခံရသော ဒဏ်ရာများဖြင့် သေဆုံးနေသူ အနီးသို့ လျှောက်သွားပြီး အဝတ်နက်ကြီးကို ဖယ်ပစ်လိုက်သည်။

ဓိသေဆုံးနေသူမှာ အခြားသူမဟုတ်ပေ။

မရဏစေတမန် သုတ်သင်ရေး ဂိုဏ်းဝင်တစ်ဦးဖြစ်သော တရုတ်လူမျိုး နက္ခတ်ပညာရှင် ချန်စောလင်ပင် ဖြစ်တော့သည်။

ဆာတက ချန်စောလင်ထံမှ မရဏဓားကို ယူဆောင်ပြီး ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

အခြားနေရာ ရောက်နေကြသည့် ကျန်အဖွဲ့သားများမှာလည်း အခြားရန်သူများနှင့် တွေ့နေကြပြီး သုတ်သင်ရှင်းလင်းနေကြရသော ကြောင့် ထိုဘက်မှာ ဖြစ်ပျက်နေသည့် အဖြစ်အပျက်များကို မသိလိုက်ကြတော့ပေ။

သူတို့အတွက်တော့ နောက်ထပ်အဖွဲ့ဝင်နှစ်ဦး ထပ်မံဆုံးရှုံးသွားခဲ့ကြရပြန်ချေသည်။







# အခန်း (၉)

# သခြင်းတရားဓါဝါးစားခံ သားကောင်များ

ထိုနေရာသည် တောတောင်ထူထပ်ပြီး လူသူအရောက် အပေါက်နည်းသော နေရာတစ်ခုဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ နက်ရှိုင်းသော သစ်တောကြီးများ၊ မြင့်မားသော တောင်စဉ်တောင်တန်းကြီးများ၊ ချောက်ကမ်းပါးကြီးများဖြင့် ပြည့်နေလေသည်။

တောင်ကြားလမ်း အတွင်းပိုင်း တစ်နေရာမှာတော့ ဂူပေါက်ဝ တစ်ခုရှိပြီး အတွင်း၌ ကျယ်ဝန်းလှသော ဂူကြီးတစ်ဂူ ရှိသည်။

ထိုဂူအတွင်းမှာတော့ လူအချို့ ရှိနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး နဖူးမှာလည်း မြွေတစ်ပိုင်း လူတစ်ပိုင်း ရုပ်ပုံပါသော နဖူးစည်းများကို စည်းထားကြသည်။

ထိုသူများမှာ အခြားမဟုတ်ပေ။

မြွေလူသား ဆာတ လျှို့ဝှက်စွာ ဖွဲ့စည်းထားသော မရဏ ဂိုဏ်းသားများပင် ဖြစ်သည်။

၎င်းတို့သည် ထိုဂူအတွင်းမှာ စုဝေးရောက်နေကြပြီး တစ်စုံတစ်ဦးကို စောင့်မျှော်နေကြဟန် ရှိလေသည်။

အတန်ကြာသောအခါ ထိုဂူအတွင်းသို့ တစ်ကိုယ်လုံး အဝတ်နက်ကြီး ခြုံထားသော လူတစ်ယောက် ဝင်လာလေသည်။

သူသည် ဦးခေါင်းပေါ်မှာလည်း အဝတ်နက်တစ်ခုကို စွပ်ထားပြီး မျက်လုံးနေရာ၊ နှာခေါင်းနေရာ၊ ပါးစပ်နေရာမှာသာ အပေါက် ဖောက်ထားလေသည်။

သူ ဝင်လာသောအခါ အတွင်းမှာ ရှိနေသောလူများက နေရာမှ ထပြီး အရိုအသေ ပေးလိုက်ကြသည်။

အတွင်းသို့ ရောက်သောအခါ ခေါင်းဆောင်လုပ်သူက သူ ပြောဆိုလိုသော စကားများကို ပြောလေသည်။

"ငါတို့ ဖွဲ့ထားတဲ့ မိစ္ဆာဂိုဏ်းဝင်တွေ တော်တော်များလာပြီ၊ ဒီကနေ့တော့ မင်းတို့ကို ဂိုဏ်းသားအဖြစ် အသိအမှတ်ပြုတဲ့ အမှတ်အသား တံဆိပ်တွေ ပေးမယ်၊ တစ်ယောက်ချင်း လာကြပါ"

ဟု ပြောလိုက်ရာ တစ်ယောက်ချင်း ထလာကြသည်။

ခေါင်းဆောင်လုပ်သူက အနီးသို့ ရောက်လာသူကို သူ့လက်ဖြင့် လက်ဝါးချင်း အပ်ပေးလိုက်သည်။





လက်ဝါးချင်း ပြန်ခွာလိုက်သည်နှင့် ထိုလူ၏လက်ဝါးပြင်မှာ မြွေလူသား တံဆိပ်တစ်ခု ထင်ကျန်နေခဲ့လေတော့သည်။

ထိုကဲ့သို့ တစ်ယောက်ချင်း ပြုလုပ်ပေးလိုက်ရာ နောက်ဆုံး လူအားလုံးကို တံဆိပ်အမှတ်အသား ပေးပြီးသွားလေတော့သည်။ ထိုသို့ပြုလုပ်ပေးပြီးတော့မှ စကားဆက်ပြောလေသည်။

"အခုအချိန်မှာ မင်းတို့အားလုံး မရဏဂိုဏ်းဝင်တွေ ဖြစ်သွားကြပြီ၊ ဂိုဏ်းဝင်ဖြစ်တဲ့လူတွေရဲ့အရေးအကြီးဆုံး လိုက်နာရမယ့် စည်းကမ်းကတော့ သစ္စာရှိကြဖို့ပဲ၊ နောက် အရေးကြီးတဲ့အချက်ကတော့ ငါတို့ မရဏဂိုဏ်းဝင် မှန်ရင် လူသတ်ဖူးရတယ်၊ လူမသတ်ဖူးရင် သွေးမစွန်းဖူးတဲ့လူဟာ ငါ့ရဲ့မရဏဂိုဏ်းဝင် မဖြစ်နိုင်ဘူး၊ ဒီတော့ ဂိုဏ်းဝင်တစ်ယောက် ဖြစ်လာသူဟာ အနည်းဆုံးတော့ လူတစ်ယောက်ရဲ့ အသက်ကို သတ်ဖြတ်ဖူးကြရမယ်"

ခေါင်းဆောင်လုပ်သူ ပြောနေသောစကားများကို ဂိုဏ်းသားများက စိတ်အားထက်သန်စွာဖြင့် နားထောင်နေကြလေသည်။

"ငါတို့ဂိုဏ်းသားတွေရဲ့တာဝန်က လူတွေရဲ့အသက်ကို သတ်နိုင်ရမယ်၊ လူများများ သတ်နိုင်လေလေ. . . အဆင့်အတန်း ပိုမြင့်လေပဲ၊ လူအများဆုံး သတ်ဖြတ်နိုင်တဲ့သူကို ငါ့ရဲ့လက်ထောက်အဖြစ် အသိအမှတ်ပြုပေးမယ်"

ဂိုဏ်းသားများမှာ ခေါင်းဆောင်လုပ်သူ၏လက်ထောက် တာဝန်ကိုသော်လည်းကောင်း၊ လူများများသတ်နိုင်ရန်ကိုသော် လည်းကောင်း စိတ်ဝင်စားကြလေသည်။

"ဒီတော့ အခုအချိန်ကစပြီး မင်းတို့ကို ပေးထားတဲ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ အန္တရာယ်တွေနဲ့ တွေ့ခဲ့ရင် ဘယ်လိုရင်ဆိုင်ရမလဲ ဂိုဏ်းချုပ်ကြီး"

"စိတ်မပူပါနဲ့. . . မင်းတို့လက်ဝါးပြင်မှာ ပေါ်နေတဲ့ ငါ့ကိုယ်စား အမှတ်အသားက အကာအကွယ်ပေးလိမ့်မယ်၊ မင်းတို့ကို ဘယ်လိုအန္တရာယ်မျိုးမှ မပေးနိုင်အောင် စောင့်ရှောက်ပေးလိမ့်မယ်၊ ဒီအမှတ်အသားကြောင့် မင်းတို့ သာမန်ထက်ပိုတဲ့ မမြင်နိုင်တဲ့စွမ်းအားတွေ ရကြလိမ့်မယ်"

ထိုစကားကြောင့် ဂိုဏ်းသားများမှာ များစွာကျေနပ်သွားကြလေသည်။

"ဒီစွမ်းအားတွေက ဘယ်လောက်ကြာတဲ့အထိ သုံးစွဲခွင့် ရနိုင်ပါသလဲ ဂိုဏ်းချုပ်ကြီး"

"ငါနဲ့ ဂိုဏ်းအပေါ်မှာ သစ္စာရှိနေသရွေ့ ဒီစွမ်းအားတွေကို ရနေလိမ့်မယ်၊ ဂိုဏ်းအပေါ်မှာ သစ္စာပျက်တဲ့အခါမှာပဲဖြစ်ဖြစ်၊ တကယ်လို့ ငါမရှိတော့တဲ့အခါမှာပဲဖြစ်ဖြစ် အလိုလို ကွယ်ပျောက်သွားလိမ့်မယ်"

ဟု ပြောပြလိုက်လေသည်။

ထိုသို့ပြောပြီး ခေါင်းဆောင်လုပ်သူက ဂူအတွင်းမှ အရင်ပြန်ထွက်သွားလေသည်။

ပြီးမှ ဂိုဏ်းသားများမှာ တစ်ယောက်ပြီးတစ်ယောက် ဂူအတွင်းမှ ထွက်ခွာသွားကြတော့သည်။

နောက်ပိုင်းမှာတော့ မေရှသက မြို့ပေါ်နှင့် အနီးတစ်ဝိုက်နေရာများတွင် ထူးဆန်းသော ဖြစ်မှုများ တစ်ခုပြီးတစ်ခု တစ်မှုပြီးတစ်မှု ပေါ်ပေါက်လာလေတော့သည်။





အခြားမဟုတ်ပေ။

ရက်ခြားဆိုသလို နေရာအနှံ့အပြားတွင် လူများ တစ်ယောက်ပြီးတစ်ယောက် အသတ်ခံရခြင်းဖြစ်လေသည်။

သေဆုံးသူတို့မှာ သေပုံသေနည်း ပုံသဏ္ဌာန်ချင်း မတူကြသော်လည်း လူသတ်သမားလက်ချက်ကြောင့် သေဆုံးရခြင်း ဖြစ်သည်ကတော့ ထင်ရှားလေသည်။

အသတ်ခံရသောလူတိုင်း ရုပ်ပျက်ဆင်းပျက်ဖြင့် သေဆုံးကြရခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်များကြောင့် ပြီတိသျှအစိုးရမှာ ခေါင်းခဲစရာဖြစ်လာရတော့သည်။

သူတို့သည် မြို့စားဆာတကို ထိုအမှုအခင်းများ အမြန်ဆုံးပျောက်သွားစေရန် ဆောင်ရွက်ဖို့ စေခိုင်းလာသည်။

ထို့ပြင် ပုလိပ်နှင့် စစ်သားများကိုပါ စေလွှတ်ပြီး လူသတ်တရားခံများ ဖော်ထုတ်ရန် ကြိုးစားလာကြလေသည်။

မျက်နှာဖြူ အရာရှိကြီးများမှာ နီပေါနိုင်ငံ၏မြို့တော်ဖြစ်သော ခတ္တမန္ဒူမြို့မှာသာ နေထိုင်ကြသော်လည်း ခတ္တမန္ဒူမြို့နှင့် မဝေးလှသော မေရှသကမြို့တွင် ဖြစ်ပျက်နေသည့် လူသတ်မှုများသတင်းက ရိုက်ခတ်လာသောကြောင့် မနေသာကြတော့ပေ။

ထို့ကြောင့် မျက်နှာဖြူအရာရှိအချို့ကို မေရှသကမြို့သို့ စေလွှတ်ပြီး ထိုအမှုများ ဖော်ထုတ်နိုင်ရန် ကြိုးစားကြခြင်းဖြစ်သည်။

လူသတ်မှုသတင်းများမှာ နေ့ဆက်ရက်ဆက်ဆိုသလို ပေါ်ပေါက်နေသောကြောင့် မေရှသကမြို့မှသာမက ခတ္တမန္ဒူမြို့မှ ရှိကြသောလူများကိုပါ ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မျက်နှာဖြူအရာရှိများက ထိုကိစ္စကို သာမန်ဟု သာ သဘောထားနေကြသော်လည်း နောက်ပိုင်း တစ်စတစ်စနှင့် ကျယ်ပြန့်လာပြီး မြို့သူမြို့သားများ အုံကြွလာသောအခါမှ မနေသာ တော့ဘဲ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကြရခြင်းဖြစ်သည်။

မေရှသကမြို့သို့ ရောက်လာသော မျက်နှာဖြူအရာရှိများက လည်း မြို့စားဆာတအား ထိုကိစ္စကို အမြန်ဆုံး ဖော်ထုတ်ပေးရန် ပြောလာကြသည်။

ထိုကာလအတွင်းမှာပင် လူသတ်မှုများကို လိုက်လံ စုံစမ်းနေ ကြသော ပုလိပ်နှင့်စစ်သားများမှာ လူသတ်သမားလက်ချက်ကြောင့် တစ်ယောက်ပြီးတစ်ယောက် သေကြရပြန်သည်။

၎င်းတို့မှာ သေနတ်လက်နက်များ ပါသော်လည်း လူသတ် သမားနှင့် ရင်ဆိုင်တွေ့သောအခါ မည်သို့မှ လုပ်မရဘဲ အသတ်ခံကြရ ခြင်းပင်ဖြစ်၏။

နောက်ပိုင်းမှာတော့ သတင်းစကားများ ထွက်လာသည်။

"လူသတ်သမားတွေက သာမန်လူတွေ မဟုတ်ဘူး၊ သိဒ္ဓိစွမ်း အား ရှိပုံရတယ်၊ သေနတ်နဲ့ ပစ်လို့တောင် မရဘူး၊ သူတို့လက်ချက်နဲ့ သူတို့ကို ဖမ်းဖို့ ကြိုးစားတဲ့လူတွေဟာ တစ်ယောက်ပြီးတစ်ယောက် သေကြတာပဲ"

ထိုစကားကြားသော မျက်နှာဖြူ အရာရှိများမှာ မျက်လုံးပြူးကြ ရသလို မြို့သူမြို့သားများ၏စိုးရိမ်ကြောက်လန့်မှုများကလည်း ပိုမိုများ ပြားလာလေတော့သည်။

တစ်နေ့တစ်နေ့ မြို့စား ရုံးထိုင်သော မြို့နယ်အုပ်ချုပ်ရေးမှူးရုံး သို့ လာရောက်တိုင်ကြားကြသူများမှာ မနည်းကြပေ။





သူတို့သည် မြို့စားဆာတနှင့် တွေ့ခွင့်မရဘဲ ၎င်း၏အပါးတော် မြဲ စေတန်ဆိုသူနှင့်သာ တွေ့ကြရသည်။

စေတန်က လာသမျှ ပြဿနာများကို ဒိုင်ခံဖြေရှင်းပေးနေရ တော့သည်။

တစ်ညမှာတော့ စေတန်က ဆာတ ရုံးခန်းအတွင်းသို့ ဝင်သွား လေသည်။

"ဘာကိစ္စရှိသလဲ စေတန်"

"ပြဿနာတွေကတော့ တဖြည်းဖြည်းနဲ့ များလာပြီ သခင်၊ ဒီအတိုင်း နေလို့မရတော့ဘူး"

ထိုစကား ကြားသောအခါ ဆာတက အေးအေးဆေးဆေး အမူအယာဖြင့် ရယ်နေသည်။

"ဘယ်လိုဖြစ်နေလို့လဲ"

"လူအတော်များများက ပြဿနာတွေကို ဖြေရှင်းမပေးဘဲနဲ့ ဒီအတိုင်း လစ်လျူရှုထားလို့ သခင့်အပေါ်မှာ မကျေမနပ် ဖြစ်နေကြ တယ်၊ တချို့ကလည်း ဒီကိစ္စတွေဟာ သခင်နဲ့ ပတ်သက်တယ်ဆိုတာ ရိပ်မိနေကြတယ်"

ထိုစကားကြောင့် ဆာတနှုတ်ခမ်းပေါ်မှာ ပေါ်နေသည့် ရယ် မောနေမှုများ ပျောက်သွားသည်။

"ဘယ်သူတွေက ရိပ်မိနေတာလဲ"

"အထူးသဖြင့်တော့ ဒီကိစ္စတွေကို နက္ခတ်တာရာခန်းမက လူ တွေက ရိပ်မိကြတယ်၊ သူတို့ကတဆင့် သိကြတာလည်း ဖြစ်နိုင်ပါ တယ်"

"မကြာခင်မှာ သူတို့လမ်း သူတို့သွားကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သခင့်အနေနဲ့ ဟိုအမျိုးသမီးနဲ့ မပတ်သက်သင့် တော့ဘူးလို့ ကျွန်တော်ထင်တယ်၊ သူဟာ သခင့်အတွက် အန္တရာယ် ရှိလာနိုင်ပါတယ်"

ထိုစကားကြောင့် ဆာတက စေတန်ကို မီးဝင်းဝင်းတောက်လု တတ် အရောင်လက်နေသော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်လိုက် သည်။

"မင်းက ငါ့ကို ပြန်ပြီးအမိန့်ပေးနေတာလား စေတန်"

"မ. . . မဟုတ်ပါဘူး၊ သခင် အန္တရာယ်ရှိလာမှာစိုးလို့ သတိ ပေးနေတာပါ"

"ငါ့ကို ဘယ်သူမှ ချုပ်ကိုင်ထားလို့ မရဘူး၊ ငါအလိုရှိတဲ့ဆန္ဒ နှင့်သမျှကိုလည်း ဘယ်သူကမှ မတားဆီးနိုင်ဘူး"

"ဒါ. . ဒါပေမယ့်. . ဒီ. . ဒီအကြောင်းတွေကို မကြာခင်မှာ သူတွေ သိလာပါလိမ့်မယ်"

ဆာတက စေတန်ကို ကြောက်မက်ဖွယ်ကောင်းသောအကြည့် မျိုးဖြင့် တစ်ချက်ကြည့်လိုက်လေသည်။

ထိုအကြည့်မှာ နဂါးတစ်ကောင်၏အကြည့်မျိုးကဲ့သို့ ချက်ချင်း ပြာကျသွားနိုင်လောက်သော အကြည့်မျိုး ဖြစ်သောကြောင့် စေတန်ပင် ဘုန်းလူပ်သွားလေတော့သည်။

"ငါ့အကြောင်းကို သိတဲ့လူမှန်သမျှ ဘယ်လိုအန္တရာယ်ဆိုးတွေ နဲ့ တွေ့ရတယ်ဆိုတာ မင်းကိုယ်တိုင် မကြာခင်မှာ ကြုံတွေ့ရပါလိမ့်မယ်"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ သခင်၊ ကျွန်တော်က သခင့်ကောင်း ကျိုးအတွက် ပြောပြတာပါ၊ ဒီအတွက် ကျွန်တော် သေရမယ်ဆိုရင် တောင်မှ သေဝံ့ပါတယ်"





ဟု ပြောဆိုပြီး စေတန်က အခန်းတွင်းမှ ပြန်ထွက်သွားလေ တော့သည်။

ထိုအချိန်မှာပင် စေတန်နေအိမ်မှာ ကျန်နေသော မိန်းမနှင့် ကလေးအဖြစ်မှာလည်း ကြောက်စရာကောင်းသော အဖြစ်အပျက်များ နှင့် ကြုံတွေ့ရလေသည်။

ကလေးက လမ်းလျှောက်ကာစအရွယ်သာ ရှိသေးပြီး အိပ်ယာ ပေါ်မှာ အိပ်ပျော်နေသည်။

မိန်းမဖြစ်သူက အချိန်နှောင်းနေသည့်တိုင် စေတန် ပြန် မရောက်လာသေးသောကြောင့် တမျှော်မျှော်နှင့် ဖြစ်နေရှာသည်။

သူမခေါမှာလည်း ယခုတလော မေရှသကမြို့တွင် ဖြစ်ပေါ် နေသော လူသတ်မှုသတင်းများကြောင့် ထိတ်လန့်ကြောက်ရွံ့နေရှာ သည်။

အပြင်ဘက်မှာလည်း မြူနှင်းများက ကျနေပြီး အမှောင်ထုများ ဖုံးလွှမ်းနေသည်။

ထိုအချိန်တွင် အိမ်ပတ်ဝန်းကျင်နေရာတစ်ဝိုက်မှ ခွေးအူသံ များ ပေါ်ထွက်လာသည်။

သူမသည် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အမှောင်ရိပ် ဖုံးနေ သော အပြင်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ မိမိတို့အိမ်ရှိရာဘက် သို့ လာနေကြသည့် မည်းမည်းသဏ္ဌာန်များကို ဝိုးတဝါး လှမ်းမြင်ရ သည်။

ထို့ကြောင့် အိမ်တံခါးများကို အလျင်အမြန် လိုက်ပိတ်လိုက် လေသည်။

သို့သော်လည်း ပြတင်းတံခါးများမှာ မှန်ချပ်များ တပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် အပြင်ဘက်သို့ ဖိုးတဝါး မြင်နေရသည်။

ထိုအခိုက်မှာပင် အနောက်ဖက်မှာ ရှိသော မှန်တံခါးချပ်ကို လက်ဖြင့် လာပုတ်နေသည့်အသံမျိုး ပေါ်ထွက်လာသည်။

"ဘုတ်. . ဘုတ်. . ဘုတ်"

"ဟင်. . ."

ထိုအမျိုးသမီးက အထိတ်တလန့်ဖြင့် အသံကြားရာသို့ လှည့်ကြည့်လိုက်သောအခါ မှန်တံခါးချပ်တွင် မျက်နှာအပ်ထားသော ကြောက်မက်ဖွယ်ရာကောင်းသော မျက်နှာကြီးတစ်ခုကို မြင်လိုက်ရသောကြောင့် ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

"အမယ်လေး. . . ကယ်ကြပါဦး"

တံခါးများအားလုံး ပိတ်ထားသောကြောင့် သူမအော်သံကို ပတ်ဝန်းကျင်မှာ ရှိကြသူများက မကြားနိုင်တော့ပေ။ ထိုအခိုက်မှာပင် နောက်တစ်နေရာမှ တံခါးချပ်ပုတ်သံ ပေါ်လာပြန်သည်။

"ဘုတ်. . ဘုတ်. . ဘုတ်"

အသံကြားရာသို့ ကြည့်လိုက်သောအခါ မှန်တံခါးချပ်တွင် ကပ်နေသော နောက်ထပ် ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီး တစ်ခုကို တွေ့ရပြန်သည်။

"အမယ်လေး. . . ကယ်တော်မူကြပါရှင်"

သူမအနေနှင့် အော်ရင်းဟစ်ရင်းနှင့် အပြင်လည်း မထွက်ဝံ့သောကြောင့် အိမ်အတွင်းပိုင်းသို့ ဝင်ပြေးလေတော့သည်။ သူမသည် မီးဖိုဆောင်အတွင်း ရောက်သွားပြီး နံရံတစ်ခုမှာ ကျောမှီလျက် ရပ်နေလေသည်။

ကြောက်လွန်းသဖြင့် အသက်ပင် မှန်မှန်ရှူမရတော့ပေ။





ထိုအခိုက်မှာပင် အပြင်ဘက်မှ လျှောက်လာသော ခြေသံလို လို ကြားရသည်။

"ရှပ်. . ရှပ်. . ရှပ်"

"ဟင်. . ."

ခြေသံက သူမ ရှိနေရာ အနောက်ဘက်သို့ ဦးတည်လာနေခြင်းဖြစ်သည်။

"ရှပ်. . ရှပ်. . ရှပ်"

အခန်းပေါက်ဝမှ ချောင်းကြည့်လိုက်တော့ ကြောက်မက်ဖွယ်ကောင်းသော မကောင်းဆိုးဝါးမျက်နှာဖြင့် လူပုလေးတစ်ယောက် သူမရှိရာဘက်သို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာလေသည်။

"ဟင်. . ."

သူမသည် ကြောက်ကြောက်လန့်လန့်ဖြင့် မီးဖိုဆောင်အပေါ်မှ အသွားထက်လှသော ဓားတစ်လက်ကို နှုတ်ယူလိုက်လေသည်။

ခြေသံက တဖြည်းဖြည်း နီးလာပြီး အခန်းပေါက်ဝသို့ ရောက်လာလေပြီ။

နောက်တစ်ကြိမ် ကြည့်လိုက်သောအခါ မကောင်းဆိုးဝါး တစ်ကောင်ကဲ့သို့ မျက်နှာဖြင့် လူပုလေးက အခန်းပေါက်ဝသို့ ရောက်လာတော့သည်။

သို့ကြောင့် ကြောက်စိတ်လွန်နေသော ထိုအမျိုးသမီးလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မကောင်းဆိုးဝါး၏လည်ပင်းရှိရာသို့ မှန်းပြီး ဓားဖြင့် ထိုးစိုက်ချလိုက်လေသည်။

မရှေးမနှောင်းမှာပင် စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသောအသံက မကောင်းဆိုးဝါးအော်သံမျိုးမဟုတ်ပေ။

ကလေးတစ်ယောက်၏အော်သံမျိုးဖြစ်သည်။

သူမက အထိတ်တလန့်ဖြင့် ငုံ့ကြည့်လိုက်သည်။

သွေးအိုင်ထဲမှာ လဲကျနေသူက မကောင်းဆိုးဝါး မဟုတ်ဘဲ လမ်းလျှောက်တတ်ခါစ သူ့သားငယ် ဖြစ်နေသည်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည်။

"ဟင်. . . သား"

သူမသည် လက်ထဲမှ ဓားကို လွှတ်ချလိုက်သည်။

သွေးများ အလူးလူးဖြစ်နေသော ကလေးကို ပွေ့ယူကြည့်လိုက်တော့ အသက်မရှိတော့ပေ။

"ဖြစ်ရလေ သားရယ်"

ကလေးကို ပွေ့ဖက်ငိုကြွေးနေစဉ် အိမ်ရှေ့တံခါးခေါက်သံ ပေါ်ထွက်လာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"ဟင်. . ."

သူမသည် ဒီတစ်ခါတော့ မကြောက်ရွံ့တော့ဘဲ သား သေရသည့်အတွက် ဒေါသဖြစ်နေလေသည်။

"လာပြန်ပြီ. . . ငါ့သားသေရတာ ခင်းတို့ကြောင့်ပဲ၊ ဒီတစ်ခါတော့ တွေ့ကြပြီပေါ့"

ဟု ပြောဆိုကာ ကလေးအလောင်းကို ပြန်ချကာ ဓားကို ကောက်ယူလိုက်ကာ တံခါးပေါက်ဝသို့ လျှောက်သွားလေသည်။

ထို့နောက် တံခါးဖွင့်ပေးလိုက်ရာ အပြင်ဘက်မှ စေတန် ဝင်





လာလေသည်။

စေတန်မှာ သွေးစွန်းသောဓားကို ကိုင်ကာ တောင့်တောင့်ကြီး ရပ်နေသည့်မိန်းမဖြစ်သူကို မြင်သောအခါ မျက်လုံးပြူးသွားလေသည်။

"မာရီ. . . ဘယ်လိုဖြစ်နေတာလဲ၊ လက်ထဲက ဓားကြီးက ဘာလုပ်မလို့လဲ"

"နင်တို့လို မိစ္ဆာကောင်တွေကို သတ်ပစ်မလို့"

"မင်း ဘာတွေပြောနေတာလဲ. . . ဘာတွေဖြစ်နေတာလဲ၊ ငါ စေတန်လေ"

"စေတန်ဆိုတာ မကောင်းဆိုးဝါးရဲ့လက်ပါးစေပဲ၊ ဒီကနေ့တော့ အဆုံးသတ်ပေးလိုက်တော့မယ်"

ဟု ပြောရင်း ရုတ်တရက် ရှေ့သို့ တိုးလာလေသည်။

"ဟော့. . ဟော့. . မင်း. . မင်း. . မှားမယ်. . . မှားမယ်. . အား"

ဟူသောအသံသာ ပေါ်ထွက်လာနိုင်ပြီး ဝမ်းဗိုက်အတွင်းသို့ စိုက်ဝင်သွားသော ဓားချက်ကြောင့် ခွေလဲကျသွားလေတော့သည်။

ထိုအခါမှ ပင်ကိုယ်စိတ်ပျောက်ကာ သွေးပျက်နေသော မာရီမှာ သတိပြန်ရလာတော့သည်။

သူမ သတိပြန်ရလာသောအချိန်မှာ ယောက်ျားရော သားပါ အသက်ပျောက်နေကြလေသည်

ဘယ်လိုမှ မတတ်နိုင်တော့ပေ။

နောက်ဆုံးမှာတော့ သူမ အနေနှင့် မထူးတော့ပြီမို့ လက်ထဲမှ ကိုင်ထားသောဓားနှင့်ပင် သူမကိုယ်ကို ပြန်စိုက်သွင်းကာ အဆုံးစီရင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့မှာ သေခြင်းတရား၏စားစာခံ သားကောင်များဘဝသို့ ရောက်ခဲ့ကြရခြင်းဖြစ်ပေတော့သည်။





# အခန်း (၁၀)

# ချစ်သူပေးသော သေခြင်းလက်ဆောင်

အခန်းမှာ သာမန်မျှသာ ကျယ်ဝန်းသော်လည်း ထိုအခန်းကို အလှပဆုံးဖြစ်အောင် မွမ်းမံပြင်ဆင်ထားလေသည်။

ပန်းနံ့သာများဖြင့် လှပအောင် စီစဉ်ထားရုံမက သင်းပျံ့သော အမွှေးရနံ့များ ထွက်နေသော ဆီမီးခွက်များကို ထွန်းထားလေသည်။

အခန်းတစ်ခုလုံး ထိုကဲ့သို့ လှပတင့်တယ်သောအရာများဖြင့် မွမ်းမံထားသလို ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါများလည်း ရှိနေကြသည်။ အခြားမဟုတ်ပေ. . .။

အလုံးအရွယ်အစား ကြီးမားပြီး အဆိပ်ပြင်းသော မြွေဟောက်



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးများက အခန်းပေါက်ဝများတွင် အခွေလိုက် ရှိနေကြသည်။

ဘယ်နေရာက ဘယ်လိုရောက်နေမှန်း မသိရသော်လည်း တစ်ခန်းလုံး ပြည့်နေသည်။

ထိုအခန်းထဲမှာ ဆာတနှင့်မဟူရာတို့ ရှိနေကြသည်။ ဆာတက မဟူရာကို ထိုအခန်းတွင်းသို့ ခေါ်လာပြီး တံခါးအားလုံးပိတ်ကာ အခန်းထဲမှာ မြွေဟောက်နက်ကြီးများ ထည့်ထားသည်။

သူမအနေနှင့် ဒီတစ်ကြိမ်တော့ ပြန်ခွင့်မရတော့မှန်း နားလည်လိုက်သည်။ သူမဘဝကို ဆာတထံသို့ အပ်ရတော့မည်ကိုပါ သဘောပေါက်မိလေသည်။

တစ်ခုတော့ ရှိသည်။ ထိုအခွင့်အရေးကို ရသော်လည်း ဆာတကို သုတ်သင်နိုင်မည့် တစ်ခုတည်းသော လက်နက်ဖြစ်သည့် မရဏဓားကိုတော့ ယူဆောင်လာခွင့် မသာခဲ့ပေ။

သို့အတွက်ကြောင့် စိတ်ထဲမှာ မချင့်မရဲ ဖြစ်နေလေသည်။

အချိန်က ညဦးပိုင်းအချိန်ရောက်လာပြီး အခန်းတွင်းမှာလည်း သင်းပျံ့သောရနံ့များက လှိုင်နေသည်။

ဆာတက မဟူရာအနား လျှောက်လာပြီး ခပ်တိုးတိုး မေးလိုက်လေသည်။

"မဟူရာ. . . မင်း ငါ့ရဲ့အချစ်ကို လက်ခံနိုင်ပြီ မဟုတ်လား"

မဟူရာက ဘာမှ ပြန်မပြောပေ။

"ဘာပဲဖြစ်ဖြစ်လေ. . . အခုတော့ မင်းဟာ ငါ ပိုင်ဆိုင်တဲ့ ချစ်သူဘဝကို မလွဲမသွေ ရောက်ရတော့မှာပါ"

မဟူရာက မျက်လုံးကို မှိတ်ထားပြီး တောင့်တောင့်ကြီး ရပ်နေလေရာ ဆာတက သူမကို ပွေ့ဖက်လိုက်သည်။





ရုတ်တရက်မို့ သူမစိတ်ထဲမှာ ဖျင်းခနဲ ဖြစ်သွားပြီး ရုန်းထွက်လိုက်ရန် ဟန်ပြင်လိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် စိတ်ကို ပြန်လျှော့ချလိုက်သည်။

ဆာတက မဟူရာ ပါးပြင်ပေါ်သို့ နေရာလပ် မကျန်အောင် နမ်းပြီး သူမကို အိပ်ယာရှိရာသို့ ပွေ့ချီယူသွားလေတော့သည်။

တကယ်တော့ သူမအနေနှင့် ဘဝနှင့်ရင်းပြီး တာဝန်တစ်ခုကို ထမ်းဆောင်နေရမှန်း စိတ်ထဲက သိနေသော်လည်း မျက်ရည်များကတော့ ပါးပြင်ပေါ်မှတဆင့် အိပ်ယာပေါ်သို့ စီးကျသွားလေသည်။

ဆာတကတော့ သူမတစ်ကိုယ်လုံးကို မြွေတစ်ကောင် ရစ်ပတ်ထားသကဲ့သို့ ရစ်ပတ်ထားလေတော့သည်။

ထိုညကတော့ မဟူရာအတွက် အရှင်လတ်လတ် လောကငရဲသို့ ရောက်နေရသကဲ့သို့ရှိပြီး ညတာရှည်လွန်းသော ညတစ်ညလည်း ဖြစ်ခဲ့ရပေသည်။

နောက်ဆုံးမှာတော့ အိပ်ပျော်သကဲ့သို့ ဖြစ်သွားခဲ့လေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်မှ ပြန်နိုးလာလေသည်။ ထိုအချိန်မှာ နေရောင်ခြည်အချို့ပင် အခန်းထဲသို့ ကျရောက်နေလေပြီ။ အခန်းတွင်းမှာတော့ ညက မြင်တွေ့ခဲ့ရသော မြွေဟောက်နက်ကြီးများ မရှိတော့သလို ဆာတကိုလည်း မတွေ့ရတော့ပေ။

သူမသည် ကိုယ်ပေါ်သို့ ပုဝါတစ်ထည် ရစ်ပတ်လိုက်သည်။ ထိုသို့ ရစ်ပတ်စဉ်မှာပင် တစ်ကိုယ်လုံး မြွေတစ်ကောင် ရစ်ပတ်ထားသကဲ့သို့သောအရာများကို တွေ့မြင်ရသည်။

အချို့နေရာများမှာ တင်းတင်းကျပ်ကျပ် ရစ်ပတ်ထားသောကြောင့် အနီရောင် သမ်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟူရာက ထိုအရာများကို တအံ့တသြ ငုံ့ကြည့်ပြီးမှ တစ်ကိုယ်လုံး ပုဝါဖြင့် ရစ်ပတ်ကာ အခန်းအပြင်သို့ ထွက်လိုက်သည်။

စင်္ကြံလမ်းတစ်လျှောက်နှင့် အိမ်ကြီးထဲမှာ ဘယ်သူမှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူမသည် အောက်သို့ မဆင်းတော့ဘဲ လှေခါးမှတဆင့် အပေါ်ထပ်သို့ တက်ခဲ့လေသည်။ အပေါ်ထပ်တွင် ဆာတ၏သီးသန့်ထားသော ခန်းမဆောင် ရှိလေသည်။ ထိုနေရာရောက်တော့ တံခါးဟရုံသာ ဟထားသောကြောင့် အတွင်းသို့ ဝင်လိုက်လေသည်။

သလင်းကျောက်ပြား ကပ်ထားသောနေရာမှ အလင်းရောင်များက တိုးဝင်နေရာ အခန်းတွင်း၌ လင်းနေသည်။

ဆာတ ယုံကြည်ကိုးကွယ်သော မရဏနက္ခတ်တာရာအရှင် ရုပ်တုရှေ့မှာတော့ ခွေခွေကလေး အိပ်ပျော်နေသော ဆာတကို တွေ့မြင်ရသဖြင့် ထိုနေရာသို့ လျှောက်သွားလေသည်။

မနီးမဝေးရောက်သောအခါ အံ့သြဖွယ်ရာမြင်ကွင်းကို တွေ့ရသည်။ ဆာတ ဦးခေါင်းထိပ်တည့်တည့်နေရာမှ မီးခိုးငွေ့ ထွက်သကဲ့သို့ အခိုးအငွေ့များ ထွက်နေပြီး ထိုအငွေ့များက ကောင်းကင်မှာ ပေါ်နေသော နဂါးငွေ့တန်းများကဲ့သို့ ရုပ်တုကြီး ရှိရာသို့ သွားနေကြသည်။

မဟူရာက အနားကပ်သွားပြီး အခိုးအငွေ့များ ထွက်နေသော ဆာတ၏ဦးခေါင်းနေရာသို့ ငုံ့ကြည့်လိုက်သောအခါ အသားပြင်မှာ ပေါ်နေသော မြွေလူသားရုပ်ပုံကို တွေ့မြင်ရလေသည်။

“ဒင်းရဲ့ပါဝါစွမ်းအားတွေတော့ လျော့ကျသွားပြီ ဒါ ငါ့အတွက် အခွင့်အရေးပဲ”





ဟု တွေးကာ အနီးဝန်းကျင်သို့ လိုက်လံကြည့်ရာ ယဇ်ပူဇော်သော ကျောက်စင်ပေါ်မှာ တင်ထားသည့် မရဏဓားတစ်လက်ကို တွေ့မြင်ရသည်။

“ဟင်. . .”

ထိုဓားမှာ မီးလောင်သေဆုံးသွားသော ဘူတန်မှ နက္ခတ်ပညာရှင် ဒိုဂျီ၏ဓားဖြစ်ပြီး ဆာတက ယူလာပြီး ရုပ်တုရှေ့မှာ တင်ထားခဲ့ခြင်း ဖြစ်လေသည်။

မဟူရာက ဝမ်းသာအံ့သြသောစိတ်ဖြင့် မရဏဓားကို ကောက်ယူလိုက်သည်။

ထိုအခိုက်မှာ နေ၏အလင်းရောင်ကြောင့် ဆာတက ပြန်နိုးလာလေသည်။

သူသည် တစ်ကိုယ်လုံးရှိ အားများ နှုတ်ယူထားသကဲ့သို့ဖြစ်ကာ အယိမ်းယိုင်နှင့် ထရပ်လိုက်ရာ အနီးမှာ ရပ်နေသော မဟူရာကို တွေ့မြင်ရသဖြင့် အံ့သြသွားလေသည်။

“ရှင် ကျွန်မကို ချစ်ခွင့်ရတဲ့အတွက် ကျေနပ်သွားပြီလား၊ အဲဒီလိုပဲ တမလွန်မှာ စောင့်နေတဲ့ ရှင်သတ်ခဲ့တဲ့လူတွေကလည်း မကြာခင် ရှင်ရောက်လာတော့မှာမို့ ကျေနပ်နေကြမှာပါ၊ ကဲ. . . သွားပေတော့”

ဟု ပြောကာ လက်ထဲမှာ အဆင်သင့် ကိုင်ထားသော မရဏဓားဖြင့် ဆာတကိုယ်ထဲသို့ ထိုးသွင်းလိုက်လေတော့သည်။

“အင့်. . .”

ယခင်က မည်သည့် လက်နက်နှင့်မှ သတ်၍မရနိုင်သော ဆာတကိုယ်အတွင်းသို့ မရဏဓားက အရိုးထိ စိုက်ဝင်သွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏကြာတော့ ပါးစပ်ထဲမှ သွေးများ စီးကျလာသည်။

"မင်းက ငါ့ကို သတ်မယ့် သေမင်းတမန်တစ်ယောက်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် မင်းကို ချစ်တဲ့စိတ်ကို ငါ မလွန်ဆန်နိုင်ခဲ့ဘူး"

ဟု ပြောသည်။

"ငါသေရတော့မယ့်အချိန် ရောက်လာပြီဆိုတာလည်း ငါသိပါတယ်၊ ဒါပေမယ့် တခြားရန်သူတွေရဲ့လက်ချက်နဲ့ သေရတာထက် စာရင် ငါချစ်တဲ့သူရဲ့လက်ချက်နဲ့ အသက်ထွက်ရမှာကို ငါကျေနပ်ပါတယ်"

ဟု ပြောကာ ဓားဒဏ်ရာကို လက်နှင့် ဖိထားပြီး ရုပ်တုကြီး ရှိရာဘက်သို့ ဒယိမ်းဒယိုင်နှင့် လျှောက်သွားကာ အလင်းရောင်များ ကျနေသောနေရာ ရောက်တော့ လဲကျသွားလေတော့သည်။

မဟူရာကလည်း အံ့သြဖွယ်ကောင်းသောမြင်ကွင်းကို ကြည့်နေလေသည်။ ထိုအချိန်မှာပင် အလင်းရောင် ရနေသော အခန်းတစ်ခုလုံး မှောင်ကျသွားပြီး သလင်းကျောက်ပြား ကပ်ထားသော နေရာတစ်ခုသာ လင်းနေတော့သည်။

ထိုနေရာမှာ သိဒ္ဓိရှိသော ပုဂ္ဂိုလ်တစ်ဦး၏ပုံသဏ္ဌာန်ကြီး ပေါ်လာပြီး လက်ဝါးကို ဖြန့်လိုက်ရာ ဆာတကိုယ်ပေါ်မှ ဝိညာဉ် အလင်းရောင်များ ထွက်လာပြီး လက်ဝါးဖြန့်ထားသောနေရာသို့ ရောက်သွားတော့သည်။

ထိုပုဂ္ဂိုလ်က ဆာတ၏အသက်ဝိညာဉ်ကို သိမ်းယူပြီးနောက် တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေသည်။

ထိုအခါမှ အခန်းထဲမှာ အလင်းရောင်များ ပြန်ရလာလေတော့သည်။ မဟူရာက ဆာတ ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ မယုံ






ကြည်နိုင်လောက်အောင် ဖြစ်သွားတော့သည်။

စောစောက ရုပ်တုကြီးရှေ့မှာ လဲကျနေသော ဆာတကို မတွေ့ရတော့ပေ။ ရင်ဝမှာ မရဏဓားတစ်လက် စိုက်ဝင်နေသော အရိုးစုကြီး တစ်ခုကိုသာ တွေ့ရတော့သည်။

မရဏဝိညာဉ်တာရာရှင်ဟု အမည်ခံထားသော မြွေလူသား ဆာတ,တစ်ယောက်ကတော့ နိဂုံးချုပ်သွားခဲ့ချေပြီ။ နောက်ထပ်တစ်ဖန် လူ့လောကသို့ ပြန်လည်ဝင်ရောက်လာ နိုင်တော့မည် မဟုတ်တော့ပေ။

ယခုတော့လည်း မိစ္ဆာရန်စွယ်များ ပြီးဆုံးသွားလေပြီတည်း။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

# ဟိမဝန္တာမှ အချစ်ငါသင်္ကေတများ

ဆာတ သေဆုံးသွားပြီးနောက်ပိုင်းမှာပင် ကောင်းကင်ပြင်မှာ နက္ခတ်တာရာ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့လေသည်။

လနှင့် ရောဟိဏီနက္ခတ်ကြားတွင် ရောက်နေသော မရဏ ဝိညာဉ်တာရာမှာ တဖြည်းဖြည်း မှေးမှိန်ကာ ကွယ်ပျောက်သွားလေတော့သည်။

လ၏အထက်သို့ ရောက်နေသည့် ရောဟိဏီနက္ခတ်မှာလည်း ရွေ့လျောကာ လ၏အောက်ဖက်သို့ ရောက်သွားသည်ကို တွေ့မြင်ကြသည်။





ဆာတ မရှိတော့သည့်အခါ ၎င်းဖွဲ့ထားသော မရဏဂိုဏ်းသားများမှာလည်း လက်ဝါးပြင်ပေါ်မှာ ပေါ်နေသည့် မြွေလူသားရုပ်ပုံမှာ မှေးမှိန်ပျောက်ကွယ်သွားကာ ၎င်းတို့ ရရှိထားသော စွမ်းအားများလည်း မရှိတော့ပေ။

ထိုအခါမှပင် ထိုဂိုဏ်းသားများကို ပုလိပ်နှင့်စစ်သားများက ရှာဖွေဖမ်းဆီးကာ မရဏဂိုဏ်းကိုပါ ဖြိုဖျက်နိုင်ခဲ့ကြသည်။

နောက်ပိုင်းမှာတော့ မေရုသကမြို့မှာ အန္တရာယ်ဆိုးများ ကင်းဝေးကာ အေးချမ်းသာယာမှုလည်း ရကြလေသည်။

မျက်နှာဖြူအရာရှိများကလည်း မေရုသကမြို့ကို အုပ်ချုပ်ရန်အတွက် နောက်ထပ်မြို့စားအသစ်တစ်ဦးကို ရှာဖွေနေကြသည်။

အာကာသ နက္ခတ်တာရာခန်းမမှာတော့ နက္ခတ်ပညာရှင်များဖြစ်ကြသည့် ဒေါက်တာမင်းထင်ကျော်၊ မဟာရှိရှိ၊ ဒေါက်တာချွန်ဒီနှင့် သာဗာမင်ဂျာတို့ လေးယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။

မဟူရာကတော့ ကိစ္စများ ပြီးသွားသောအခါမှာ နက္ခတ်တာရာခန်းမသို့ ပြန်မလာတော့ဘဲ ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့လေးယောက်မှာ နက္ခတ်တာရာခန်းမဆောင်ကို မွမ်းမံပြင်ဆင်ပြီး တာဝန်ဝတ္တရားများကို ထမ်းဆောင်ကြရလေသည်။

သူတို့သည် သေဆုံးသွားကြသော ဆရာကြီးစိတြ၊ ဒိုဂျီ၊ ချန်စောလင်တို့အတွက် တောင်ကုန်းထိပ်ပေါ်မှာ ဂူဗိမာန်များ ပြုလုပ်ကာ တမ္ပည်းကျောက်စာများ စိုက်ထူပေးကြသည်။

၎င်းတို့ ဝိညာဉ်များ ကောင်းရာဘုံဘဝသို့ ရောက်စေရန်



www.burmeseclassic.com

www.burmeseclassic.com



နတ္တွတ်အရှင်သခင်ရုပ်တုရှေ့မှာ ဆုတောင်းပူဇော်ပွဲများ ပြုလုပ်ပေးခဲ့ကြသည်။

ထိုကိစ္စများ ဆောင်ရွက်ပြီးသောအခါ ဒေါက်တာမင်းထင်ကျော်မှာ မဟူရာကို ရှာပုံတော်ဖွင့်ရန် ပြင်ဆင်ရတော့သည်။

ထိုအခါ မဟာရှိရိက ပြောသည်။

"သူ တခြားနေရာ သွားမယ်မထင်ဘူး၊ သူ့အဘိုးရှိတဲ့ ဟိမဝန္တာတောင်ခြေက ရွာကိုပဲ ပြန်သွားတာ ဖြစ်မှာပါ၊ ခင်ဗျား သူ့ကို တွေ့ချင်ရင်တော့ အဲဒီနေရာကို လိုက်သွားရင် သူနဲ့ တွေ့နိုင်မှာပါ"

ဟု ပြောသဖြင့် ဟိမဝန္တာဘက်သို့ ခရီးထွက်ခဲ့လေသည်။

ဒီတစ်ကြိမ် ခရီးထွက်ရမှာတော့ အဖော်မပါတော့ဘဲ တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

ဟိမဝန္တာ တောင်ခြေရွာ ရောက်တော့ မဟူရာ၏အဘိုးဖြစ်သူ ချန္ဒဝေဒကိုသာ တွေ့ရပြီး မဟူရာကိုတော့ မတွေ့ရပေ။

"လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က သူပြန်ရောက်လာတယ်၊ စိတ်နဲ့ကိုယ်ခန္ဓာ သန့်စင်ဖို့ ယောဂကျင့်စဉ်တစ်ခုကို သူကျင့်နေတယ်၊ ဟိမဝန္တာတောင်ပေါ်က ဂူတစ်ဂူထဲမှာ ရှိနေပါတယ်"

ဟု ပြောကာ သူမ ရှိသောနေရာသို့ပါ လမ်းညွှန်ပေးလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်လည်း ချန္ဒဝေဒ ညွှန်ပြပေးသောလမ်းအတိုင်း တောင်ပေါ်သို့ တက်သွားလေသည်။

ထိုအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သဖြင့် တောင်ပေါ်မှာ နှင်းမှုန်နှင်းဖွဲကလေးများ ကျဆင်းနေသည်။

အအေးဓါတ်များက ပတ်ဝန်းကျင်တစ်ခုလုံး ထွေးပတ်ထား





လေသည်။

ဟိမဝန္တာသည် တရားရှာဖွေနေသူများ၊ ယောဂကျင့်စဉ်များ ကျင့်ကြံသူတို့ မှီခိုရာ ပျော်မွေ့ဖွယ်ရာ နေရာတစ်ခုပင် ဖြစ်သည်။

တောင်ထွတ်ပေါင်းများစွာ၊ ဂူပေါက်များ မရေမတွက်နိုင်အောင် များပြီး ထိုဂူများထဲမှာ သူတော်စင်များ ယောဂကျင့်သူတို့ ရှိနေကြသည်။

အချို့ကျောက်ဂူတို့သာ လူတစ်ယောက်သာ နေနိုင်သော်လည်း အချို့ဂူများမှာတော့ လူလေးငါးယောက်အထိ နေနိုင်ကြပြီး ၎င်းကျောက်ဂူများကိုတော့ ၎င်းတို့၏ကျောင်းသခ်မ်းများအဖြစ် အသုံးပြုကြလေသည်။

ကျောက်ဂူများကို ဂူကျောင်းအဖြစ် အသုံးပြုခဲ့ကြသည်မှာ နှစ်ပေါင်းများစွာကတည်းကပင် ဖြစ်သည်။

ယောဂီတို့သည် ကျောက်ဂူတို့ကို နေရာထိုင်ခင်းသဖွယ် ဖြစ်လာအောင် နှစ်အတော်ကြာအောင် တဖြည်းဖြည်းနှင့် ထွင်းဖောက်ပြုပြင်ကြရသည်။

အချို့လည်း တစ်ဦးတည်း နေထိုင်သာအောင် ပြုပြင်ကြပြီး အချို့ကတော့ တပည့်သာဝကများနှင့် အတူနေနိုင်အောင် ကျယ်ဝန်းသော ဂူပေါက်များအဖြစ် ပြုလုပ်နေထိုင်ကြလေသည်။

ထိုသို့နေထိုင်ကြပြီး ယောဂကျင့်စဉ် အမျိုးမျိုးတို့ကို ကျင့်ကြံအားထုတ်ကြသည်။

နေလစွမ်းအင်နှင့် သက်ဆိုင်သော ယောဂကျင့်စဉ်များ၊ မိမိခန္ဓာကိုယ်အတွင်း၌ ရှိသော စွမ်းအင်များကို ပြုပြင်ထိန်းသိမ်းခြင်း၊ ပေါင်းစပ်ဖွံ့စည်းစေသော ယောဂကျင့်စဉ်များ အပါအဝင် ယောဂ



www.burmeseclassic.com

www.burmeseclassic.com



ကျင့်စဉ်ပေါင်း မြောက်များစွာ ရှိကြပေသည်။

ထိုကျင့်စဉ်များထဲမှာ မေတ္တာနှင့် သက်ဆိုင်သောကျင့်စဉ်များမှာ အဓိကနေရာမှ ပါဝင်နေပြီး ထိုကျင့်စဉ်နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သော အချစ်နှင့် ပတ်သက်သော ယောဂကျင့်စဉ်အချို့လည်း ပါဝင်ပေသည်။

၎င်းတို့က အချစ်ကို ကာမနှင့် သက်ဆိုင်သောအချစ်မျိုး မလိုလားဘဲ သန့်စင်မွန်မြတ်သော ပန်းတစ်ပွင့်နှင့် တူသောအချစ်မျိုးကိုသာ တန်ဖိုးထားကြလေသည်။

အဆင်းလှ၍ သင်းရနံ့ထုံသောပန်း မဖြစ်ပေါ်မီကပင် လှပသော ပန်းတစ်ပွင့် ဖြစ်စေသည့်အရာများက အစအဦး ကာလကပင် ရှိပြီးဖြစ်သည်။

မဟာစကြဝဠာကြီးတစ်ခုလုံးနှင့် နေ၊ လ၊ ကြယ်စင်ဂြိုဟ်နက္ခတ်အပါအဝင် မူလအစတွင် အရာရာရှိပြီး ဖြစ်လင့်ကစား အသွင်မဲ့ သဏ္ဌာန်မဲ့ ဖရိုဖရဲနှင့် ကစဉ့်ကလျား ဖြစ်တည်ခြင်းမှ စတင်ခဲ့သည်ဟူ၍ ရှေးကာလ ခေါမဒဏ္ဍာရီ၊ ဂရိမိုက်သိုလိုဂျီ(Greek Mythology)က ဖွင့်ဆိုသည်။

အစစအရာရာ စတင်ခြင်းသည် ခေးအော့စ်(Chaos) အမည်ရှိသော နတ်ဘုရားမှ ဖန်ဆင်းဖြစ်သည်ဟူ၍ ဆိုသည်။

ခေးအော့စ်(Chaos)ကို ဖရိုဖရဲ နတ်မင်းကြီးဟူ၍ သတ်မှတ်သည်။

ရှေးကာလ နတ်ဘုရားတို့၏မူလအစဖြစ်သည်။

ကစဉ့်ကလျား ဖရိုဖရဲဖြစ်ခြင်းသည် ခေးအော့စ်(Chaos) ဖြစ်သလို ခေးအော့စ်(Chaos)သည်လည်း ဖရိုဖရဲ နတ်ဘုရားဖြစ်သည်။





အရာရာကို ဖြစ်တည်စေသော မူလအခြေခံဇာတိသဘာဝနှင့် ဖြစ်သဘာဝ အလုံးစုံသည် ဖရိုဖရဲနတ်မင်းကြီး၏ဖန်တီးမှုကြောင့် နေရာအနှံ့ ပျံ့နှံ့လျက် တည်ရှိသည်။

ထိုကဲ့သို့ ကစဉ့်ကလျား ဖရိုဖရဲဖြစ်စဉ်ကို ခေးအော့စ်(Chaos) ဖြစ်စဉ်ဖြင့် တည်ရှိသည်ဟု ဆိုသည်။

| | | |
|---|---|---|
| အလင်း | - | အမှောင် |
| အပူ | - | အအေး |
| မာကျောခြင်း | - | ပျော့ပျောင်းခြင်း |
| အခိုးအငွေ့ | - | အစိုင်အခဲ |
| စီးဆင်းခြင်း | - | ဖွဲ့တည်ခြင်း |

စသည့် ဆန့်ကျင်ဘက်များ ဖရိုဖရဲဖြစ်မှု၊ ခွဲထွက်မှုများမှ စကြဝဠာကြီး ဖြစ်ခဲ့လေသည်။

ထိုကဲ့သို့ ဖရိုဖရဲဖြစ်မှုကို ခေးအော့စ်(Chaos) နတ်မင်းမှ ချုပ်ကိုင်သည်။

နောက်ကျိအောင် လှုပ်ခါထားသောအရာ တည်ငြိမ်လေသော် အနည်ကျ ဖွဲ့စည်းမှု၊ သဘာဝ နိယာမအရ ဖရိုဖရဲ ကစဉ့်ကလျားဖြစ်မှု အရှိန်လျော့လေသော် အစိုင်အခဲသဏ္ဌာန် ဖွဲ့စည်းမှုများ စတင်လာသည်။

အစီအစဉ်မဲ့၊ ပုံစံမဲ့၊ အသွင်မဲ့မှ အစိုင်အခဲ ဖွဲ့စည်းလေသော် အပြန်အလှန် ဆန့်ကျင်မှုအကြား ဖြစ်တည်မှုသစ်တစ်ခု ပေါ်ထွန်းလာသည်။

ပုံဆောင်မဲ့နှင့် ပုံဆောင်ခဲကြား ဖြစ်တည်မှု စတင်ရာမှ တစ်ခုနှင့်တစ်ခု ခွဲထုတ်ခြင်း၊ တစ်ခုနှင့်တစ်ခု ပေါင်းစည်းခြင်း၊ တူရာသဘာဝ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆန့်ကျင်မှု သဘာဝကို ဖြစ်တည်စေခြင်းများ ဖြစ်စေသော သဘာဝ သစ် ပေါ်ထွန်းသည်။

နတ်ဒေဝါအသွင်ဖြင့် ပေါ်ထွန်းသည်ဟု ဒဏ္ဍာရီတွင် ဆိုသည့် အီးရော့(စ)(EROS) အမည်ရှိသော နတ်ဒေဝါ ပေါ်ထွန်းလေသည်။

ရုပ်ဝတ္ထု တစ်ခုနှင့်တစ်ခုဖြစ်စေ၊ သဘာဝ ကွဲပြားသောအရာ တစ်ခုနှင့်တစ်ခုဖြစ်စေ၊ သဘာဝ တူညီသောအရာတစ်ခုနှင့်တစ်ခုကိုဖြစ် စေ ဆက်သွယ်ခြင်း၊ ပေါင်းစပ်စေခြင်း၊ အသစ်ဖြစ်စေခြင်းတို့ကို ဖန်တီး ပေးသည်။

ထိုကဲ့သို့ ပေါင်းစည်းမှုဖြစ်စဉ်ကို အီးရော့(စ)(EROS)က ဖန် တီးသည်။

တစ်ခုနှင့်တစ်ခု ပေါင်းစည်း နှောင်ဖွဲ့စေသော စွမ်းအားကို လပ်ဖ်(LOVE) ဟူ၍ခေါ်သည်။

မြန်မာဘာသာဖြင့်ဆိုသော် အချစ်ဟူ၍ ခေါ်သည်။

ဤသို့ ချစ်ခြင်းမေတ္တာ(LOVE)ကို ဖန်ဆင်းသူမှာ အီးရော့(စ) (EROS) ဖြစ်၏။

အီးရော့(စ)(EROS)သည် အချစ်နတ်ဘုရားဖြစ်သလို ကိုယ် တိုင်သည်လည်း "အချစ်" ဖြစ်၏။

ရှေးဟောင်း ဂရိဒဏ္ဍာရီအလိုအရ ချစ်ခြင်းမေတ္တာဆိုသည်မှာ သက်ရှိတို့ တစ်ဦးနှင့်တစ်ဦး အသည်းနှလုံးမှ ယိုစီးဆင်းသော ချစ်ခြင်း မေတ္တာမဟုတ်။

အလိုရှိအပ်သောအရာများ၊ ပေါင်းစည်းအပ်သောအရာများ ဖြစ်ပေါ်လိုသော အကြောင်းအရာတို့အား ဖရိုဖရဲ စီးဆင်းနေသော သဘာဝမှ ရွေးနုတ်ယူငင်ကာ ဖန်ဆင်းဖြစ်တည်စေသော စွမ်းအားဖြစ်





သည်။

အီးရော့(စ)(EROS) နတ်ဒေဝတာ၏စွမ်းအားကို ရယူကာ အရာရာကို အသွင်သစ်တည် ဖြစ်ပေါ်စေသော သဘာ ဝစွမ်းအားကို ချစ်ခြင်းမေတ္တာ(LOVE)ဟု ခေါ်ခြင်းဖြစ်၏။

ဂရိဒဏ္ဍာရီအလိုအရ ချစ်ခြင်းမေတ္တာဖြင့် အရာရာကို ဖန်တီး နိုင်စွမ်းရှိသည်။

သဘာဝအတွင်း လွင့်မျောနေသော ပန်းပွင့်ဖြစ်စေသောအရာ များကို ပေါင်းစည်း၍ ပန်းပွင့်ကို ဖြစ်စေခြင်းသည် ချစ်ခြင်းမေတ္တာ (LOVE)က ဖန်တီး၏။

သာယာနာပျော်ဖွယ်ဖြစ်သော သံစဉ်တစ်ခုဖြစ်စေသည့် မူလ အရင်းအမြစ် အားလုံးကို သဘာဝလောကမှ ကောက်ယူဖွဲ့စည်း၍ တေးဂီတ ဖြစ်စေခြင်းသည်လည်း ချစ်ခြင်းမေတ္တာ(LOVE) စွမ်းအား ကြောင့်ပေတည်း။

လူသားမှအစ သက်ရှိသတ္တဝါ အလုံးစုံနှင့် သက်မဲ့ ကျောက်စိုင် ကျောက်ခဲ အလုံးစုံအား သဘာဝဖွဲ့စည်းမှုသည် "LOVE" (EROS) အီးရော့(စ)မှ ဖြစ်သည်။

မူလဖြစ်တည်မှုကို ခေးအော့စ်(Chaos)မှ ဖန်တီးထားသည့် အရာအလုံးစုံအပေါ် အီးရော့(စ)(EROS) အချစ်နတ်ဒေဝါမှ အရာရာ အား စနစ်တကျ ဖွဲ့စည်း၍ တင့်တယ်သောအရာမှန်သမျှကို ဖြစ်စေ သည်။

အချစ်သည် အရာရာကို ဖန်တီးနိုင်သည်ဟု ဆိုသည်။

(Love Creats Everything)ဟူသော ဒဏ္ဍာရီအယူအဆ ရှိသည်။

www.burmeseclassic.com



ထိုမှတစ်ဆင့် လူသားတို့၏ဖြစ်လိုသောဆန္ဒအလုံးစုံကို ပြည့်မြောက်စေရန် အီးရော့(စ)(EROS)၏အချစ်သင်္ကေတကို ဆောင်ယူသော အလေ့အထ ပေါ်ပေါက်လေသည်။

Love (Unshakeable)ဆိုသည်မှာ တည်ငြိမ်တည်တံ့သော ခိုင်ခံ့သော ယိမ်းယိုင်မှု မရှိသော တည်ငြိမ်သည့် ဖွဲ့တည်မှု ရှိသော အချစ်ဟု ဆိုသည်။

မြန်မာစကား "မေတ္တာ" ဟူသောစကားနှင့် အဓိပ္ပါယ်တူသည်။

Love(shakeable) တစ်ခုနှင့်တစ်ခု ဖွဲ့စည်းရာမှ လှုပ်ရှားမှုများ ဖြစ်ပေါ်ကာ အသစ်ဖန်တီးမှုများ ထပ်ဆင့် ဆင့်ကဲဖြစ်ပေါ်သော အချစ်မေတ္တာဟူ၍ ဆိုသည်။

ကိလေသာအချစ်ဟူသော မြန်မာစကားနှင့် နီးစပ်သည်။ တည်ငြိမ်သော မေတ္တာအချစ်ကို ဖန်တီးသော သင်္ကေတကို ဖော်ပြအပ်ပါသည်။

၎င်းသင်္ကေတကို ဆောင်ယူခြင်းဖြင့် မိမိဖြစ်လိုသောအရာများကို ဖြစ်ပေါ်စေသည်။

အလွန်တန်ခိုးကြီး၍ အလိုဆန္ဒပြည့်စေသော သင်္ကေတဟု ဆိုသည်။

မူလသဘာဝတွင် ခေးအော့စ်(Chaos) ဖရိုဖရဲ ဖြစ်တည်နေသောအရာများမှ မိမိ၏စိတ်ဆန္ဒမှ ဖြစ်လိုသောအရာများအဖြစ် အီးရော့(စ)(EROS) အချစ်နတ်ဘုရားမှ လိုလားသည်များ ပေါင်းစည်းဖြစ်ပေါ်စေရန် အထောက်အကူပြုသည်။

လူသားတစ်ဦးနှင့်တစ်ဦး ချစ်ခြင်းမေတ္တာကို ဖြစ်ထွန်းစေသော အီးရော့(စ)(EROS) အချစ်သင်္ကေတကို ဆောင်ယူခြင်းဖြင့် မျက်နှာပွင့်





လန်းခြင်း၊ လူအများအပေါ် လွှမ်းမိုးနိုင်ခြင်း ရှိပေမည်။

ကျောက်ဂူတစ်ခုအတွင်းမှာ ရောက်နေသည့် မဟူရာ ကျင့်နေသော ယောဂကျင့်စဉ်မှာ ရုပ်ခန္ဓာရော စိတ်အစဉ်ကိုပါ သန့်စင်စေသော မေတ္တာနှင့် သက်ဆိုင်သည့် ယောဂကျင့်စဉ်ပင်ဖြစ်သည်။

သူမ ရှိနေသော ဂူပေါက်ဝမှ ခြင်းဖြင့် ထည့်ထားသည့် ပန်းအိုးတစ်လုံး ချိတ်ဆွဲထားသည်။

ပန်းအိုးအတွင်းမှာတော့ ဟိမဝန္တာတောင်တန်းပေါ်မှာ အရှားပါးဆုံးပန်း စာရင်းဝင်သော စံပယ်နက် ပန်းပင်အချို့ ရှိနေသည်။

ပန်းပင်များမှ စံပယ်နက် ပန်းသုံးပွင့် ပွင့်နေလေရာ ရနံ့များက ဝတ်ဝန်းကျင်တစ်ခုလုံး ပြန့်နှံ့နေသည်။

အမှန်တော့ စံပယ်နက်မှာ သူမ၏သင်္ကေတဖြစ်သည်။

အခြားယောဂီသူတော်စင်များက ထိုနေရာသို့ ရောက်လာပြီး စံပယ်နက်ရနံ့များ ရပါက ဂူအတွင်းမှ မေတ္တာနှင့် သက်ဆိုင်သော ယောဂကျင့်စဉ်ကို ကျင့်နေသည့် အမျိုးသမီးတစ်ဦး ရှိနေမှန်း သိပြီး ထိုနေရာမှ ရှောင်ဖယ်သွားကြပေသည်။

အမှန်တော့ စံပယ်နက်ပန်းခြင်းကို ချိတ်ဆွဲထားခြင်းမှာ သင်္ကေတတစ်ခု ပြထားခြင်းသာဖြစ်ပေသည်။

သူမကို ရှာရန် တောင်ပေါ်သို့ တက်လာသော ဒေါက်တာမင်းထင်ကျော်မှာလည်း အတော်ဝေးဝေးနေရာမှပင် ထိုပန်းရနံ့များကို ရသောကြောင့် သူမ ရှိရာ ဂူပေါက်ကို အလွယ်တကူ ရှာ ဖွေတွေ့ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ဂူပေါက်ဝမှာ ချိတ်ဆွဲထားသည့် စံပယ်နက် ပန်းခြင်းကို တစ်ချက်ကြည့်ပြီး ဂူအတွင်းသို့ ဝင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူဝင်လာမှန်း သိတော့ မဟူရာက နေရာမှ ထပြီး လှည့်ကြည့်လေသည်။

"မဟူရာ. . ."

ဒေါက်တာမင်းထင်ကျော်က အနီးသို့ လျှောက်သွားပြီးနောက် သူမကိုယ်လေးကို ထွေးဖက်ထားလိုက်သည်။

"ဘာဖြစ်လို့ အခုလို ရှောင်ပြေးရတာလဲကွယ်"

"ကျွန်မဘဝက မသန့်စင်တော့ပါဘူး၊ မောင်နဲ့ မထိုက်တန်တော့ပါဘူး၊ ဒါကြောင့် ဟိမဝန္တာကို ပြန်လာခဲ့တာပါ"

"မောင် မဟူရာအပေါ်မှာ ချစ်တာ ရုပ်ခန္ဓာ လှပတာကို မက်မောလို့ ချစ်တာမဟုတ်ပါဘူး၊ မဟူရာ့ရင်ထဲက ဖြူစင်တဲ့ မေတ္တာတရားကိုပဲ တန်ဖိုးထားတာပါ၊ မဟူရာ ဘယ်လိုဘဝမျိုးရောက်ရောက် မောင် ခွင့်လွှတ်ပေးနိုင်ပါတယ်၊ အရင်ကလိုပဲ ချစ်နေနိုင်ပါတယ်"

"မောင် တကယ်ပြောတာလားဟင်"

"တကယ်ချစ်ကြတဲ့သူတွေအတွက် မေတ္တာနဲ့ ပတ်သက်လာရင် အချစ်နဲ့ ပတ်သက်လာရင် အရှုံးအမြတ် တွက်တာမျိုး မရှိပါဘူး"

မဟူရာက မျက်ရည်စွန်းသောမျက်ဝန်းဖြင့် မော့ကြည့်လေသည်။

ဒေါက်တာမင်းထင်ကျော်က သူမနဖူးပြင်ကို ကြင်နာစွာ တစ်ချက် နမ်းလိုက်ရင်း တိုးတိုးပြောလိုက်သည်။

"မဟူရာရဲ့အချစ်သင်္ကေတဖြစ်တဲ့ စံပယ်နက်သုံးပွင့်ကို ဦးဦးဖျားဖျား နမ်းခွင့်ရတာ မောင်ပဲ မဟုတ်လား၊ ဒီတစ်ချက်တည်းနဲ့တင် မဟူရာ မောင့်အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ သိနိုင်ပါတယ်။





တကယ်တမ်းဆိုရင် မောင်ကသာ မဟူရာအပေါ်မှာ ကျေးဇူးတင်ပြီး တစ်သက်လုံး ကြင်နာသွားရမှာပါကွယ်"

ဟု ပြောလိုက်ရာ မဟူရာက သူ့ရင်ခွင်ထဲသို့ တိုးဝင်လာလေတော့သည်။

ဂူပေါက်ဝမှာ ချိတ်ဆွဲထားသော စံပယ်နက်ပန်းများထံမှ သင်းပျံ့သော ရနံ့များကို လေက သယ်ဆောင်လာရာ ဂူအတွင်းမှာလည်း မွှေးကြိုင်သင်းပျံ့နေလေသည်။

ထိုရနံ့များမှာ သူတို့နှစ်ဦးအတွက် အချစ်၏သင်္ကေတများပင် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(သွေးတာရာနှင့် မရဏတြမ္မာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု။



တပြီးချိန်။ ။(၂၀၁၁)ခုနှစ်၊ စက်တင်ဘာ(၂၄)ရက်၊
စနေနေ့၊ နံနက်(၁၀)နာရီ။



www.burmeseclassic.com